www.burmeseclassic.com

# ဘကြည်ဝေါက်

ပြုံးရှင်သည့်...ငိုတတ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၉၃၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၉၄၀၉၁၁
အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
အကြည်တော်
ပြုံးရွှင်သည်၊ ငိုတတ်သည်/အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၆၄ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ပြုံးရွှင်သည်၊ ငိုတတ်သည်


BURMESE CLASSIC .com





အလှကန့်လန့်ကာ. . .
ဘဝကန့်လန့်ကာ ဖွင့်ကြပါစို့ရဲ့။

×××××



www.burmeseclassic.com

www.burmeseclassic.com



ကြွလာခဲ့ မိတ်သဟာဆွေ
ယနေ့ကြွလာခဲ့ မိတ်သဟာဆွေ
စိတ်အဆာပြေကြစေကြောင်း
ထိပ်ဝဋ္ဌာဘွေ လက်ဆယ်ချောင်းအစုံနဲ့
ဆုမွန်ကောင်း ဆုမွန်ကောင်းတွေတောင်း တောင်းလိုက်ပါ
သဗျာ
အစစအဆင်ပြေပါစေဗျာ
ဘဝဘဝ အသချေတွေနဲ့
ဘဝင်ပြေအောင် တေးပဏ္ဏာသလိုက်တယ်
အလှကန့်လန့်ကာ ဘဝကန့်လန့်ကာ
ဖွင့်ကြပါစို့ရဲ့လေး ဖွင့်ကြပါစို့ရဲ့လေး လေး။

××××

နာမည်တူများရှိခဲ့ပါက ခွင့်လွှတ်ကြပါကုန်။

××××



BURMESE CLASSIC .com





အို စာချစ်သူတို့၊

ဇာတ်စင်တစ်ခုကို အပိုင်းနှစ်ပိုင်းခွဲပြီး မြင်ကြည့်ပါ။

ဇာတ်စင်ရှေ့ မီးရောင်အောက်တွင်တော့ လွန်စွာရွှင်ပျသော လူရွှင်တော်များ ရယ်စရာပြက်လုံးများနှင့် ပရိသတ်အား ရယ်ပွဲဖွဲ့နေလေပြီ။

သူတို့ကို ကြည့်ရှုနေသော ပရိသတ်များမှာ အပူပင်ကင်းမဲ့စွာ ရယ်မောပျော်ရွှင်နေရလေ၏။ လူရွှင်တော်၏မျက်နှာ၊ လူရွှင်တော်၏လေများက ရယ်စရာအတိ။ စိတ်ချမ်းမြေ့စရာအတိ။

ဇာတ်စင်၏နောက် အမှောင်ထဲတွင်တော့၊

×××××



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်စင်၏နောက် အမှောင်ထောင့်တွင်တော့၊

လူရွှင်တော်၏မိန်းမ၊ ယိမ်းသမခမျာ ဖြစ်လေရာ အရပ်လက်သည်နှင့် အသက်ကိုစတေး၍ ရင်သွေးကို မွေးနေရှာသည်။

ဇောချွေးများ၊ လှိုက်တက်နေသော အပူလှိုင်းများ၊ ဆူညံသော မီးစက်သံများ။ ဘယ်လိုမှ သည်းမခံနိုင်သော နာကျင်ခြင်းများကြောင့် အားကိုးရလိုရငြား သံကုန်ခြစ်အော်လိုက်သည်။

"ကိုပြုံးရွှင်ရေ"

×××××





"ကိုပြုံးရွှင်ရေ"

"ဗျ ဗျ"

"ခွန်းထောက်တော်ပဏ္ဏာမကို စသသွားတာဖြင့် ကိုပြုံးရွှင်မှတ်ရဲ့ဗျာ"

"မှန်ရဲ့ကိုတိုင်းကျော်ရေ၊ ကိုသီဟိုရော ပါရဲ့လားဗျာ"

"အခစားမပျက်ပါပဲ၊ ဩော် ဟိုဖက်က ကိုပေါက်လုံး မှတ်တယ်"

"မှန်ရဲ့ ကိုသီဟိုရေ၊ ဇာတ်သဘင်တို့ရဲ့ ထုံးစံအတိုင်း ပထမပိုင်း အပျိုတော်၊ စတိတ်ရှိုး၊ အော်ပရာ၊ ပြဇာတ်ပြီးပြန်တော့ ဟောအခုတော့ အများမျှော်လင့်စောင့်စားနေတဲ့ နှစ်ပါးမြိုင်အလှည့် ကျ



www.burmeseclassic.com

www.burmeseclassic.com



လာပါပြီဗျား"

"အလှည့်ကျတော့လည်း တာဝန်ကျေအောင် ထမ်းဆောင်ရပြန်ပြီပေါ့"

အတွဲညီသော လူရွှင်တော်များကို ပရိသတ်များက မျှော်ငေးနေကြသည်။

"ဩော် တာဝန်ကျေတဲ့နေရာမှာ ပြုံးရွှင်မိန်းမ ဘယ်လောက်တာဝန်ကျေတယ်ဆိုတာ"

လူရွှင်တော်ပြုံးရွှင်က ဝတ်ထားသော တိုက်ပုံကို ကော်လံထောင်ရင်း ပြောသည်။ ပရိသတ်များက ပြုံးရွှင်၏ရုပ်ခံကိုကြည့်ပြီး ရယ်ချင်ချင်။

"ပြုံးရွှင်မိန်းမတို့များ တာဝန်ကျေပုံပြောရရင် သူ့မိန်းမက ဒီဇာတ်က ယိမ်းသမဗျ"

"ဩော် ခင်မြရီလေးကို ပြောတာလား"

"အေး အဲဒီခင်မြရီလေး၊ သူက စင်ပေါ်မှာ ယိမ်းကတုန်းသာ ညကြေးက ဘာမှမရတာ"

"ဆိုပါဦး"

"ယိမ်းကပြီးလို့ ပွဲဈေးထဲ တစ်ပတ်ပတ်လိုက်ရင် ငွေကလေး ငါးထောင်မျိုး ပါလာတာဗျ"

သီဟိုဠ်၏အပြော ပြုံးရွှင်၏ရုပ်ခံကြောင့် ပရိသတ်များ ဝါးခနဲ ပွဲကျသွား၏။ ဒါကို ပြုံးရွှင်မှဆက်၍

"ဩော် ဒါကတော့ကွာ ပွဲဈေးမှာ ရွှေဘောလုံး သွားကစားတာလေ၊ သူနိုင်လာလို့ဖြစ်မှာပေါ့"

"မင်းကလည်း ရွှေဘောလုံးသွားကစားတယ်သာ ပြောတာ ဆံထုံးတွေက ပြေလို့"

ပရိသတ်ရယ်သံ ကြားရပြန်သည်။





"အိုကွာ ဒါကတော့ တိုးရကြိတ်ရတာကိုး၊ တစ်ယောက်နဲ့ တစ်ယောက် တိုးမိကြိတ်မိတော့ ဆံထုံးက ပြေတော့တာပေါ့"

"ဆံထုံးပြေတာ ထားပါတော့၊ လိမ်းထားတဲ့ မိတ်ကပ်တွေလည်း ပျက်လို့"

ပရိသတ်များ ဝါးခနဲ ပွဲကျသွားပြန်သည်။

"အိုကွာ ဒါကတော့ လူကြားထဲဆိုတော့ ပူတယ်လေကွာ၊ ဒီတော့ မိတ်ကပ်တွေကကွက်ပြီး ပျက် ပျက်တော့တာပေါ့"

"မိတ်ကပ်ပျက်တာလည်း ထားပါတော့၊ ဝတ်ထားတဲ့အင်္ကျီတွေ၊ ထဘီတွေမှာ ဖုန်တွေသဲတွေလည်း ပေလို့"

ပရိသတ်က ပွဲကျပြန်သည်။ ပြုံးရွှင်မှာ ဘာမှမတတ်နိုင်တော့။ ရုပ်ခံဖြင့်သာ လုပ်နေရသည်။

ပြုံးရွှင်က အခံရုပ်ကောင်းသည်။ နဂိုမျက်နှာကြီးက ပြုံးရွှင်နေသည်မို့ ပရိသတ်က သူခံရတိုင်း ပွဲကျ၏။ ပရိသတ်ရယ်သံစဲမှ ပြုံးရွှင်က၊

"အေး ငါ့မိန်းမခင်မြရီက ပွဲ

"အေး ငါ့မိန်းမ ခင်မြရီက ပွဲဈေးအမှောင်ထောင့် ကန်သင်းရိုးမှာ သွားအိပ်လာတာဟေ့၊ သွားအိပ်လာတာ၊ မှတ်ပြီလား အဲကြောင့် ဝိုက်ဆံရလာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဈေးအမှောင်ထောင့် ကန်သင်းရိုးမှာ သွားအိပ်လာတာပေါ့၊ သွားအိပ်လာတာ၊ မှတ်ပြီလား၊ ဒါကြောင့် ပိုက်ဆံရလာတာ"

ရှေးသမားစဉ် ပြက်လုံးဟောင်းပင် ဖြစ်လင့်ကစား ပြက်လုံးက အခံအအုပ်ကောင်း၍ ပတ်တုတ်မရအောင် ပွဲကျလေသည်။

ဒါကို နံဘေးနားက လူရွှင်တော်တိုင်းကျော်က နင်းဝင်သေးသည်။

"ကိုသီဟိုကလည်းဗျာ၊ ကိုပြုံးရွှင်ကို ပြောနေလိုက်တာ သုံးမရတဲ့နွားကြီး ကျနေတာပဲ၊ အမှန်တော့ ဒီလိုမဟုတ်ဘူးဗျ၊ မှန်းစမ်း ကိုပြုံးရွှင် ခင်ဗျားရဲ့ပါးစပ် ဟစမ်း"

ပြုံးရွှင် ပါးစပ်ဟသည်။ ဒါကို တိုင်းကျော်က တစ်ဆင့်တက်၍၊

"ပြစမ်းပါဦး၊ ခင်ဗျားခြေထောက်"

"ဘာလို့လဲကွ"

"ပြမယ့်သာပြစမ်းပါ"

ပြုံးရွှင် ခြေထောက်မြှောက်ပြလိုက်သည်။ ထိုတော့မှ တိုင်းကျော်က၊

"ဟုတ်ပါ့ကွာ"

"ဘာတုန်းဟ"

သီဟိုက ဝင်ထောက်သည်။

"ဒီကောင်ကြီး ခွာနာလျှာနာဖြစ်နေတာ"

ပရိသတ် သဘောပေါက်ပြီး ဝါးခနဲရယ်ပြန်သည်။ ဒါကို တွဲဖက်လူရွှင်တော် ပေါက်လုံးက ပြေးလာပြီး

"ဟာ မင်းပြောမှ ပိုဆိုးကုန်ပြီ၊ ကဲ ကဲ ကိုပြုံးရွှင် ဟိုဖက်နည်းနည်းရွှေ့"

"ဘာလုပ်ဖို့တုန်းဟ"





"ခင်ဗျားပါထားတဲ့ နွားချေးလေး ကျုံးချင်လို့"

ခံနေရသော ပြုံးရွှင်ကိုကြည့်၍ ပရိသတ်များ အူလှိမ့်အောင် ရယ်နေရသည်။

"ကဲ အစ်ကိုတို့ရေ၊ ရယ်စရာမောစရာတွေချည်း ပြောလို့ မပြီးသေးပါဘူး၊ ပရိသတ် မျှော်လင့်စောင့်စားနေတဲ့ ခေါင်းဆောင်မင်းသားချောလေး ပြည်သူချစ် မင်းနောင်နောင်ရဲ့ အလှည့်ကိုလည်း ပရိသတ်က မျှော်လင့်စောင့်စားနေကြပါပြီ"

"ကဲ အဲဒီတော့ ပြည်သူချစ် မင်းနောင်နောင် အဆိုအကကို မြင်ရဖို့ ခေါ်ဗျာ ကိုပြုံးရွှင်"

"စိန်မြရုံခြယ် သွယ်တဲ့ပုလဲ"

"ချိန်ဆရန်မလို ပရိသတ်အသည်းပါဆိုတဲ့"

"မင်းသားလေး ပြည်ချစ်မင်းနောင်နောင်ရေ"

"ပရိသတ်များ စောင့်စားနေပြီမို့"

"ဘယ်လောက်တောက်ကြွားသလဲဆိုတာပြ"

ဆိုင်းသံနှင့်အတူ ပြည်ချစ်မင်းနောင်နောင်ဆိုသူ ကန့်ကလျနှင့် ထွက်လာသည်။

မန္တလေးနိုင်သူက လူရွှင်တော်ပြုံးရွှင်။ ကမန်းကတန်းပင် စင်အောက်ပြေးဆင်းပြီး ဇနီးသည်မီးဖွားရာ စောင်အစုတ်များနှင့် ကာရံထားသော အခန်းဆီ ပြေးသွားသည်။

အခန်းသင့်ပင် မီးဖွားရခက်ခဲ၍ ရလိုရငြား အော်ဟစ်နေသော ဇနီးသည်နှင့် အော်သံထပ် တူကျသွားသည်။

"ကိုပြုံးရွှင်ရေ"

"ဘာတုန်းဟ"

ပြုံးရွှင်က အာလုပ်သံကြီးနဲ့ ပြန်ထူးသည်။ ဒါကို နာကျင်လွန်း၍ ဒေါသထွက်နေသော ဇနီးက၊



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အလေလိုက်နေလဲ၊ ဘယ်မှာသွားသေနေလဲ၊ ဒီမှာ မီးဖွားနေတာမသိဘူးလား၊ အား ကျွတ် ကျွတ်"

"ဟယ် ဒီမိန်းမနှယ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းများလား ကွယ့်၊ ဒီလောက်အပြောအဆို ယဉ်ကျေးနေတာ၊ နှစ်ပါးထွက်လို့ နှစ်ပါး ကနေရတာပေါ့ဟ"

"မကနဲ့၊ ဒီမှာ အား ရှင်လုပ်ထားတဲ့ကိစ္စ ရှင်လာရှင်း၊ အား"

ပြုံးရှင် မျက်ခုံးအစုံ မြင့်တက်သွား၏။

"ဟဲ့ ငါက ဘာလုပ်မိလို့ ဘာဝင်ရှင်းရမှာတုန်း"

"အား ဘာအခုမှ မသိ မသိချင်ယောင်ဆောင်နေတာလဲ၊ အား ဒီမှာ ကလေး ကလေး ဗိုက် ဗိုက် ရှင်လုပ်ထားတဲ့ကိစ္စ၊ အား"

ပြုံးရှင် ထရံကွယ်မှ ခေါင်းကုတ်သည်။

"နှစ်ဦးသဘောတူလေကွယ်၊ တကတည်း"

သူတို့ပြောနေသည်ကို ကြားပြီး အရပ်လက်သည်မှာ ရယ်ရ မလား၊ ငိုရမလားမသိ။

"ဘာ နှစ်ဦးသဘောတူလဲ၊ ကျွန်မက မဆတ်ဆော့နဲ့ဆိုတာ ကို ရှင်က ဆတ်ဆော့ပြီး အား"

စကားပင်မဆုံးလိုက်၊

"အူဝဲ အူဝဲ အူဝဲ"

"ဟော"

အော်သံပင် မဆုံးလိုက်၊ ကလေးငိုသံကြားရသည်။

မည်သို့ပင်ဖြစ်စေ ယောကျ်ားအသံကြား၍ အားတက်သွား သည်ထင့်။ ကလေးကို လွတ်လွတ်ကျွတ်ကျွတ် မွေးနိုင်သည်။

"ဟာ မွေးပြီကွ၊ မွေးပြီ၊ ဒေါ်ကြီးအေးတု ဘာလေးလဲဗျ"

"မိန်းကလေးဟေ့ မိန်းကလေး"

ပြုံးရှင် ဝမ်းသာသွားသည်။





"ဟေး မိန်းကလေးတဲ့ဟေ့၊ မိန်းကလေးတဲ့၊ ပြုံးရှင်တို့ လူဖြစ် ပြီဟ၊ ဟား ဟား ဟား"

ဆိုကာ စင်ပေါ် အော်ဟစ်၍ ပြေးတက်သွားသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



"စိန်မြရံခြယ် သွယ်တဲ့ပုလဲ ပြည်ချစ်အသည်းလေး မင်းနောင်နောင်"

မင်းသားက သူ့သီချင်းနှင့်သူ ပရိသတ်အား ကြာပစ်ပြီး ငြိမ့်နေ၏။

"ပရိသတ်လက်ခုပ်သံကြား မြူးတူးပျော်ပါး"

"မိန်းကလေးကွ၊ မိန်းကလေး၊ ဟား ဟား ဟား"

မင်းသားက စင်ပေါ်မှာ ငြိမ့်နေတုန်း အထက်ပါအော်သံကြီးနှင့် အားရဝမ်းသာ ပြေးတက်လာသော ပြုံးရွှင်ကိုမြင်တော့ အံ့အားသင့်ကာ ရပ်သွားသည်။ ပြုံးရွှင်ကတော့ အပျော်လွန်နေ၍ သတိထားမိပုံမပေါ်။ စင်ပေါ်မှာ ခုန်ဆွခုန်ဆွလုပ်ရင်း၊





"သူငယ်ချင်းသီဟိုရေ မိန်းကလေးတဲ့ကွ၊ မိန်းကလေးတဲ့၊ ဟားဟား"

ပရိသတ်များကလည်း ပြုံးရွှင် ပြက်လုံးထုတ်တာမှတ်ပြီး ကြောင်ပြီးကြည့်နေကြသည်။ လူရွှင်တော်များပင် ပြုံးရွှင် တာအရှုးထလာသည်မသိဘဲ ငေးနေကြသည်။

ပြုံးရွှင်က ဝမ်းသာအားရပင် မင်းသားကိုမြင်သည်နှင့်

"မိန်းကလေးဗျ၊ မိန်းကလေး"

ဆိုကာ မင်းသားကို လက်ညှိုးထိုးပြီး ပြေးဝင်သွားရာ နဂိုအခြောက်ဓာတ်ခံ မင်းသားမှာ သူ့အားလက်ညှိုးထိုး၍ မိန်းကလေးဟု အော်ဟစ်ပြေးဝင်လာသော ပြုံးရွှင်အပြုအမူကို သည်းမခံနိုင်တော့ဘဲ၊

"အင်းဟာ၊ မိန်းကလေး ဦး"

ဟုဆို၍ ပြေးဝင်လာသော ပြုံးရွှင်ရင်ဝ ဖနောင့်နှင့်ပေါက်ချလိုက်ရာ အင့်ခနဲမြည်သံနှင့်အတူ ပြုံးရွှင်မှာ ဒလိမ့်ခေါက်ကွေးကြီး စင်အောက် ဆိုင်းကျင်းထဲ ကျသွားလေတော့သည်။

ထိုတော့မှ ပရိသတ်များကလည်း ခံနေကျ ပြုံးရွှင် ပြက်လုံးထုတ်သည်မှတ်ပြီး ဝမ်းသာအားရ ရယ်မောကြလေတော့သတည်း။

××××



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော် တောင်းပန်ပါတယ် မင်းသားရယ်"

ခုတင်ပေါ်တွင် မင်းသားမှူပြီး တစ်ဖက်လှည့်ထိုင်နေသည်။ ပြုံးရွှင်က ခုတင်ခြေရင်းတွင် ဒူးထောက်ထိုင်ရင်း မင်းသားခြေထောက်ကိုင်၍ တောင်းပန်နေရ၏။ အေးလေ ဒီမင်းသားရှိလို့ ဒီဇာတ်အဖွဲ့ဖြစ်လာတာကိုး။ ဒီဇာတ်အဖွဲ့ရှိလို့ ဒီလူရွှင်တော်၊ လူကြမ်း၊ ယိမ်းသမ၊ ကားဆွဲအဆုံး အူစိုနေကြတာပဲလေ။

အသက်အရွယ်အရဆိုလျှင် လူရွှင်တော်က လူကြီး၊ မင်းသားက လူငယ်။ ဇာတ်စင်ဝါအရလည်းကြီးပါရဲ့။ နို့ပေမယ့်၊

"ကျွန်တော့်မိန်းမ ခင်မြရီ သမီးလေးမီးဖွားလို့ ပျော်လွန်းပြီးဖြစ်သွားတာပါဗျာ၊ တကယ့်ကို ဘာမှမရည်ရွယ်ပါဘူး"





မင်းသားက သက်ပြင်းချသံကြားရ၏။ အနည်းငယ် စိတ်ပြေသွားပုံ။ နောက် နှုတ်ထွက်စကားဆို၏။

"အဲဒါကြောင့် မိန်းမ,မယူချင်တာ"

"ယောက်ျားပဲယူ"

"ဘာ"

"အဲ အဲလေ"

လူရွှင်တော်သန္ဓေအရ ဘောက်လုံးကထွက်လိုက်သေး။ အမြန် ပါးစပ်ကို ဘရိတ်အုပ်ပြီး၊

"ဟို ဟိုလေ မင်းသားက ယောက်ျားချောလည်း ချောပါတယ်လို့၊ အဲ ဟဲ အဲ အဲဒါပြောတာ၊ အဲဒါ"

"သေနာကြီး၊ မျက်နှာပိုးကိုက"

ယောက်ျား၏ နှုတ်ထွက်စကားထဲတွင် ရှားပါးပါသည်။ နောက် ယောက်ျားများ မလုပ်တတ်သော နှုတ်ခမ်းကြီးကို စူလို့။

"သွား၊ ကိုယ့်အခန်းကိုယ်ပြန်"

"ဟုတ် ဟုတ်ကဲ့"

မင်းသား စိတ်ဆိုးပြေပြီမို့ ပြုံးရွှင် နောက်ဆုတ်နောက်ဆုတ်နှင့် ပြန်ထွက်လာရသည်။

××××



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်နှင့်ခင်မြရီတို့ သမီးလေးရှေ့ ခေါင်းတွေ စုပြုံတိုးဝှေ့နေကြသည်။ လုပ်ဖော်ကိုင်ဖက် လူရွှင်တော်တိုင်းကျော်က

"အေး ပြုံးရွှင်သမီးသာဆိုတယ်၊ နဖူးက နောက်ပိုင်း မင်းသားကြီး ဦးအောင်ထူးနဖူးဗျ"

သူ့စကားကို ပေါက်လုံးက အကျအနကောက်၍

"နဖူးတင်လားကွာ၊ နှာခေါင်းက လူကြမ်းဓားဖိုးနီနှာခေါင်းကြည့်ပါလား အကြီးကြီးကို"

သီဟိုကပါဆက်၍

"ဟော့ကောင်တိုင်းကျော် ပါးစပ်က မင်းပါးစပ်ကွ၊ ကြည့်စမ်းပြပြကြီး"





မင်းတို့ကလည်း ပြုံးရွှင်သမီးကြည့်ပြီး လူတိုင်းနဲ့ လိုက်တူခိုင်းနေတာ၊ ပြုံးရွှင်နဲ့ကျတော့ ဘယ်နေရာမှ ပေးမတူဘူးလား။

"စင်နောက်မှာ တစ်ခါတည်းပါ၊ အာ မင်းကလည်း နောက်နေပြန်ပြီ၊ ခြေဆစ်လက်ဆစ်က မင်းအဆစ်အပေါက်ကွ"

"ဒါကတော့ မင်းကလည်းကွာ၊ ခင်မြရီလည်း အမှောင်ထဲမှာ အိမ်သာကအပြန် ငါလည်း ရေချိုးဖို့ ဆပ်ပြာတုံးအရှာ အဲဒီမှာ ဟင် ဟင် မဟုတ်သေးပါဘူးကွာ၊ အဲ ကြည့်စမ်း မျက်လုံးလေးတွေက ပေါက်လုံးမျက်လုံးကွ၊ ပြူးပြူးလေး"

"ပြူးမှာပေါ့ကွ၊ ခင်မြရီနဲ့ငါ ပြူးပြီးမွေးထား၊ အာ ဟုတ်ပါဘူးကွာ၊ မင်းတို့ကလည်း ပြုံးရွှင်သမီးကြည့်ပြီး လူတိုင်းနဲ့ လိုက်တူခိုင်းနေတာ၊ ပြုံးရွှင်နဲ့ကျတော့ ဘယ်နေရာမှ ပေးမတူဘူးလား"

အားလုံးခေါင်းတွေ နကိုပြုံးရွှင်နေသော ပြုံးရွှင်ဖက် လှည့်လာကြသည်။ ပြီးနောက် ခေါင်းခါပြီး

"ဘယ်နေရာမှ မတူဘူး"

"ယောကျ်ားနဲ့မိန်းမချင်းကို မတူတာ"

ထိုအခါ သည်းမခံနိုင်ရှာ၍ ထင့် မီးဖွားပြီးခါစ ခင်မြရီက အာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခြစ်၍၊

"အလိုတော်၊ ကိုပြုံးရွှင်နဲ့မတူလို့ ကိုပြုံးရွှင်သမီးဆိုတာ မသေချာရင် နေကြ၊ ကျုပ်မွေးထားတဲ့သူဆိုတော့ ကျုပ်သမီးဆိုတာတော့ သေချာတယ်"

အားလုံး ခေါင်းညိတ်ကျေနပ်သွားကြသည်။

ဟုတ်ပ။ ပြုံးရွှင်သမီးက လူရွှင်တော်ပြုံးရွှင်နှင့်မတူဘဲ မင်းသမီး ရုပ်လေး။ လှလို့။

×××××







"မကပါနဲ့ဦးလား မိန်းမရယ်"

မှန်အကွဲရှေ့ ပေါင်ပေါ်ကလေးတင် နိုတိုက်ရင်း အပေါ်စား မိတ်ကပ်များ မျက်နှာပေါ်ဖို့တင်နေသော မိန်းမကိုကြည့်၍ ကိုပြုံးရွှင်က ဆိုသည်။ မိန်းမက မှန်ထဲကပင် သူ့ကို စောင်းငဲ့မကြည့်ဘဲ

"မကလို့ဖြစ်မလား၊ အခုတင် ကလေးမွေးထားလို့ နားနေ တာ ဆယ်ရက်လောက်ရှိပြီ၊ မန်နေဂျာရော မင်းသားပါ ကိုယ်ဝန်ရင့် တုန်း နားနေတာရယ်၊ ဇာတ်ကတုန်း ကလေးမွေးတာရယ် အခုနား နေလို့ အလကား ထမင်းကျွေးနေရတယ်ဆိုပြီး သိပ်ကြည်လင်တာ မဟုတ်ဘူး၊ ဒီထက်ဆက်နားရင် ဇာတ်ထဲက ကန်ထုတ်ခံရလို့ ဟုတ်မှာ ဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင် သက်ပြင်းချသည်။ မှန်ပေ၏။ ခင်မြရီ ကိုယ်ဝန်နှင့် ကတည်းက ဇာတ်ဆရာကို ခြေသလုံးဖက် တောင်းပန်ပြီး အနားယူနိုင်းခဲ့သည်မဟုတ်လား။ နောက် ဇာတ်သဘင်ထုံးစံအရ ဇာတ်ကတုန်း ကလေးမွေးသည်ကို သိပ်မကြိုက်ကြ။ ဇာတ်ထဲတွင် မရှိမဖြစ် အသုံးတည့်နေ၍သာ အောင့်အီးသည်းခံထားခြင်းဖြစ်သည်။

သွေးနုသားနုနှင့်မို့ ပေးလည်းမကာစေချင်၊ မကလျှင်လည်း ပြဿနာက ရှိလာနိုင်သည်မို့ ဘေးကြပ်နံကြပ်ဖြစ်နေပြီ။ မည်သို့လုပ်ရမည်ကိုလည်း ဉာဏ်မမီ။

"ဒါဖြင့်လည်း အပို့တော်တော့ မကပါနဲ့လား မိန်းမရယ်၊ အပို့တော်က ပင်ပန်းလွန်းလို့ပါ"

သူ့စကားကို မိန်းမဖြစ်သူက လိမ်းပြီးသော မိတ်ကပ်ဗူးကို ဘောက်ခနဲ ပစ်ချပြီး၊

"ကမှဖြင့် တစ်ညလုံးကရမှာပေါ့။ ဟိုနေရာမကဘူး၊ ဒီဟာမကဘူးလို့ ဖြစ်မလား၊ တော်ကြာ ဘာမှမဟုတ်ဘဲ ကြေးထူနေတယ် ဆိုပြီး ကန်ထုတ်လိုက်မှဖြင့်"

သက်ပြင်းသာချနိုင်သည်။

"ခင်မြရီရေ ကန်တော့ပွဲရွက်ရမယ်ဟေ့"

"လာပြီ"

အော်သံနှင့်အတူ ပေါင်ပေါ်မှကလေးကို ပြုံးရွှင်လက်ထဲ ထိုးထည့်ပေးလိုက်ပြီး၊

"ရော့ ခဏကြည့်ထား၊ ပြန်လာမှယူမယ်"

ကလေးက သူ့လက်ထဲရောက်လာသည်။ ကလေးငယ် ပါးစပ်က မိခင်နို့ရည်ကို မျှော်လင့်တုန်း။

"အား ကျွတ် ကျွတ် နို့အုံကလည်း တင်းလိုက်တာ"

ခင်မြရီ ထဘီကို ခပ်တင်းတင်းချည်လိုက်သည်။





စင်ရှေ့ မီးရောင်အောက်တွင်တော့ မင်းသမီး။ စင်နောက်မှာတော့ သားသည်မိခင်။ သားသမီးကို အပြည့်အဝ ချစ်ချင်သော်ငြား အလုပ်ကား ရှိလေပြီ။ စင်ရှေ့ထွက်၍ လူတကာငေးကြည့်ရရှာသော မင်းသမီး လုပ်ရပေဦးမည်။

"ခင်မြရီ"

"လာပါပြီတော်၊ တကတည်း ခေါ်နေလိုက်တာ သေတော့မှာ ကျနေတာပဲ"

"ဟဲ့ ဟဲ့ ခင်မြရီ နင့်မလဲ နှုတ်အာက ဓားပြလက်ထဲက သာလိကာကျနေတာပဲ ကြမ်းလိုက်တာဟာ"

"အသာနေစမ်းပါ သေချင်းဆိုးရဲ့"

ဆိုကာ ထဘီမနိုင်ပဝါမနိုင် စင်ပေါ် ပြေးတက်သွားလေသည်။ ချစ်ခင်ကြင်နာလို့ အနေနီးစပ်လို့ ရထားတဲ့ မယားကျော့ပြင်ကို ကြည့်၍ ပြုံးရွှင် ပြုံးရွှင်စွာ သက်ပြင်းချမိသည်။

××××××



www.burmeseclassic.com

www.burmeseclassic.com



"ပျိုတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင်၊ နှင်းဆီခိုင်၊ ပျိုတိုင်းပျိုတိုင်း ကြိုက်လိုက်ပါတဲ့ နှင်းဆီခိုင်၊ နှင်းဆီခိုင်"

"အဲ့ အဲ့ အဲ့ အဲ့"

ဆိုင်းသံဝိုင်းသံနှင့်အတူ မိခင်နို့ရည် အပြည့်အဝ မသောက်စို့ရရှာသော ကလေးငယ်ထံမှ ငိုသံသဲ့သဲ့။

"အဲ့ အဲ့ ဝါး"

ကလေးငယ်ငိုသံကြားတော့ ပြုံးရွှင် ဘာလုပ်ရမှန်းမသိ။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်။ နောက်

"ဟဲ့ ဟဲ့ ကလေးကငိုပြီ၊ ရေတိုက်ရမှာလား၊ အနှီးပြင်ပေးရမှာလား၊ ဟဲ့ ခင်မြရီ"





လန့်အော်မိပြီး နံဘေးနားက ရေဗူးကို လှမ်းဆွဲ၊ မိတ်ကပ်ဗူး တိုက်မိနှင့် ရှုပ်ယှက်ခတ်နေသည်။

"အဲ့ အဲ့ ဝါး ဝါး"

ကလေးငယ်၏ အာခေါင်ခြစ်ငိုသံ။ ပြုံးရွှင် ပို၍ပြာတက်သွားပြီး၊

"ဟဲ့ ဟဲ့ ခင်မြရီ ခင်မြရီ၊ ဒီမှာ နင့်သမီး ဘာဖြစ်လဲ မသိဘူး၊ ခင်မြရီ"

"သောက်တော်ဘူးရယ်တဲ့ အိုမကွာ၊ အိုမကွာ၊ မင်းကျော်စွာလို့ မကျော်လား၊ ဘေးရပ်ကရှား"

အပျိုတော်ကနေသော ကလေးမိခင် မကြားနိုင်။ ပျော်နေလား၊ မပျော်နေလားတော့မသိ စင်ပေါ်တွင်တော့ ချွေးဒီးဒီးကျအောင် ခုန်ပေါက်နေရှာသည်။

"အဲ့ အဲ့ အဲ့"

"ဩော် ဒီမိန်းမနှယ် ကလေးငိုနေပါတယ်ဆိုမှ သူ့မှာ လာက, ပြနေသေး၊ ကဲ လာ လာ သမီးအမေ ဆတ်ဆလူးထတာ ကြည့်ရအောင်"

ဆိုကာ ကလေးငယ်ကို ပွေ့ချီရင်း ဇာတ်စင်ထောင့်သို့ တက်သွားလေသည်။

ဇာတ်စင်ထောင့်မှ ကလေးငယ်ကို ပေါင်ပေါ်တင် နှစ်လုံးမြေကျထိုင်ပြီး

"ကြည့်စမ်း သမီးလေး၊ မင်းအမေ ဘာလက်ပံ့နေတာ (ယိမ်းသမကနေတာ)"

ဇာတ်ပွဲကနေတာကြည့်ပြီး ကလေးငယ် အငိုတိတ်တော့သည်။ သူ့ခမျာ လူ့လောကထဲရောက်တာပင် မကြာသေး၊ အသုံးအဆန်းတွေမြင်တွေ့နေရ၍ ကြောင်ငေးနေရပုံပေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးမှာ မင်းမေမေ မင်းသမီးလေ၊ တွေ့လား သမီး"

ကလေးငယ်က ကြည့်တတ်လား၊ မကြည့်တတ်လားမသိ တအဲ့အဲ့မြည်သံပေးရင်း ငြိမ်သက်နေလေသည်။

"ကိုကြီးကျော်ပလီလွန်းတယ်၊ မောင်ကြီးကျော်ပလီလွန်းတယ်၊ ဆေးစိုက်တဲ့(ဆေးကြိတ်တဲ့) ဆေးစိုက်တဲ့ (ဆေးကြိတ်တဲ့)ကျွန်း"

××××.







ခင်မြရီတစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေ၏။ နှိုအုံမှနို့ရည်များလည်း စိမ့်ထွက်နေသည်။ ခေါင်းထဲမှာလည်း မိုက်ခနဲမိုက်ခနဲ။

ခြေလက်များကလည်း မသယ်ချင်မလှုပ်ချင် ဖြစ်နေသော်လည်း တာဝန်အရ အားကုန်ဆွဲလွဲပြီး ကခုန်နေရသည်မို့ တုန်ယင်နေလေပြီ။

"လောင်းစရာတွေ ရွှေမရှားပါဘူး၊ လောင်းစရာတွေ ငွေမရှားပါဘူး"

သီချင်းပြီးဆုံးရန်သာ ဆုတောင်းနေရရှာသည်။ ခင်ပွန်းသည်က တားမြစ်သည့်ကြားက ဝင်ကမိသော သူ့ကိုယ်သူသာ အပြစ်တင်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိသမျှ အားတင်းထားသည်။ သို့သော်

"ကိုကြီးကျော် ပလီလွန်းတယ်၊ မောင်ကြီးကျော် ပလီလွန်းတယ်"

ခေါင်းထဲမှ မိုက်ခနဲ။ အရာရာ မှောင်မည်းသွားသည်။ အသိဉာဏ်က လွင့်ခနဲ။

"ဒုန်း"

"ဟာ"

"လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ခင်မြရီ စင်ပေါ်လဲလို့"

"ဟာ သမီးမေမေ သမီးမေမေ"

"ဟေ့ ကန့်လန့်ကာချကြလေ၊ ကန့်လန့်ကာချ"

"မီးတွေမှိတ်ချလိုက်လေ၊ ဘာလုပ်နေတာလဲ"

အားလုံး ရုတ်ရုတ်သဲသဲ။

ဇာတ်ဆရာ၏အသံက

"တောက် ဒီမိန်းမ ဒုက္ခပေးတယ်၊ ကျက်သရေကိုမရှိဘူး"

xxxxx





"ခင်မြရီ ခင်မြရီ"

ခေါ်၍မရတော့။

"ခင်မြရီ ခင်မြရီ ထလေ ထ"

ခြေလက်များ ကောက်ကွေးနေသည်။ ခန္ဓာကိုယ်တစ်ခုလုံးက အေးစက်နေ၏။

"ဟေ့ ဟေ့ ဘာလုပ်နေကြတာလဲ၊ အနောက်ထဲဆွဲသွင်းသွားစမ်း၊ ကစရာရှိတာ ဆက်ကကြ၊ ပွဲအပျက်ခံလို့မဖြစ်ဘူး"

ဇာတ်ဆရာ၏အော်သံ။

"ဟေ့ ဟေ့ ပွဲကြပါဟ၊ စင်ပေါ်ကဖယ်ရအောင်"

"ပြုံးရွှင် မင်းမိန်းမကိုပွေ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီမှာကလေးကို ပွေ့ထားရတာ၊ ဘယ့်နှယ်ပွေ့ရမှာလဲ၊ ပေါက်လုံး၊ သီဟို ကူညီပါဟ"

"အေး အေး နောက် မင်းမိန်းမကို ပြန်စစ်လို့ ငါတို့လက်ဗွေရာပါလာရင် ငါတို့အဆိုးမဆိုနဲ့"

"မင်းတို့ကလည်းတမျှောင့်"

ခင်မြရီကို ပွေ့၍ စောင်စုတ်ကာသောအခန်းထဲ ပြန်ထည့်လိုက်သည်။

"ခင်မြရီ ခင်မြရီ"

"ခြေချောင်းလက်ချောင်းတွေ နှိပ်ပါဟ"

"ပထဝီကြောကိုကိုင်ပါ"

"ရင်တော့ခုန်နေသေးသကွ၊ ဒါဆို မသေသေးဘူး"

အားလုံးသိသလောက် မှတ်သလောက် ဝိုင်းကူကြပါသည်။ ပြုံးရွှင်ကတော့ ခါးထစ်ခွင် ကလေးငယ်နှင့် ခြေမကိုင်မိ လက်မကိုင်မိ။

"လုပ် လုပ်ကြပါဦးဗျာ၊ ခင် ခင်မြရီ ဘာဖြစ်တာလဲမသိဘူး"

သူ့စကားကို တိုင်းကျော်က

"အေးလေကွာ လုပ်နေတာပဲ၊ သူဟာ ဘာဖြစ်မှန်းမှ မသိတာ၊ သွေးနုသားနုနဲ့ နတ်ကတော်ကရင်း အပများ မှီသွားတာလား"

"ကိုသီဟို၊ ကိုသီဟို ခင်ဗျားက ရှေ့မှီနောက်မှီပဲဗျာ၊ တစ်ခုခု လုပ်ပေးပါဦး"

သီဟို မျက်မှောင်ကြုတ်စဉ်းစားလိုက်သည်။

"နေဦးကွ၊ ခင်မြရီက ဘာနေ့သမီးလဲ"

"ဩော် ခင်မြရီဆိုမှ တနင်္လာသမီးပေါ့ဗျ၊ ခင်ဗျားကလဲ"

သီဟို မေးပွတ်နေသည်။

"တနင်္လာဆိုတော့ စပွတ်ကအညွန့်၊ အောင်လံထူစစ်သူကြီး





စကားပင်
ဆုံးအောင်မပြောနိုင်၊
ကလေးကို
တစ်ပါးသူ လက်အပ်ပြီး
စင်ပေါ်
ပြေးတက်သွားရသည်။

ပွဲ၊ အင်းပွဲက ကြာသပတေး"

အားလုံးက သူ့စကားကို နားစိုက်နေကြသည်။ သူက ရှေ့မှီနောက်မှီကိုး။ ပေဒင်ယတြာလည်း တီးခေါက်မိသည်။ ဇာတ်သူဇာတ်သားနာမည် အားလုံးလောက်နီးနီး နာမည်ကို သူပေးထားတာချည်း။

"အေး ငါသိပြီကွ၊ သူက ကြာသပတေးနာမ် ခိုက်နေတာကွ"

ပြုံးရွှင် မျက်လုံးအရောင်လက်သွားသည်။

"ဟေ ဟုတ်လား၊ အဲဒီတော့ ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲဟင်"

"ကြာသပတေးနာမ် ဆိုတော့ မန်ကျည်းရွက်သွားခူး"

"ခူးပြီးရင်"

"သူ့ကိုယ်ပေါ် ကျဲချလိုက်ကွ"

ပြုံးရွှင် ဝမ်းသာသွားသည်။

"ဟေ အဲဒါဆို ငါ့မိန်းမ ခင်မြရီ ပြန်ကောင်းမှာလား"

သီဟို မျက်မှောင်ကြုတ်ရင်း

"ကောင်းမကောင်းတော့ မသိဘူးကွ၊ မန်ကျည်းရွက်တွေ လေထဲဝဲနေတာ သိပ်ကြည့်လို့ကောင်း ဟီဟိ"

"ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင် ထအော်သည်။ အားလုံး လန့်ဖျန့်ပြီး ပြုံးရွှင်ကိုကြည့်သည်။ အမြဲတမ်း ပြုံးရွှင်စွာနေတတ်သော ပြုံးရွှင်ထံမှ ထိုအသံမျိုး မကြားဘူး။

"ငါလူသတ်ချင်နေတာနော်"

သီဟိုက သက်ပြင်းချပြီး

"ဪ ဒါများ ငါက ဘာလဲလို့၊ လက်ထဲက,ကလေး လွှတ်ချလိုက်ရင် ပြီးနေတဲ့ဟာကို"

"ဟေ့ကောင်"

ဝါရင့်လူရွှင်တော်များမို့ စကားကောင်းကိုမထွက်။

"ဟေ့ ဟေ့ ဘာလုပ်နေကြတာလဲ၊ ဟား ငနဲတွေ ကောချိုထစ်ရမှာလေ၊ အမြန်လုပ်ကြပါဟ"

ဇာတ်ဆရာက လာခေါ်ပြီ။ တစ်ခန်းရပ်ဟာသ ကရတော့မှာကိုး။

"သီဟို ပြုံးရွှင်"

"ခင်ဗျ"

"ခင်ဗျ နောက်ထား၊ လူအရင်လာ"

"ဟုတ် ဟုတ်"

ငြင်းပိုင်ခွင့်မရှိ။ သူ့ဆန်စားတော့ ရဲရပေမည်။

"ပြုံးရွှင်"

"လာ လာပါပြီဗျ"

ဆိုရင်း နံဘေးနားက နောက်ပိုင်းမင်းသမီးကြီးလက် ကလေးကို ဝကွက်အပ်ရင်း၊

"ဒေါ်ကြီးအုန်းပဲ ကလေးနဲ့မိန်းမကို ကြည့်ထားပေးပါဗျာ၊ ကျွန်တော် ကျွန်တော်"

"ပြုံးရွှင်"





"လာပါပြီဗျာ"

စကားပင် ဆုံးအောင်မပြောနိုင်။ ကလေးကို တစ်ပါးသူ လက်အပ်ပြီး စင်ပေါ် ပြေးတက်သွားရသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com





မီးရောင်က စင်ပေါ်တွင် မလင်းမမှောင်ရှိနေသည်။ ပရိသတ်များက မမြင့်တမြင် လူရွှင်တော်များကိုကြည့်၍ ရယ်ဖို့ အဆင်သင့်။ လာပါပြီ သူတို့မျှော်လင့်နေသော လူရွှင်တော်ပြုံးရွှင်နှင့် တိုင်းကျော် အရင်ထွက်လာ၏။

"ဟော ပြုံးရွှင်ပါလား၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာတုန်း"

"ဟော ကိုတိုင်းကျော် အဟဲ ပြောရမှာတော့ ရှက်တယ်ဗျ၊ အဟဲ"

စင်အောက်တွင် ဘာပဲဖြစ်နေနေ စင်ပေါ်တွင်တော့ ပရိသတ်ကြိုက်အောင် ပြုံးရွှင်နေရသည်။





"ပြောရရှက်ရင် မပြောနဲ့တော့ကွာ၊ ငါသွားပြီ"

"ဟာ နေစမ်းပါဦး၊ ပြောချင်လို့ပါ"

"အဲလိုလုပ်စမ်းပါ"

"ဟို ဟိုလေ"

"ငါသိပြီ"

"ဘာမှမပြောရသေးဘူးလေ"

"ပြောရခက်နေတာ ငါသိပြီလို့၊ အဲဒါ ဆက်ပြော"

လူတွေပြုံးကြသည်။ ပြုံးရွှင် နဂိုပြုံးမျက်နှာကြီး ပိုပြုံးလိုက်သည်။

"ကျွန်တော် ကျွန်တော်လေ ပြဇာတ်မင်းသမီး ဇင်မေကို ကြိုက်လို့ အဟိ"

"မင်းက ဇင်မေကို ကြိုက်လို့"

"ဝုတ် ဝုတ် ဝုတ်"

"ဟော့ကောင် ခွေးသံပါထွက်နေပြီ"

ရယ်သံများ ဖြိုးတိုးဖြောက်တောက် ကြားရ၏။

"ရင်ဖွင့်ရတာ ဝမ်းသာလွန်းလို့"

"မင်း ဇင်မေကို တကယ်ကြိုက်တာလား"

"မိုးကြိုးပစ်ရပါစေရဲ့"

"အောင်မာ မိုးကြိုးကွင်းမျက်နှာက မင်း ဇင်မေကို တကယ်ကြိုက်သလား"

"တကယ်ပါဆိုနေမှ"

"မင်းကွာ ညံ့လိုက်တာ"

"ဘာ ဘာလို့"

"ဒီဇာတ်ထဲမှာ ဇင်မေအစ်ကိုပါတယ်လေ"

"ဟုတ်လား၊ ဘယ် ဘယ်သူတုန်း"



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျော် ပြုံးရွှင်နားကပ်ရင်ဘတ်ပုတ်ပြီး၊

"သီဟိုလေကွာ၊ ဇင်မေ့အစ်ကိုက သီဟိုပေါ့"

ပြုံးရွှင် ဝမ်းသာသွားဟန်နှင့်၊

"ဟာ ကျွန်တော်တို့ တွဲဖက်လူရွှင်တော်ကြီး သီဟိုက ဇင်မေ့အစ်ကို ပွတာပဲ"

"မပွနဲ့ဦး၊ သီဟိုက ဒေါသကြီးတာ မင်းလည်းအသိ၊ နောက်ပြီး သူ့ညီမဇင်မေကိုလည်း သိပ်နိုင်တာ၊ တစ်ခွန်းဆို တစ်ခွန်းပဲ"

"သိပါတယ်ဗျာ၊ သီဟိုကြီး ဒေါသကြီးတာ ကျွန်တော် သိပါတယ်၊ ကျွန်တော်ကလည်း လူယဉ်ကျေးပဲ ရပါတယ်"

"ဟော့ကောင် ဇင်မေကိုလိုချင်ရင် သီဟိုကို ရအောင်ပေါင်း၊ ဒေါသမထွက်စေနဲ့သိလား၊ ဟော ဟော ပြောရင်းဆိုရင်း သီဟိုလာပြီ၊ ကြည့်သာ ပြောတော့"

"ဟော့ကောင် ဇင်မေကို လိုချင်ရင် သီဟိုကို ရအောင် ပေါင်း၊ ဒေါသမထွက်စေနဲ့သိလား၊ ဟော ဟော ပြောရင်းဆိုရင်း သီဟိုလာပြီ၊ ကြည့်သာ ပြောတော့"

သီဟို ဝင်လာသည်။ ပြုံးရွှင်က ပြုံးရွှင်သောမျက်နှာဖြင့်

"ဟော ကိုသီဟိုပါလား၊ နေကောင်းတယ်နော်"





"အေး"

သီဟိုက မကြည်မလင်မျက်နှာနှင့် ပြန်ဖြေသည်။

"ကိုကြီးသီဟို ဘယ်သွားမလို့လဲဗျ၊ ဟဲဟဲ"

"ဟိုမှာကွာ၊ ငါ့ညီက ဂျပန်မှာမဟုတ်လား၊ အဲဒါ ဂျပန်က ကွန်ပျူတာတစ်လုံးပို့လိုက်လို့ သွားထုတ်ရဦးမယ်"

ပြုံးရွှင် စိတ်ပျက်သွားဟန်နှင့်၊

"အဲဒါ ကိုသီဟိုညီ ညံ့တာပဲ"

"ဘာကွ"

"ဒီခေတ်မှာဗျာ၊ ကွန်ပျူတာဆိုတာ လမ်းဘေးမှာတင်ရှိတာ ဘာမှတကူးတက အိမ်သယ်နေစရာမလိုဘူး၊ ကြိုက်တဲ့ဆိုင်ထဲဝင်နှိပ်၊ အင်တာနက်တောင် သုံးလို့ရတယ်၊ ဒီကောင်မို့ အရှုံးထပြီး ပို့ရက်တယ်၊ အေးလေ အရှူးမျိုးဟာကိုး"

သီဟို မျက်လုံးကြီးပြူးကာ၊

"ဘာ ဟော့ကောင် မင်းဘာပြောတယ်"

"ယဉ်ယဉ်ကျေးကျေးပဲလေ၊ အရှူးမျိုးလို့"

"ဟင် မင်း ငါ့ကို စော်ကားတာလား၊ ဟင် ဟော့ကောင် မင်းတော့ မင်းတော့လား"

သီဟို ဒေါသထွက်ဟန်နှင့် ပြုံးရွှင်ကို လိုက်ဆွဲသည်။ ထိုတော့မှ တိုင်းကျော်နှင့် ပေါက်လုံး ပြေးဝင်လာပြီး၊

"ဟာ ဟာ မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့၊ ဘာဖြစ်လို့လဲဗျာ"

တိုင်းကျော်အမေးကို သီဟိုက

"ဒီကောင်လေ လူပါးဝလို့၊ ငါ့ညီနိုင်ငံခြားက ကွန်ပျူတာပို့တာကို ရှုးလို့ပို့တာတဲ့၊ ငါလေ တယ်"

ဩော် စင်နောက်မှာတုန်းကတော့ ပြုံးရွှင်က သီဟိုကို ထိုးချင်နေတာ။ မီးရောင်အောက်တွင်တော့ ကျသည့်နေရာက အထိုး



www.burmeseclassic.com

www.burmeseclassic.com



ခံရမည့်နေရာ။ မတတ်နိုင်။ ဇာတ်ဆရာအလိုကျ ပြုသမျှနေရမည်သာ။

"စိတ်လျှော့ စိတ်လျှော့ ကိုတိုင်းကျော်၊ ကျွန်တော်ကပဲ ကြားကဝင်တောင်းပန်ပါတယ်၊ ပြုံးရွှင်က မလိမ်မိုးမလိမ္မာမို့ပါ"

သီဟိုက စိတ်လျှော့ဟန်နှင့်၊

"သွားမယ်၊ မင်းတို့လည်း ဒီကောင့်ကိုဆုံးမထား"

ဆိုကာ ထွက်သွား၏။ ထိုတော့မှ တိုင်းကျော်က၊

"မင်းကလည်းကွာ၊ အဆင်ပြေအောင်ပြောပါဆို"

"ငါလည်းပြောတာပဲဟ"

"ဒီလိုမပြောရဘူးဟ"

"ဘယ်လိုပြောရမှာတုန်း"

"သူက ကွန်ပျူတာရလာတာလေ"

"အေး"

"အဲဒီတော့ အာ ကိုတိုင်းကျော်ကြီး သဘော်ကျလေးပေါ့နော်၊ အသစ်ကလေးပေါ့နော်၊ ပစ္စည်းလေးက သန့်ရဲ့လား၊ နှိပ်လို့ရောကောင်းရဲ့လား၊ ကျွန်တော်လည်း လမ်းကြုံရင် လာဝင်နှိပ်မယ်၊ ပုံစံအဆန်းလေးတွေလုပ်ချင်လို့၊ အဲဒီလိုပြောမှ သူသဘောကျမှာပေါ့ ငတုံးရ၊ ဒါမှ သူညီမဇင်မေနဲ့ သဘောတူမှာ"

"သင်ရင်တတ်ပါတယ်ကွ၊ ပြုံးရွှင် ဒီလောက်မညံ့ပါဘူး"

"ဟော ဟော ကိုသီဟိုကြီး ပြန်လာပြီ၊ ဟော့ကောင် အဆင်ပြေအောင်ပြောနော်၊ မလွဲစေနဲ့"

"စိတ်ချပါကွာ၊ ပြုံးရွှင်က သင်ရင်တတ်ပါတယ်၊ ဟယ်လို ကိုသီဟိုကြီး နေကောင်းရဲ့လား"

သီဟို ပြန်ဝင်လာသည်။

"အေး ကောင်းပါတယ်ကွ"

"ဩော် အခုဘယ်သွားဖို့လဲ"





"တူမတစ်ယောက်ကွာ ဒလဖက်ကလာမှာမို့ သင်္ဘောဆိပ်မှာ သွားကြိုမလို့"

ပြုံးရွှင်က ခွင်ဝင်လာပြီမို့ သင်ထားသည့်အတိုင်း ပြုံးပြုံးကြီး ပြောချလိုက်သည်။

"ဩော် သင်္ဘောကျလေးပေါ့နော်၊ အသစ်ကလေးပေါ့"

"ဘာ"

"အဟဲ ပစ္စည်းကလေးက သန့်ရဲ့လား"

"ဘာကွ"

"လမ်းကြုံရင် ကျွန်တော်လည်း လာဝင်နှိပ်မယ်"

"ဟင် မင်း မင်း ငါ့ ငါ့တူမကို"

"ဟုတ်ကဲ့၊ ဟိုလေ ပုံစံအဆန်းလေးတွေလိုချင်လို့"

"ဟာကွာ ဒီကောင်တော့ ကဲဟာ"

သီဟို ပြုံးရွှင်ကို ဝင်ထိုးဖို့လုပ်သည်။ ဟုတ်သည်လေ ဒလဖက်က တူမ ရောက်သည်ဆိုတာကို

"သင်္ဘောကျလေးပေါ့နော်၊ အသစ်လေးပေါ့နော်၊ ပစ္စည်းလေးက သန့်ရဲ့လား"

ဘာဖြစ်ရမှာလဲကွ၊
ဒီကောင်ပြုံးရွှင်ပေါ့၊
ငါ့တူမလေး ဒလက
လာတာကို အသစ်ကလေးလား၊
ပစ္စည်းရော သန့်ရဲ့လား၊
လမ်းကြုံရင် ကျွန်တော်လည်း
ဝင်နှိပ်ဦးမယ်ဆိုပြီး
လာပြောနေလို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကွန်ပျူတာနှင့် မှားပြောနေတာကိုး။ ထုံးစံအတိုင်း ပေါက်လုံးနှင့် တိုင်းကျော် ပြေးဝင်ကာဆွဲပြီး၊

"ဟိုးထား ကိုသီဟို၊ ဟိုးထား"

"ကိုသီဟိုရယ် ခွေးကိုမရိုက်ပါနဲ့ဗျာ"

အတင်းဝင်ဆွဲကာ၊

"ကိုသီဟို ဘာဖြစ်လို့လဲဗျာ"

"ဘာဖြစ်ရမှာလဲကွ၊ ဒီကောင် ပြုံးရွှင်ပေါ့၊ ငါ့တူမလေး ဒလကလာတာကို အသစ်ကလေးလား၊ ပစ္စည်းရောသန့်ရဲ့လား၊ လမ်းကြုံရင် ကျွန်တော်လည်း ဝင်နှိပ်ဦးမယ်ဆိုပြီး လာပြောနေလို့ တယ် ဒီကောင်တော့"

ပေါက်လုံးနှင့် တိုင်းကျော် အတင်းဝင်ဆွဲရင်း၊

"ဩော် စိတ်လျှော့လိုက်ပါ ကိုသီဟိုရယ်၊ ဒီကောင်ပြုံးရွှင်က မပြောတတ်မဆိုတတ်ဆိုတာ သိသားပဲ"

"ဟုတ်သား ကိုသီဟိုရ၊ စိတ်လျှော့၊ စိတ်လျှော့၊ ကျွန်တော်တို့ပဲ သင်ထားလိုက်ပါ့မယ်"

သီဟို စိတ်လျှော့ဟန်ဖြင့်၊

"အေး မင်းတို့တားလို့ စိတ်လျှော့လိုက်မယ်၊ နောက်တစ်ခါဆို မလွယ်ဘူးမှတ်၊ ဒါပဲသွားမယ်"

သီဟို ပြန်ထွက်သွားသည်။ ထိုတော့မှ ပေါက်လုံးက

"မင်းကွာ၊ ဘာများပြောပြန်တာလဲ၊ ဟိုကစိတ်ဆိုးအောင်"

"ငါလည်း မင်းတို့သင်တဲ့အတိုင်း ပြောတာပဲ"

"ဟာ အဲလိုမပြောရဘူး၊ တူမလေး ဒလကလာတယ်ဆို ဟုတ်လား၊ ဟက်ပီးဝေါကို လိုက်ပို့လိုက်ပါလား၊ တိရစ္ဆာန်ရုံက ကစားစရာစုံတယ်၊ ရေလွှာလျှောစီး ပေးကစားလိုက်ပေါ့၊ ဘာညာသာရကာ ပြောရမှာ"





"ပြုံးရွှင်က သင်ရင်တတ်ပါတယ်ကွ"

ပရိသတ်က လူတတ်ကြီးလုပ်ပြီး ခံနေရသော ပြုံးရွှင်ကိုကြည့်၍ ရယ်ကြသည်။ ရုပ်ခံက ကောင်းတာကိုး။

"သင်ရင်တတ်တယ် မလုပ်နဲ့၊ ဟိုမှာ ကိုသီဟိုကြီးပြန်လာပြီ၊ ပီပြင်အောင်ပြော"

သီဟို ဝင်လာပြန်သည်။ ပြုံးရွှင်က ပြုံးရွှင်သောမျက်နှာဖြင့်

"ဟဲလို သီဟို မာရဲ့နော်"

သီဟိုက မကြည်မလင်ဟန်နှင့် လက်သာပြ၍ နှုတ်ဆက်သည်။ ပြုံးရွှင်ကသာဆက်၍၊

"ရေကြီးသုတ်ပျာနဲ့ ဘယ်တုန်း ကိုသီဟိုရဲ့"

သီဟိုက မှုံကုပ်ကုပ်လုပ်ရင်း

"ဇင်မေ့အောက်က ညီတစ်ယောက်ပေါ့ကွာ"

"ဆိုပါဦး"

"သစ်ပင်ပေါ်က ပြုတ်ကျပြီး ခြေကျိုးလို့ကွ"

"ဩော် ဒါဆို ဟက်ပီးဝေါလေး ပို့လိုက်ပါလား"

"ဘာကွ"

ပရိသတ်များ ရယ်ကြသည်။ ပြုံးရွှင်က မသိသလိုမျက်နှာပေးနှင့် ဆက်သည်။

"တိရစ္ဆာန်ရုံမှာကလည်း ကစားစရာစုံတယ်လေ"

"ဟင် မင်း မင်း"

"ရေလွှာလျှောစီးလေး ပေးစီးလိုက်ပါလား"

"ဟင် ဟေ့ကောင် သေပေတော့"

သီဟိုက ပြုံးရွှင်ကိုရိုက်ရန် ပြေးဝင်လာသည်။ တိုင်းကျော်နှင့် ပေါက်လုံး ပြေးဆွဲရပြန်၏။

"ဟိုးထား၊ ဟိုးထား ကိုသီဟို၊ လက်လွန်မယ်၊ လက်လွန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရိုက်ပါနဲ့ ကိုသီဟိုရယ်၊ အစ်ကို့လက်နာမှာစိုးလို့ပါ"

သီဟိုက စိတ်လျှော့ဟန်နှင့်၊

"အေး မင်းတို့တားလို့ပေါ့ကွာ၊ နို့မဟုတ်ဆိုရင် ဟင်း"

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ ဆုံးမထားပါ့မယ်"

"နောက် ဒီလိုမဖြစ်စေရပါဘူး ကိုသီဟိုရယ်"

သီဟို မိုက်ကြည့်ကြည့်ရင်း၊

"မင်းတော့၊ မင်းတော့လားကွာ"

ဟု ကြိမ်းမောင်းရင်း ပြန်ဝင်သွားသည်။ တိုင်းကျော်နှင့် ပေါက်လုံးက၊

"မင်းကလည်းကွာ ဟိုက သူ့တူလေး ခြေကျိုးသွားပါတယ် ဆိုနေမှ"

ပြုံးရွှင်က ထုံးစံအတိုင်း အူကြောင်ကြောင်နှင့်၊

"သိဘူးလေကွာ၊ ငါလည်း မင်းတို့သင်ပေးတဲ့အတိုင်း အပ်ကျ မတ်ကျပြောတာပဲ"

"ဒါမျိုးက အဲလိုမပြောရဘူးကွ"

"ဥပမာ သူ့တူလေး ခြေကျိုးသွားတယ်ဆိုရင် ကိုယ်က သနား စရာမျက်နှာလေးနဲ့ အတော်နာမှာပဲနော်၊ သွေးရောထွက်သွားသေး လား၊ ဘယ်နှချက်ချုပ်လိုက်ရသေးလဲ၊ နှုတ်ခမ်းနားပါးနားရော ပဲ့သွား သေးလား၊ ဒီလိုပြောရမှာ"

ပြုံးရွှင် ဝမ်းသာဟန်ဖြင့်

"ဒီလိုပြောရမှာလား"

"ဒီလိုပြောရမှာပေါ့"

"ဒီတစ်ခါတော့ အပိုင်ကိုဆွဲလိုက်တော့မယ်"

"စိတ်ချမယ်နော်"

"စိတ်ချပါ။ ဇင်မေနဲ့ငါနဲ့ညားရင် ပထမဆုံးသမီး မင်းကို





> "ဒီမှာလေကွာ ပြုံးရွှင်ပေါ့ ဝှတ်တူမလေး လင်နောက်လိုက်တာကို တော်တော်နာမှာပဲနော်၊ သွေးရောထွက်သေးလား လာပြောနေလို့"

ပေးမကွယ်"

"ဟော ပြောရင်းဆိုရင်း ကိုသီဟိုပြန်လာပြီ၊ ဟော့ကောင် အပိုင် ဆွဲနော့"

"စိတ်ချပါဆိုနေ၊ ဟဲလို ကို သီဟို နေကောင်းလား"

သီဟိုက ရေးကြီးသုတ်ပျာ ဟန်မျိုးနှင့် ပြေးထွက်လာသည်။ ဇာတ်စင်ပေါ်လည်း ဟိုကြည့်ဒီကြည့်။

ပြုံးရွှင်က သီဟိုလက်ဆွဲပြီး၊

"ကိုသီဟိုကြီး ဘာဖြစ်လာ လို့လဲ"

သီဟိုက စင်ပေါ် ဟိုကြည့် ဒီကြည့်နှင့်၊

"မပြောချင်ပါဘူးကွာ"

မျက်နှာအိုချလိုက်သည်။

"ဘာလို့တုန်း"

"တလောက **ဒလကလာတဲ့** တူမလေ"

"အင်း"

"လင်နောက်**လိုက်လို့ဟ**"

ထိုစကားလည်းအဆုံး ပြုံးရွှင် ရုပ်ခံလိုက်သည်နှင့် ပရိသတ် ဇာဝါးခနဲ ပွဲကျသွား၏။

ပြဿနာက **ဘယ်**လိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဆိုတာ ကြိုသိနေကြတာကိုး။ ထင်သည့်အတိုင်းပင် ပြုံးရွှင်က မျက်နှာလေးငယ်ချလိုက်ပြီး

"တော်တော်နာမှာပဲနော်"

"ဘာ"

"သွေးရောထွက်သွားသေးလားဟင်"

"ဟော့ကောင် မင်းဘာစကား ဘာစကား"

"ဘယ်နှချက်ချုပ်"

"ဟော့ကောင် မင်းလွန်လာပြီနော်"

"နှုတ်ခမ်းနားပါးနားတွေရော ပဲ့သွားသေးလား"

"အာ ဒီကောင်တော့ကွာ သေပေတော့"

ပေါက်လုံးနှင့် တိုင်းကျော် ပြေးလာ၏။

"ကိုသီဟို ဘာ ဘာဖြစ်ပြန်တာလဲဗျ"

"ဒီမှာလေကွာ ပြုံးရွှင်ပေါ့၊ ငါ့တူမလေး လင်နောက်လိုက်တာကို တော်တော်နာမှာပဲနော်၊ သွေးရောထွက်သေးလား လာပြောနေလို့"

ဒီတစ်ခါ တုံးလွန်းသော ပြုံးရွှင်ကို ဟိုနှစ်ယောက်ကပင် သည်းမခံနိုင်တော့။ တောင်ရှည်ကို ခါးတောင်းကျိုက်ပြီး၊

"အာ ဒါတော့ ဒီကောင်လွန်တာပေါ့"

"ဟုတ်တယ်ဟေ့၊ ဒီလောက်တုံးတဲ့ကောင်ကို ချပစ်"

ဒီတစ်ခါ ဟိုနှစ်ယောက်ကပါ မြှောက်ပေး၏။ ထိုတော့မှ ပြုံးရွှင်က၊

"ဟာ ဒါ မင်းတို့သင်ပေးတဲ့ အတိုင်းပဲလေကွာ၊ မင်းတို့ သင်ပေးတဲ့အတိုင်း"

"သင်ပေးလည်း တုံးတဲ့ကောင် မထားနဲ့တော့၊ ဝိုင်းရိုက်ကြ"

"ချကွာ ချ"





ပြုံးရွှင်က ပတ်ပြေး၊ လူရွှင်တော်သုံးယောက်က လိုက်ရိုက်ရင်း ကန့်လန့်ကာကြီး ဖြည်းညှင်းစွာကျလာ၏။ ပရိသတ်ကတော့ သူတို့အသုံးတော်ခံသွားသမျှ ရယ်မောရင်း ပတ်တုပ်မရသေး။

×××××



www.burmeseclassic.com

www.burmeseclassic.com



"ခင်မြရီ"

စောင်စုတ်များကာရံထားသော အမှောင်ဒေါင့်တွင် ခြေနှစ်ဖက်ကိုဆင်း၊ ကလေးငယ်ကို ပေါင်ပေါ်တင်ရင်း ခေါင်းငိုက်စိုက်ချထိုင်နေသော မိန်းမဖြစ်သူကို တွေ့ရသည်။

ကလေးငယ်ကတော့ မိခင်နို့ချိုကို အာခံတွင်းထဲ အမိအရဆွဲရင်း ငြိမ်သက်နေ၏။

သူတို့၏ ခြေရင်းမှာတော့ နောက်ပိုင်းမင်းသမီးကြီး ဒေါ်ကြီးအုန်းက ခင်မြရီ၏ ဆင်းထားသောခြေထောက်များကို နှိပ်နယ်နေ၏။ မိန်းမဖြစ်သူ၏ ဦးခေါင်းမှာ ရှေ့သို့ငိုက်ကျနေ၍ ကောင်းစွာမမြင်ရ။

"ခင်မြရီ"





ခင်မြရီ၏ ခန္ဓာကိုယ် တသိမ့်သိမ့်တုန်နေတာသာ ဝိုးတဝါးမြင်ရ၏။ ပြုံးရွှင် ခင်မြရီ၏ ဆံနွယ်စများ ညင်သာစွာ သပ်ဖယ်ရင်း

"နေကောင်းပြီလား ခင်မြရီ"

အမှောင်ထဲမှာမို့ မိန်းမ၏မျက်နှာ ကောင်းစွာမမြင်။ ဘာမှ ဖြေသံမကြား။

"အဲ့"

ကလေးငယ်၏အော်သံ။

"ဟင်"

ကလေးငယ်၏ မျက်နှာပေါ် တစ်ပေါက်ပေါက်ကျနေသော ကလေးအမေ၏မျက်ရည်များ။ ရှိုက်သံပင်မထွက်။

ဒေါ်အုန်း၏ သက်ပြင်းချသံ။

"နင့်မိန်းမခင်မြရီ လေဖြတ်ပြီ ပြုံးရွှင်"

"ဟင်"

အသံက နားထဲ မိုးကြိုးပစ်သလို ကြားလိုက်ရသည်။ ခုန ပျော်ခဲ့သမျှ ယခုတော့ ပျောက်ပြီ။

"ခြေနှစ်ဖက်လုံး လှုပ်မရတော့ဘူးကွယ်"

"ဗျာ"

အသံက ဆို့နင့်တုန်ယင်နေလားမသိ။

"ဟီး ဟီး ဟီး"

မိန်းမထံမှ ရှိုက်သံကို ကြားရသည်။ အရာရာ မှုန်ဝါးနေသည်။ ရှေ့အနာဂတ်ပါ မှုန်ဝါးနေလေပြီ။ ကိုယ်ကပဲ မိန်းမအားရအောင် လိုက်ငိုပေးရမလား။ ဒါမှမဟုတ် ဇာတ်စင်ပေါ်ကအတိုင်း ရယ်မောပျော်ရွှင်အောင် ပြောရမလား မဝေခွဲနိုင်။ မည်သို့နှစ်သိမ့်ရမှန်းပင်မသိတော့။

မငိုဘူးသော လူရွှင်တော်၏ မျက်နှာပေါ် မျက်ရည်တွေ အလို



www.burmeseclassic.com

www.burmeseclassic.com



လို စီးကျလာသည်။

သူမျက်ရည်ကို သူပြန်စမ်းရင်း အံ့အားသင့်နေသည်။

မကျဘူးတာ ကြာပြီဖြစ်သော မျက်ရည်တွေ ဘယ်ကဘယ်လို ထွက်ကျလာသည်မသိ။

လူမမြင်အောင် လက်ကြမ်းကြီးနှင့် ပွတ်သပ်ထုတ်လိုက်သည်။

နောက် သူတတ်သိသမျှ အားပေးလိုက်သည်။

"အေးကွယ်၊ ဘာမှအားငယ်စရာမလိုဘူး မိန်းမရယ်၊ ခြေနှစ်ချောင်းမလှုပ်ရတော့ နှစ်ချောင်းစာသက်သာတာပေါ့ကွယ်"

ကောင်းကင်ကို မော့ကြည့်တော့ မည်းနေသည်။ စင်ရှေ့ဆိုင်းဝိုင်းဆီက နှဲကြီးက ဗျိုင်းတောင်သံကြားရ၏။

မငိုတတ်သူကို ငိုချင်အောင်ပြုနေသလို။

×××××







"ခင်ဗျားသိပါတယ် ကိုပြုံးရွှင်"

ဇာတ်ဆရာ၏အသံက တိုးညှင်းသော်လည်း ကြားဖြစ်အောင်ကြားနေရသည်။

"ဇာတ်ထဲမှာ ဒုက္ခိတတစ်ယောက်ထားဖို့ဆိုတာ လွယ်လှတာမဟုတ်ဘူး"

အရှေ့တည့်တည့်မှ ရည်ရွယ်ပြီးပြောတော့လည်း နေရခက်ပေမဲ့ အံကြိတ်နားထောင်နေရသည်။ ခေါင်းကိုတော့ မဖော်ရဲ။

"ပရိသတ်အမြင်နဲ့လည်း မတင့်တယ်သလို ဇာတ်သူဇာတ်သားအချင်းချင်းလည်း ငြိုငြင်နေကြပြီ"

ကိုယ့်ဒုက္ခနှင့်ကိုယ်ဆိုတော့ မငြိုငြင်လျှင်တောင် ဦးပေကျွာ



www.burmeseclassic.com

www.burmeseclassic.com



ပြုနေကြပြီဖြစ်ကြောင်း သိသည်။ ဆွေမျိုးသားချင်းမဟုတ်ဘဲ ဘယ်သူကမှ ဒုက္ခိတကို အနစ်နာခံမပေါင်းချင်။

"အဲဒီတော့ ခင်ဗျားရွေးချယ်စရာလမ်း နှစ်ခုရှိတယ်၊ တစ်ခုက ခင်ဗျားမိန်းမနဲ့ကလေးကို အိမ်ပြန်ပို့ပါ၊ ဒါမှမဟုတ် ဒုတိယနည်းက ခင်ဗျားပါ ဒီဇာတ်က အနားယူပါ"

"ဇာတ်ဆရာရယ်"

ထိုစကားမှလွဲ၍ ဘာမှမပြောတတ်တော့။ စင်ပေါ်မှာ အာဝဇ္ဇန်းရှင်သလောက် စင်အောက်တွင် ဆွံ့အနေရပေပြီ။ အမြဲတမ်း ပျော်ရွှင်စရာစကားတွေသာ ရှာကြံဖန်တီးနေတတ်သူမို့ အလုပ်စကား မပြောတတ်။ မပြောလို။

"ခင်ဗျားရဲ့ စရန်စယူကတည်းက ယူထားတဲ့ လိုသုံးငွေတွေလည်း ကျုပ်ကလျှော်ပေးမှာပါ"

"ဇာတ်ဆရာရယ်"

တစ်နှစ်မှာ (၇)လ ဇာတ်က၊ ဝါတွင်းကာလ မိုးကျချိန် သုံးလေးလ နားလျှင်တောင် အူစိုရုံ ထမင်းကလေး လွေးရသူများမို့ ဇာတ်က,နားရမည်ဆိုလျှင် ဘာနှင့်စားရမည်နည်း။

"အဲဒါတော့ ခင်ဗျားစဉ်းစားပေါ့ ကိုပြုံးရွှင်"

"ဇာတ်ဆရာရယ်"

အပြင်မှာ နေကကျဲကျဲတောက်ပူနေသည်။ ဇာတ်ရုံက လေလုံပြီး အိုက်စပ်စပ်ဖြစ်နေ၏။ ဘယ်ကဘယ်လို စိမ့်ထွက်လာမှန်း မသိသော ချွေးများက တစ်ကိုယ်လုံးကို ရွှဲနစ်နေလေပြီ။

စကားသံကား ထွက်မလာ။ အတန်ကြာမှ၊

"ဇာတ်ဆရာရယ်"

အသံက ပြန်တိတ်သွားသည်။ လူရွှင်တော်သန္ဓေ၊ လေပိုင်သော ဝါရင့်လူရွှင်တော်။ ထိုစကားကို ဘယ်လေနှင့်ပြောရမှန်းမသိ။





နောက်မှ အားတင်းပြီး၊

"ကျွန်တော့်မှာ ကျွန်တော့်မှာကလဲ"

အသံတွေက တုန်ယင်နေသည်။

"ကျွန်တော့်မှာကလည်းဗျာ မွေးကတည်းက ဇာတ်ထဲစား၊ ဇာတ်ထဲကြီးလာတာ၊ အပြင်မှာဆို သူများလို ဆိုက်ကားလည်းမနင်းတတ်၊ စပယ်ယာလည်း မလုပ်တတ်၊ သူများလို အပြင်စာ၊ စာတတ်ပေတတ်လည်းမဟုတ်၊ ဒီအလုပ်မှမလုပ်ရရင်လည်း ငတ်သေဖို့ပဲရှိတော့မှာပေါ့ဗျာ"

သူ့စကား အရေးပါလား မပါလား မသိ။ ဇာတ်ဆရာက ယပ်တောင်တစ်ချပ်ယူပြီး တဖျပ်ဖျပ်ခပ်သည်။ ပြုံးရွှင်မှသာ ဆက်၍

"ခင်မြရီဆိုတာကလည်း ဇာတ်ဆရာအသိ၊ အမေက ယိမ်းသမဘဝနဲ့ ဇာတ်ထဲအိုသေ၊ သူကလည်း ဇာတ်ရုံအနောက် ကြီးလာတာဆိုတော့ ဇာတ်ကဖို့ကလွဲရင် ဘာမှလုပ်တတ်တာမဟုတ်၊ ဒီကြားထဲ လေက လေက ဖြတ်ဆိုတော့ဗျာ"

သူ့စကားကို ဇာတ်ဆရာက ငုံ့စောင်းကြည့်သည်။

"ငါနားမလည်လို့ ပြောနေတာမဟုတ်ဘူး ပြုံးရွှင်၊ ဇာတ်ထဲမှာ ဘယ်ဇာတ်မှ ဒုက္ခိတမထားဘူး၊ ဇာတ်အကူးအပြောင်းဆိုလည်း ဒီဒုက္ခိတကြီးကို သယ်ရပိုး၊ ပွဲ့ရချိရနဲ့ လူတွေက ငါတို့ကို ဒုက္ခိတဇာတ်ဆိုပြီး ပြောနေပြီ၊ ကဲ ဘယ်လောက်နာမည်ပျက်လဲ"

"ဇာတ်ဆရာရယ်"

ပြောစရာစကားကား မရှိတော့။ ထိုမျှလောက် ခါးခါးသီးသီး ဖြစ်နေမှတော့ ဘာဆက်ပြောရန် ရှိတော့မည်နည်း။ ထို့ကြောင့်

"ဇာတ်ဆရာရယ်"

ယပ်တောင်ခပ်သံက ပိုမြန်နေသလို၊ စိတ်ရှုပ်နေဟန်မျိုး။

"ကျွန်တော့်မှာလည်း ဆွေမရှိ၊ မျိုးမရှိနဲ့ လေဖြတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မယားနဲ့လသားအရွယ် သမီးလေးကို ဘယ်မှာ ဘယ်နားသွားထားရမှာလဲဗျာ"

ယပ်တောင်ခပ်သံ ရပ်သွား၏။ နောက်တော့ အရှိန်မှန်မှန်။

"အဲဒီနှစ်ခုကိုသာ ရွေးချယ်ရမယ်ဆိုရင်တော့"

အသံတွေက ဆို့နင့်နေသည်။ မငိုဘူးသူ ငို၏။

"ကျွန်တော်ပါ ဇာတ်ထဲကထွက်ပါရစေဗျာ"

သက်ပြင်းချသံ ကြားရ၏။ စိတ်သက်သာရာ ရသွားဟန်မျိုး။

"ပြုံးရွှင်တစ်ယောက် ရယ်နေပြီဟေ့"

ကိုယ်ချင်းမစာသူတစ်ယောက်၏ စကားသံ။

ဟုတ်ပဲ့။ သူ့မျက်နှာကိုက ငို၍ရယ်၍ မှန်းမရနိုင်သည့် မျက်နှာ။

xxxxx





အို မိတ်ဆွေ

ဇာတ်ရုံအနောက် လယ်ကွင်းပြင်ကြီးကို မြင်ကြည့်ပါ။ ထိုလယ်ကွင်းကြီးနံဘေးကမှ ဇာတ်ရုံကို စိတ်မကုန်ဟန်နှင့် လည်ပြန်ငေးနေသော လူသုံးယောက်ထပ်ကို မြင်ရပါလိမ့်မည်။

ယောကျ်ားလူရွှင်တော်ကျောပေါ် မိန်းမယိမ်းသမက,စီး၊ မိန်းမယိမ်းသမအပေါ်မှာမှ လုံချည်စုတ်နှင့် သိုင်းလွယ်ထားသော လသားအရွယ် သမီးငယ်ကလေးက စီးထားပြန်ပါသည်။

သွေ့ခြောက်သော လယ်ကွင်းဆီမှ ဖုန်မှုန့်များ ဇာတ်ရုံကို သံယောဇဉ်မကုန်စွာ လည်ပြန်ငေးနေသော ပြုံးရွှင်မျက်နှာဆီ ရိုက်ခတ်လာသည်။ ပြုံးရွှင် ဖုန်မှုန့်များကို သပ်ဖယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရေ တို့ ဇာတ်မကရလည်း ဘာမှအားမငယ်နဲ့၊ မင်းတို့ကို ငါလုပ်ကျွေးမကွ၊ အေးလေ ကိုယ့်ရပ်ကိုယ့်ရွာပြန်ပြီး ကြုံရာလုပ်စားရင်း ချိုကောက်လေးငှားရင်တော့ ကရတာပ၊ ဇာတ်သဘင်ကိုတော့ ငါစိတ်မကုန်ဘူးကွယ်၊ တစ်ချိန်ချိန်တော့လဲ"

ရှေ့ကိုစကားမဆက်တတ်တော့။ ထို့ကြောင့် အရှေ့ကိုသာပြန်လှည့်ပြီး၊

"မင်းကိုယ်ကြီးက ခေါလိုက်တာဟာ၊ ငါ့နှယ်"

အမှန်တော့ မိန်းမနှင့် ကလေးခန္ဓာကိုယ်က လေးသည်မဟုတ်။ ဆင်းရဲသားတစ်ယောက်အဖို့ အိမ်ထောင့်တာဝန် လေးလံခြင်းသာ။

လူရွှင်တော်တစ်ယောက်၏ ဇာတ်သိမ်းခန်းကို မည်သူတစ်ဦးတစ်ယောက်ကမှ လက်ပြနှုတ်ဆက်ခြင်းမရှိခဲ့ပါ။

×××××







နေမလုံမိုးမလုံ တဲအိမ်စုတ်တွင် ထိုင်ရင်း လူရွှင်တော်ပြုံးရွှင် မရိုးမရွဖြစ်နေသည်။

ဇာတ်ကပေးလိုက်သော အသုံးကလေး သဒ္ဒါစာကလေးက အိမ်ငှားခနှင့် ထိုင်စားရင်း ကုန်ပေပြီ။

လေဖြတ်နေသော မိန်းမနှင့် ကလေးငယ်ကို စိတ်မချ၍ ဘာအလုပ်မှ ထွက်မလုပ်ဖြစ်။ တော်ကြာ တစ်ခုခုဖြစ်နေမှဖြင့်၊

အနီးအနားပွဲရှိလျှင် ချိုကောက်လိုက်ကရန် စပ်ဟပ်ထားသော်လည်း ခေါ်မည့်သူမရှိ။ လူရွှင်တော်တိုင်းက သူ့အတွဲနှင့်သူဟာကိုး။ ဘယ်လောက်တော်နေပါစေ ကြားဖြတ်၍ ပေးမဝင်ချင်။ ပိုတော်သူကိုဆို ပို၍ပင် ရှောင်တတ်ကြသေး၏။ ထို့ကြောင့် ချိုကောက်ကရန်



www.burmeseclassic.com

www.burmeseclassic.com



ပင် ပွဲချီကမရှိ။

ပေါင်နှံ့ စားသောက်တာလည်း လက်လွှန်၍ မဖြစ်မနေ ဝတ်ရမည့် အဝတ်အစားနှင့် ပွဲကတုန်းဝတ်ခဲ့သော တောင်ရှည်ပုဆိုးသာ ကျန်တော့သည်။

တောင်ရှည်ပုဆိုးကိုတော့ သူမပေါင်ရက်။ တစ်သက်လုံး ထမင်းကျွေးခဲ့သော တောင်ရှည်ပုဆိုး မဟုတ်ပါလား။ ထို့ကြောင့် ပေါင်နှံ့ဖို့ မပြောနှင့် ထိုတောင်ရှည်ကလေးကို အသေအချာ လျှော်ဖွပ်၍ ဘုရားစင်အောက်တွင် သပ်သပ်ရပ်ရပ် ခေါက်ထား၏။ ဘုရားရှိခိုးတိုင်း ကျေးဇူးရှင် တောင်ရှည်ပုဆိုးကို ရှိခိုးပြီးသားဖြစ်နေသည်။ နောက်ပြီး နောင်တစ်ချိန်တွင်လည်း သူ ဇာတ်လူရွှင်တော်ဘဝကို ပြန်သွားချင်သေးသည်။ ထို့ကြောင့် တောင်ရှည်က မရှိ၍မဖြစ်။

ပေါင်နှံ့စားသောက်တာလည်း
လက်လွှန်၍ မဖြစ်မနေ
ဝတ်ရမည့်
အဝတ်အစားနှင့်
ပွဲကတုန်းဝတ်ခဲ့သော
တောင်ရှည်ပုဆိုးသာ
ကျန်တော့သည်။

ထို့ကြောင့် အလုပ်အကိုင်ကလည်းမရှိ။ ချီကောက်ပွဲကရန်ကလည်းမရှိ။ ပေါင်နှံ့ရန်ကလည်းမရှိ။ စားစရာကလည်းမရှိမို့ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ မရိုးမရွဖြစ်နေမိသည်။ ဤအတိုင်းနေလျှင် မကြာခင် ငတ်သေ





ပေလိမ့်မည်။ ထို့ကြောင့်၊

"ဟယ် ဒီအတိုင်းနေလို့ကတော့ မဖြစ်တော့ဘူး၊ ခင်မြရီရေ၊ ငါ ပြုံးရီလေးကိုခေါ်သွားပြီး အလုပ်ရှာမဟာ၊ နင်အိမ်မှာစောင့်ရစ်နေ"

ခင်မြရီ ဘာမှပြန်မပြော။ ဘာကြောင့်ရယ်မသိ ခင်မြရီမှာ လေဖြတ်ပြီးကတည်းက ဘာစကားမှမပြောတော့။ လူကလည်း သွက်ချာပါဒလိုက်သလို တငိုငိုတရယ်ရယ်။

ပြုံးရွှင်က ဘုရားစင်ရှေ့က တောင်ရှည်ကို အိတ်ထဲကောက်ထည့်လိုက်သည်။ ချီကောက်လာခေါ်လျှင် ချက်ချင်းလိုက်နိုင်အောင်။ ပြုံးရီဟု နာမည်ပေးထားသော ရင်သွေးလေးကို ပွေ့ချီရင်း အလုပ်ရလိုရငြား ဈေးဖက်သို့ထွက်လာခဲ့သည်။

xxxx



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ဈေးကလေးက သူ့ဟာနှင့်သူ စည်ကားလှပါသည်။

မြန်မာတို့၏ အခြေခံစားကုန်များဖြစ်သော အသားငါး၊ ဟင်းရွက်စုံတို့ဖြင့် စုံလင်လှပါပေ၏။ ပြုံးရွှင်မှာ ဈေးထဲ ယောင်လည်လည်နှင့် လိုက်ကြည့်နေမိသည်။

တကယ်အလုပ်လုပ်မယ်ဆိုတော့လည်း ဘယ်ကစလုပ်ရမှန်းမသိ။ အမှိုက်ပဲကောက်ရမလား၊ ကြက်သားသည်ဆီသွားပြီး ခေါင်းခုတ်၊ ခြေခုတ် အလုပ်တောင်းရမလားမသိ။ ထို့ကြောင့် ဈေးကိုပတ်၍သာ လမ်းလျှောက်နေရလေသည်။

"လိမ္မော်သီးတွေ၊ လိမ္မော်သီးတွေ လေးလုံးတစ်ရာ၊ လေးလုံးတစ်ရာ"





လိမ္မော်သီးတွေမြင်တော့ မစားဘူးသေးသော ပြုံးရီကလေးကို ဝယ်ကျွေးချင်စိတ် ဖြစ်မိသည်။

အိတ်ကပ်ထဲစမ်းကြည့်တော့ နောက်ဆုံးလက်ကျန် နှစ်ရာတန် အနွမ်းကလေး စမ်းမိ၏။

တံတွေးမျိုချလိုက်မိသည်။ နောက် လိမ္မော်သီးသည်နားချဉ်းကပ်၍၊

"လိမ္မော်သီး ဘယ်လိုရောင်းလဲ"

လိမ္မော်သီးသည်က မကြည်မလင်နှင့်

"လေးလုံးတစ်ရာလေဗျာ၊ အော်နေတာမကြားဘူးလား"

ပြုံးရွှင် ကိုယ်ကိုယ့်ပြီး၊

"ငါး ငါးလုံးမရဘူးလားဗျာ၊ ကလေးမစားဘူးလို့ ကျွေးချင်လို့ပါ"

လိမ္မော်သီးသည်က ဘုကြည့်ကြည့်သည်။ ပြီးနောက် ဇိုးဇိုးဇတ်ဇတ်နှင့် လိမ္မော်သီးငါးလုံး ကောက်ယူပြီး၊

"ရော့ ငါးလုံး တစ်ခါပဲရမယ်"

ပြုံးရွှင် လိမ္မော်သီးကို ဝမ်းသာအားရကမ်းယူပြီး၊

"ကျေး ကျေးဇူးပါပဲဗျာ၊ ရော့ ပိုက်ဆံ၊ တစ်ရာပြန်အမ်းပါဦး"

လိမ္မော်သီးငါးလုံး လက်ထဲရောက်လာသည်။ တစ်လုံးကို အခွံနွှာ၍ ပြုံးချိုပါးစပ်ထဲ ထိုးထည့်လိုက်သည်။ ကလေးငယ်က မစားဘူး၍ အနည်းငယ် ရှုံ့တွန့်တွန့်ဖြစ်သွားလည်း နောက် အကြိုက်တွေ့သွားပုံရ၏။

"အဲ"

လက်ထဲတွင် လိမ္မော်သီးက လေးလုံးပိုနေသည်။ ပြုံးရွှင်က ခေါင်းကုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"လေးလုံးပို့နေပြီ"

"ဘာ"

လိမ္မော်သီးသည်က ထအော်သည်။ နောက် ခါးကိုထောက်ပြီး

"ဟော့လူ ဒီအကွက်တွေရိုးနေပြီ၊ ခင်ဗျား အဲဒီလေးလုံးကို ကျုပ်ကို တစ်ရာနဲ့ ပြန်ရောင်းမလို့ မဟုတ်လား၊ သွားပါဗျာ"

ပြုံးရွှင်က သူ့နဂိုပြုံးမျက်နှာကို ထပ်ပြုံးလိုက်ပြီး၊

"အဲ အဲလိုမဟုတ်ပါဘူးဗျာ၊ ဒီလိုပါ"

ဆိုကာ ဘေးနားဝေ့ကြည့်လိုက်သည်။ ထင်းရှူးပုံးတစ်ပုံးကို လက်ညှိုးထိုးပြီး၊

"ခဏယူမယ်နော်"

လိမ္မော်သီးသည်မှ သူ ဘာလုပ်မှန်းမသိ၍ ကြည့်နေသည်။

ပြုံးရွှင်က ထင်းရှူးပုံးကို ယူလိုက်သည်။ နောက် သူ့လက်ထဲမှ လိမ္မော်သီးလေးလုံးကို ထင်းရှူးပုံးပေါ် တင်လိုက်ပြီး၊

"လိမ္မော်သီးတွေ လေးလုံးတစ်ရာ၊ လေးလုံးတစ်ရာ၊ လေးလုံးဝယ်ရင် အင်မတန်ရယ်ရတဲ့ ဟာသတစ်ခု



"လိမ္မော်သီးတွေ
လေးလုံးတစ်ရာ၊
လေးလုံးတစ်ရာ၊
လေးလုံးဝယ်ရင်
အင်မတန်ရယ်ရတဲ့
ဟာသတစ်ခုပြောပြမယ်"



ပြောပြမယ်"

"ဟင်"

လိမ္မော်သီးသည် မျက်လုံးပြူးသွား၏။ နောက်မှ သတိရပြီး

"ဟင် ဟင် ဒါက"

ပြုံးရွှင်က ခပ်တည်တည်နှင့်၊

"ကိုယ့်စီးပွားရေးကိုယ်လုပ်၊ လာနော်၊ ပြုံးရွှင်ရောင်းတဲ့ လိမ္မော်သီး လေးလုံးတစ်ရာ၊ ဟာသပါပြောပြမယ်"

သူ့အသံကြားသည်နှင့် အဒေါ်ကြီးတစ်ယောက်က

"ဟယ် လူရွှင်တော်ပြုံးရွှင်ကြီးတော့၊ လိမ္မော်သီးဝယ်ဖို့ လုပ်နေတာနဲ့ အတော်ပဲရှင့်၊ ကဲ ပြောပါဦး ဟာသတစ်ခု"

"မောင်တင်မောင်နဲ့ မြနှစ်လေးတို့ သမီးရည်းစား ကွဲသွားပြီဗျ"

"ဘာဖြစ်လို့"

"သိတဲ့အတိုင်း မောင်တင်မောင်က ထိပ်ပြောင်ခေါင်းတုံးလေ"

"အဲဒါနဲ့ မြနှစ်က ကွဲရောလား"

"မဟုတ်ဘူး"

"ဘာလို့"

"တင်မောင့်အိတ်ထဲမှာ လိပ်ခွံဘီးတွေလို့ဗျို့၊ လိပ်ခွံဘီးတွေလို့၊ အဲဒါကြောင့်ကွဲတာ"

"ဟယ် ဒီထိပ်ပြောင်နှယ် လိပ်ခွံဘီးနဲ့ ဘယ်နေရာဘာတွေဖြီး၊ အယ် ဟား ဟား ဟား"

အဒေါ်ကြီးက သူ့ဘာသာသူ သဘောပေါက်ပြီး ခွက်ထိုးခွက်လန်ရယ်သည်။ ရယ်လို့ပြီးမှ၊

"အောင်မလေး အဲဒီလောက်မရယ်ရတာ ကြာပါပြီတော်၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ ရော့ ရော့ နှစ်ရာ၊ ပြန်မအမ်းနဲ့၊ ဒီလေးလုံးယူသွားပြီ"

"သွားလေရာ ဘေးမသီရန်မခဘဲ လိုအင်ဆန္ဒ တစ်လုံးတစ်ဝ တည်း ပြည့်ပါစေဗျာ"

ပြုံးရွှင်လက်ထဲ နှစ်ရာတန်ရောက်လာသည်။ ဒါကို ပြုံးရွှင်က လိမ္မော်သီးသည်ဖက်လှည့်ပြီး၊

"နှစ်ရာဖိုးလောက်"

လိမ္မော်သီးသည်က တင်းပြီး ပြုံးရွှင်ကိုကြည့်သည်။ ပြုံးရွှင်က ရုပ်ကလေးခံပြီး၊

"ပိုက်ဆံပေးဝယ်တာပါဗျာ၊ ရောင်းပေးစမ်းပါ"

လိမ္မော်သီးသည်က ဆောင့်ကြီးအောင့်ကြီးနှင့် လိမ္မော်သီး ရှစ်လုံး ရွေးချပေးသည်။ ပြုံးရွှင်က အတွန့်တက်၍၊

"ဆယ်လုံးမရဘူးလားဗျာ"

လိမ္မော်သီးသည်က မကြည်မလင်ဟန်နှင့် လိမ္မော်သီးနှစ်လုံး ထပ်ပေးသည်။ ပြုံးရွှင်က လိမ္မော်သီးများကို ထင်းရှူးပုံးပေါ်တင်ပြီး

"လိမ္မော်သီးတွေ၊ လိမ္မော်သီးတွေ၊ ပြုံးရွှင်ရောင်းတဲ့ လိမ္မော်သီး၊ လေးလုံးမှတစ်ရာတည်း၊ တစ်ရာဖိုးဝယ်ရုံမျှနဲ့ ဟာသတစ်ပုဒ် ပြောပြမယ်"

ပြုံးရွှင်အော်သံကြားသည်နှင့် ပြုံးရွှင်ကိုသိသော လူတချို့ ရောက်လာကြသည်။

"ဟယ် လူရွှင်တော်ပြုံးရွှင်ကြီးတော့၊ လိမ္မော်သီး လာရောင်း နေတယ်၊ သွားဝယ်ရအောင်"

"ဒီကိုတစ်ရာဖိုး ကိုပြုံးရွှင်၊ ဟာသပြောပြ"

"ဒီကိုလည်း တစ်ရာဖိုး၊ ရယ်စရာကောင်းကောင်းလေး ပြော ပြပါဦး"

ပြုံးရွှင်နား လူတွေဝိုင်းနေသည်။ ပြုံးရွှင်က နံဘေးနားက





> "လူတွေက
> ကြက်မရဲ့ခံယူချက်ကို
> သဘောကျသွားတယ်၊
> ဒါနဲ့ သတင်းထောက်တွေက
> မကျေနပ်နိုင်ဘဲ
> ကြက်မယောကျ်ား
> ကြက်ဖကို သွားမေးတယ်"

လိမ္မော်သီးကိုပင် ယူ၍၊

"ကဲ ဒီမှာတစ်ရာဖိုး၊ ဟာသ ပြောပြရမပေါ့"

"ကြက်မတစ်ကောင်က ဆယ် ပေါင်ရှိတဲ့ ဥကြီးတစ်လုံးဥသဗျ"

"ဟယ် ကြက်မက ဆယ်ပေါင် ရှိတဲ့ဥ ဥတယ်၊ ဟုတ်ပါ့မလား"

လူတွေက ပွဲဈေးလို ကျွတ်စီ ကျွတ်စီ။ ပြုံးရွှင်မှ ဆက်၍

"ဒါနဲ့ သတင်းထောက်တွေက ကြက်မကို ဒီလိုမေးတယ်"

ပြုံးရွှင်က သရုပ်ပင် ဆောင် ပြသေး၏။

"ဆောင်ပုဒ်က"

"ကိုယ်လုပ်မှ ကိုယ်ရမယ်"

"အနာဂတ်ရည်မှန်းချက်"

"ဆယ့်ငါးပေါင်ကြီးတဲ့ ဥတစ် လုံးဆက်ဥမယ်"

"လူတွေက ကြက်မရဲ့ ခံယူ ချက်ကို သဘောကျသွားတယ်၊ ဒါနဲ့ သတင်းထောက်တွေက မကျေနပ်နိုင် ဘဲ ကြက်မယောကျ်ား ကြက်ဖကို သွားမေးတယ်"

"ကြက်ဖကြီးဆောင်ပုဒ်"

"ကိုယ်မလုပ်လည်း သူရချင်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

"အနာဂတ်ရည်မှန်းချက်"

"ဘေးအိမ်က ကြက်ဆင်ကြီးမျက်နှာ လက်သီးနဲ့ထိုးချင်တယ်"

လူတွေ ဝါးခနဲပွဲကျသွား၏။

"ဒါဆို ကြက်မက ဘေးအိမ်က ကြက်ဆင်နဲ့ ကြိုက်နေတာပေါ့"

"တော်တော်ဆိုးတဲ့ ကြက်မ၊ ရော့ တစ်ရာ၊ လိမ္မော်သီး လေးလုံးပေးပါဦး"

ပြုံးရွှင်၏လိမ္မော်သီးလည်း ကုန်ပေပြီ။ ထို့ကြောင့် ဘေးနားက ပင်ရင်းလိမ္မော်သီးသည်ကို၊

"လုပ်ပါဦးဗျာ၊ နှစ်ရာဖိုးလောက်"

သူစကားကြားသည်နှင့် လိမ္မော်သီးသည် ခါးထောက်ပြီး

"နေပါဦး၊ ခင်ဗျား ဒါမျိုးကို ဘယ်အချိန်ထိ လုပ်နေမှာလဲ"

ပြုံးရွှင်က မျက်နှာငယ်လေးနှင့်၊

"မိသားစုထမင်းဖိုးပါဗျာ၊ ဟောဒီလူမမယ်ကလေးနဲ့ အိမ်မှာလေဖြတ်ထားတဲ့မိန်းမ ထမင်းစားရရင် တော်ပါပြီ"

လိမ္မော်သီးသည်မှ သက်ပြင်းချသည်။ ကိုယ်ချင်းစာစွာကြည့်၏။ အတန်ကြာမှ၊

"ဒီလိုလုပ်ဗျာ၊ ခင်ဗျားလည်း အဲဒီမှာရောင်းမနေနဲ့"

"ဘယ်လို"

"ကျွန်တော့်ဆီမှာ ဝင်ရောင်းပေး၊ ခင်ဗျားတို့အိမ်အတွက်ဈေးဖိုး ကျွန်တော်ပေးမယ်"

"ဗျာ တကယ်လား၊ ဝမ်းသာလိုက်တာဗျာ၊ ဝမ်းသာလိုက်တာ"

မျက်နှာပေါက်ဆိုးသော်ငြား စိတ်ကောင်းရှိသော လိမ္မော်သီးသည်က ပြုံးသည်။

"တကယ်ပြောတာပါဗျာ၊ ခင်ဗျား ကျွန်တော့်ဆိုင်မှာသာ ရောင်း၊ ကျွန်တော်လွှဲပေးလိုက်ပါ့မယ်"

ပြုံးရွှင် ဝမ်းသာသွားသည်။ နောက် ပါးစပ်ထဲ လိမ္မော်သီးဗရပွနှင့် မျက်လုံးလေး ကလယ်ကလယ် ငြိမ်သက်နေသော သမီးငယ်ကို ပွေ့ချီပြီး၊

"တွေ့လားသမီး၊ မင်းအဖေ လူရွှင်တော်မို့ သမီးတို့ ထမင်းမငတ်တာ၊ မင်းအဖေလူရွှင်တော်မို့ကွ"

> ဩော်
> လူရွှင်တော်ဆိုတာ
> ရင်ထဲမှာလည်း
> အပူနှင့်ပေပြား
> တစ်ပါးသူ၏
> အပူများကိုတော့
> ငြိမ်းပေးတတ်ပါကလား။

ပြုံးရွှင်က အလုပ်အကိုင်လေး အဆင်ပြေမယောင်ပြုသည်နှင့် သူ၏လူရွှင်တော်ဘဝကို ဂုဏ်ယူစွာ ပြောသည်။

ဩော် လူရွှင်တော်ဆိုတာ အကောင်းမြင်သမားတွေပဲလေ။

ထိုနေ့မှစ၍ ထိုဈေးထဲ၌ လူရွှင်တော်ပြုံးရွှင်၏ လိမ္မော်သီး ဆိုင်ကလေးမှာ လူစည်ကားနေလေတော့သည်။

အိမ်တွင် မည်မျှပူပင်ခဲ့ပါစေ ဈေးထဲ၌ လိမ္မော်သီးလူရွှင်တော်နှင့် တွေ့လျှင် ခဏတာအပူများ ငြိမ်းအေးစေကြလေတော့သတည်း။







www.burmeseclassic.com

www.burmeseclassic.com



ဩော် လူရွှင်တော်ဆိုတာ ရင်ထဲမှာလည်း အပူနှင့်ပေပြား တစ်ပါးသူ၏အပူများကိုတော့ ငြိမ်းပေးတတ်ပါကလား။

ကိုယ်တိုင်က ပူလောင်နေပေပြား တစ်ပါးသူ၏အပူများ ငြိမ်းပေးတတ်သူ။

×××××







"သီတင်းကျွတ်လ၊ လှူပြလောဘ ထွက်သောခါဝယ်
သောက်ရာတကောင်း သင်းပျံ့လျှောင်းနှင့်
ဆုတောင်းရည်ညွှန်း ရေစက်သွန်းလော့"

ရာသီလွန်ပြောင်း၍ တစ်နှစ် တစ်နှစ်နှင့် ဇာတ်နားခဲ့ရချိန် သီတင်းကျွတ်လပင် ပြန်ရောက်ပေပြီ။

ပြုံးရွှင် လိမ္မော်သီးသည်ဘဝ၌ သုံးနှစ်တာကာလ အသား ကျနေပြီ။

အများကြီးမရသော်ငြား အူစိုအောင်တော့ စားရသည်။ ငွေပိုငွေလျှံတော့မရှိ။ တစ်နေ့လုပ်လိုက် တစ်နေ့စားလိုက်နှင့် ပုံမှန် တော့လည်းပတ်ပါသည်။ သို့သော် ဇနီးသည် ခင်မြရီ၏ ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



မှာ အရင်ကထက် ပိုဆိုးဝါးနေပေပြီ။

ငွေပိုငွေလျှံကလည်းမရှိ။ သူတစ်ပါးလို မနိုးတတ်၊ မဝှက်တတ်၊ မလိမ်ညာတတ်၊ မချေးငှားတတ်လေတော့ ဝေဒနာသည်ကို ဒီအတိုင်းသာ ကြိတ်မှိတ်ကြည့်နေရလေသည်။

လိမ္မော်သီးသည်ပိုင်ရှင်ကို ပြောဖို့ကျပြန်တော့လည်း အဆင်ပြေလျှင်တော့ကောင်း၏။ အဆင်မပြေဘဲ အလုပ်ကပါ ထုတ်လိုက်မှဖြင့် လက်ရှိစားအိုးကလေးပင် ကွဲရပေမည်။ ထို့ကြောင့် အဆင်မပြေဟူသောစကားကို စပင်မစရဲ။

သမီးကလေးပြုံးရီအတွက်က မပူရ။ ကျန်းမာရေး ဒေါင်ဒေါင်မြည်သည့်အပြင် ဖခင်ကို တွယ်တာလွန်း၏။

တွယ်တာလွန်းသည်ကလည်း အခက်ပင်။

ဖခင်ရင်ခွင်ထဲ၌ပင် ငြိမ်သက်နေတတ်သော်ငြား မည်သူခေါ်ခေါ် မလိုက်။ တစ်ယောက်ယောက်လက်ထဲ ရောက်သည်နှင့် သည်းထန်စွာ ငိုကြွေးပေတော့သည်။ ဤသည်ကလည်း ဒုက္ခတစ်မျိုးပင်။

နဂိုပျော်ရွှင်နေသော မျက်နှာကြီးနှင့် ဒုက္ခမျိုးစုံ ရင်ဝယ်ပိုက်ထားရလေသည်။ ဤသည်ကလည်း ဘဝပေးကုသိုလ်ကံတစ်ခုပင်။ မတတ်နိုင် ကံဇာတ်ဆရာက ပေးထားသောလက်ဆောင်ကိုး။

"ကဲ ဟောဒီမှာ နှစ်ရာဖိုးလေးလုံးဗျာ၊ လေးလုံးဆိုလို့ မျက်မှန်နဲ့ အဒေါ်ကြီးကို ရောင်းမှာမဟုတ်ဘူး၊ လိမ္မော်သီးကို ရောင်းမှာဗျ"

"လိမ္မော်သီးဆိုလို့ ဈေးတုန်းကလိမ္မော်သီးသည် ကိုလှူနကို သတိရသဗျ၊ သူရောင်းတဲ့လိမ္မော်သီးက နှစ်လုံးကိုသုံးကျပ်တဲ့ဗျ"

"အဲဒီမှာ လာဝယ်တဲ့ ကိုလှူလည်က မေးတယ်"

"ဟော့လူ၊ ခင်ဗျားလိမ္မော်သီးက နှစ်လုံးသုံးကျပ်နော်တဲ့"

"ကိုလှူနကလည်း ဟုတ်ရဲ့ဗျ၊ နှစ်လုံးသုံးကျပ်ပါခင်ဗျ"

"ကိုလှူလည်က ဆက်ပြောတယ်"





"ဒါဆို သုံးကျပ်နှစ်လုံးပေါ့"

ဆိုတော့ ကိုလှူန ကြောင်သွားတယ်၊ ဒါနဲ့ပဲ

"ဗျာ ဘယ်လိုဗျ၊ ခင်ဗျားပြောတာ မရှင်းလို့ဆိုတော့ ကိုလှူလည်က"

"ဟာဗျာ၊ သုံးကျပ်နှစ်လုံးနဲ့ နှစ်လုံးသုံးကျပ်ဆိုတော့ အတူတူပေါ့ဗျ၊ ဟုတ်ဘူးလား"

ဆိုတော့ ကိုလှူန သဘောပေါက်ပြီး

"ဟာဗျာ၊
သုံးကျပ်နှစ်လုံးနဲ့
နှစ်လုံးသုံးကျပ်ဆိုတော့
အတူတူပေါ့ဗျ၊
ဟုတ်ဘူးလား"
ဆိုတော့
ကိုလှူန
သဘောပေါက်ပြီး

"ဟုတ်ပါ့ဗျာ၊ သုံးကျပ်နှစ်လုံးနဲ့ နှစ်လုံးသုံးကျပ် အတူတူပေါ့ဆိုလိုက်တာနဲ့ အကွက်ဝင်လာတဲ့ ကိုလှူလည်က"

"ဒါဆို နှစ်ကျပ်သုံးလုံးပေါ့တဲ့"

"ကိုလှူန စဉ်းစားနေတုန်းမှာပဲ ကိုလှူလည်က"

"ဟော့လူ ဘာစဉ်းစားနေတာလဲ၊ နှစ်လုံးသုံးကျပ်၊ နှစ်ကျပ်သုံးလုံး၊ သုံးလုံးနှစ်ကျပ် အတူတူပေါ့ ဟုတ်ဘူးလား"

ကိုလှူနလည်း ရှည်ရှည်စဉ်းစားနေရင် သူနရာကျမှာကိုး။ ဒါကြောင့်

"ဟုတ်ပါ့၊ ဟုတ်ပါ့၊ နှစ်လုံးသုံး



www.burmeseclassic.com

www.burmeseclassic.com



ကျပ် သုံးလုံးနှစ်ကျပ်၊ သုံးလုံးနှစ်ကျပ်၊ နှစ်ကျပ်သုံးလုံး၊ အားလုံးအတူတူပါပဲဗျ၊ လိုသလောက်ဝယ်ပါဆိုတော့ ကိုလူလည်က”

“ဒါဆို ဒီမှာနှစ်ကျပ်၊ ပေး လိမ္မော်သီးသုံးလုံးဆိုပြီး ယူသွားလေရဲ့ဗျ၊ ကျွန်တော်ကတော့ အဲလိုဟုတ်ပေါင်ဗျာ၊ လေးလုံးမှ တစ်ရာ တစ်ရာဖိုးဆို လေးလုံး၊ ဝယ်သူကြိုက်ရင် ငါးလုံးပေးမဗျ”

သူ့စကားမဆုံးခင်မှာပင်၊

“ဟော့လူ ပြုံးရွှင် ရှာလိုက်ရတာဗျ”

ကြည့်လိုက်တော့ ချီကောက်ဆိုင်းဆရာ စိန်လွင်ဆန်းကို တွေ့ရသည်။ သူ့ခမျာ ရေးကြီးသုတ်ပျာနှင့်၊

“ဘာများဖြစ်လာရတာတုန်း ဆိုင်းဆရာ စိန်လွင်ဆန်းရဲ့”

စိန်လွင်ဆန်းက ထွက်လာသည့် ဇောချွေးများသုတ်ပြီး

“ဘာဖြစ်ရမှာလဲဗျ၊ ဒီနားကရွာသစ်မှာ အလှူပွဲလက်ခံထားတာ”

“အဲဒီတော့”

“အဲဒီမှာ ကျုပ်တို့ဆိုင်းက နောက်ထ ဦးထူးပိုကြီး အိပ်ရာထဲလဲလို့ဗျ”

“အဲ”

“အဲဒါဗျာ၊ နောက်ထကလည်း ချစ်ပိုတစ်ယောက်ကျန်တာ၊ ဒီကောင်ကလည်း ပညာရည်က ပြည့်တာမဟုတ်ဘူး၊ နောက် ဒီပွဲက ဆိုင်းပြိုင်ကြီးဗျ၊ ဟိုဖက်ကလည်း ဆိုင်းဆရာမော်ထူးသစ်က တီးမှာ၊ နောက်က လူရွှင်တော်တွေကလည်း ဦးကျောက်ခဲနဲ့ ဦးပလာတူးဗျ၊ သူတို့နဲ့ဆို ကျုပ်ခံရမှာ၊ အဲဒါ ကိုပြုံးရွှင်ကြီး တစ်ပွဲလောက်လိုက်က, ပေးပါ၊ ပွဲလှသွားအောင်ပါ”

“ဟင်”

ခေါ်သံကြားသည်နှင့် မရိုးမရွှဖြစ်သွားရသည်။ နားထဲတွင်





လည်း ဆိုင်းသံဗုံသံများ ကြားလာရသည်။ ယခင်က စင်ပေါ်ပျော်ခဲ့ရသည်များ ဖုံးမရဖိမရ ပြန်ပေါ်လာလေသည်။ သို့သော် အရှေ့ပြန်လှည့်ကြည့်တော့ လိမ္မော်သီးတောင်းကြီး။ ထို့ကြောင့် ကိုယ့်ရှိန်သတ်ပြီး၊

“အို မဖြစ်ပါဘူးထင်ရဲ့ဗျာ၊ ခင်ဗျားနောက်လိုက်သွားတော့ ကျုပ်လိမ္မော်သီးတွေ ဘယ့်နှယ်ထားမှာတုန်း”

ဆိုင်းဆရာ စိန်လွင်ဆန်းက မျက်နှာငယ်လေးနှင့်၊

“တောင်းပန်ပါတယ် ကိုပြုံးရွှင်ရာ၊ ဒီပွဲက ဆိုင်းပြိုင်ပွဲဗျ၊ ဟိုဖက်ကလည်း ဦးကျောက်ခဲတို့ကိုယှဉ်ဖို့ ကိုပြုံးရွှင်လောက်မှဖြစ်မှာ၊ ဒီပွဲမှာ ကျုပ်ရှုံးလို့ကတော့ တစ်သက်လုံးသွားပြီဗျ”

ပြုံးရွှင် သွားချင်စိတ် မသွားချင်စိတ်တို့ လွန်ဆွဲနေ၏။

“မ မသွား၊ မလိုက်ချင် မလိုက်ချင်ဘူးဗျာ”

“လိုက်ခဲ့ပါဗျာ၊ ချီကောက်ဆိုပေမယ့် ပွဲကြေးအပြည့်ပေးမှာပါ”

ဟိုကလည်း အတင်းဆွဲသည်။

“မလိုက် မလိုက်ဘူး ဆို ဆိုမှဗျ”

“လိုက်ခဲ့ပါ ကိုပြုံးရွှင်ရာ၊ ခင်ဗျားပညာတွေ ဘယ်နားသွားသိမ်းထားမှာလဲ”

ပြုံးရွှင် ဇာတ်ပညာစကားကြားတော့ ကြွက်တက်ချင်သလိုပါ ဖြစ်လာ၏။ သို့သော်၊

“မလိုက် မလိုက်”

“လိုက်ခဲ့ပါဗျာ၊ ပွဲကကောင်းလွန်းလို့ပါ”

“မလိုက် လိုက် လိုက်”

ပြုံးရွှင် ဘယ်လိုမှ မမာနိုင်တော့။

“ကဲ ဒါဖြင့်လည်းလိုက်ခဲ့မယ်ဗျာ၊ ဒီ ဒီလိမ္မော်သီးတွေက”

“ဘေးဆိုင်အပ်ခဲ့စမ်းပါဗျာ၊ ဟိုမှာ ပွဲကစတော့မယ်၊ ဟိုဖက်



www.burmeseclassic.com

www.burmeseclassic.com



က မော်ထူးသစ်တို့ အရင်တီးပြီး ကျုပ်မတီးနိုင်ရင် ကျုပ်သေမှာဗျ”

“ကဲ ဒါဆိုလဲ”

“ဘေးနားက ဒေါ်ဘုမတို့ ဒေါ်ခနောင်းတို့ရေ ကျုပ် လိမ္မော်သီးတောင်းလေး ကြည့်ပေးကြဗျ၊ ကျုပ် ဆိုင်းပွဲချီကောက်လေးတစ်ပွဲ ပြေးဆွဲလိုက်ချင်လို့၊ ခင်ဗျားတို့လည်း ကြည့်ချင်လိုက်ခဲ့ကြဗျ”

ဆိုကာ လိမ္မော်သီးခြင်းကိုပစ်ကာ ဈေးထိပ် သုတ်ချေတင်သွားလေသည်။

တောင်ရှည်အတွက်က ပူစရာမလို။ ဒီလိုချီကောက်ခေါ်လျှင် ကနိုင်ရန် အမြဲ လွယ်အိတ်ထဲ ထည့်ထားနှင့်ကိုး။

သြော် ဇာတ်သမားများ ဇာတ်စင်နှင့်ဆိုင်းသံကို မယားထက် ို့ချစ်ကြသူတွေလေ။

xxxxx



BURMESE CLASSIC .com



“မှိုင်းပြမှုးဝေ၊ သက်သာပြေအောင်၊ ရွှေလက်ကိုထုတ်၊ လက်ဖက်အုပ်တောင် ဖွင့်မစားနိုင်အား ညင်သာညက်ညောင်းညောင်းသံအစချီ ဆိုင်းစည်တီးသွားလိုက်တာ ဘယ်သူ့တုန်း ကိုချစ်ပိုရဲ့”

“ဇနပုဒ်စား လယ်စားမဟုတ်၊ ရွာစားကျော် စိန်လွင်ဆန်းကိုးဗျ”

“လက်သံသာသာယာနဲ့ ဝိုင်းတော်ကို တို့ထိသွားတာများ အောင်မလေး နတ်စောင်းတော်ပေါ် ပုစဉ်းပျံဝဲသွားသလိုပါပဲလား၊ လှလိုက်တဲ့ဆိုင်း၊ တယ်သာတဲ့အသံ၊ ကဲ တစ်ဖန်ပြန်ကြားရအောင် ရွာစားစိန်လွင်ဆန်းရေ”



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဗျ ကိုပြုံးရွှင်"

"အလှကန့်လန့်ကာကိုဖွင့်"

ဆိုင်းသံသာသာယာ ကြားရ၏။ ပြုံးရွှင် ဆိုင်းနောက် ဇာတ်တုတ်ထိုင်ရင်း သူ့ကိုငေးကြည့်နေသော သမီးငယ်ပြုံးရီကို ချော့မြှူရသေး၏။

"သမီးလေး ငြိမ်ငြိမ်နေနော်၊ ဖေကြီး ခဏနေရင် ပြီးတော့မှာသိလား၊ ပြီးမှ အိမ်ပြန်မယ်နော်"

သမီးငယ်က နားလည်လား နားမလည်လားမသိ သူ့ကိုတော့ငေးကြည့်နေသည်။

ငယ်စဉ်က ကြားခဲ့ဖူးသော ဆိုင်းသံဗုံသံ ယခုတစ်ဖန် ပြန်ကြားတော့ အံ့အားသင့်နေပုံပေါ်၏။ မျက်လုံး ကလယ်ကလယ်နှင့် ငြိမ်သက်နေရှာသည်။

"ဟေ့လူ ကိုပြုံးရွှင် ထ ထတော့၊ ဆိုင်းက သီချင်းပြီးနေပြီ၊ ဟိုဖက်ကဝင်သွားမှဖြင့်"

ချစ်ပို သတိပေး၍ ပြုံးရွှင် ပြန်ထလိုက်ရသည်။ သူထလိုက်ချိန်မှာပင် ဆိုင်းသံက တိခနဲ ကွက်တိရပ်သွား၏။

"ဟယ် စိန်လွင်ဆန်း အရှင်မွေး၍ နေ့ချင်းကြီးသလားကွယ့်"

"မျိုးရိုးကိုက ရွာစားမျိုးကိုးခင်ဗျ"

ဆိုင်းပြိုင်မို့ တစ်ဖက်ဆိုင်းကို အခွင့်အရေးပေး၍မရ။ ဟိုဖက်ဝိုင်းဝင်သွားလျှင် ကိုယ့်အလှည့်က တော်ရုံနှင့်မလွယ်။ ထို့ကြောင့် ဆိုင်းပြိုင်ဝိုင်းပြိုင်များတွင် နောက်ထ၏သဘာက အရေးကြီးသည်။

"ဒီပွဲက ဘာပွဲတုန်းချစ်ပိုရဲ့"

"အလှူရှင် ဦးထွန်းသာနဲ့ အလှူ့အစ်မ ဒေါ်ကြာညိုတို့ရဲ့ ရှင်တစ်ရာအလှူပွဲလေ"

"မွန်မြတ်ပါပေ့ကွယ်၊ ကျွေးလိုက်တာကလည်း ထမင်းရည်





> လူတိုင်း လူတိုင်း
> ဝိုက်ပြည့်အောင်လည်း စားရ၊
> ဆိုင်းသံကိုလည်း
> နားထောင်ရ၊
> ရယ်စရာစကားများလည်း
> ကြားရ၍
> ငြိမ့်ငြင်တယ်ကိုမရှိ။

ချောင်းစီးရုံမက တစ်ရွာလုံးကို မီးခိုးတိတ်ပါရော့လား"

"ရွာနီးချုပ်စပ်ပါ မီးခိုးတိတ်ပါ"

"အားကျလိုက်တာ၊ အားရလိုက်တာ၊ ဒါနဲ့ မောင်ချစ်ပို"

"ဆိုပါဦး အစ်ကိုပြုံးရွှင်ရဲ့"

"ငါအားအကျဆုံးက ဘာလဲသိလား"

"အင်း ပြောပါဗျ"

"အလှူအစ်မကြီးရဲ့ နားတောင်းဗျ"

"အလှူ့အစ်မကြီးရဲ့ နားတောင်း ဟုတ်လား၊ ကိုပြုံးရွှင် ဘာလုပ်ဖို့တုန်း"

"ဟဲ့ ငါလည်းပန်ချင်လို့ဟ"

"မလုပ်ပါနဲ့ ကိုပြုံးရွှင်ရာ"

"ဘာလို့တုန်း"

"မသာနဲ့နားတောင်း မလိုက်လွန်းလို့ပါဗျာ"

"အင် အင်"

လူတွေက ပြုံးရွှင်တို့ပြက်လုံးနှင့် ပြုံးရွှင်၏ရုပ်ခံကို ရယ်ကြသည်။

"ဟော့ကောင် ငါက မသေသေးဘူးကွ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆို မသေခင်က ပုပ်နေတာပေါ့"

"အင် အင်"

ပြုံးရွှင် ရုပ်ခံလိုက်သည်နှင့် လူတွေကရယ်ကြပြန်သည်။

"ဟဲ့ ဘယ့်နှယ်ပုပ်ရမှာတုန်း၊ နေကပူ၊ လူကပူ၊ အလှူ့မီး ကမစဲတမ်းတည်ထားတော့ အပူတွေ လှိုက်ပြီး ချွေးတွေထွက်နေတာကွ"

"ဟင် ချွေးနံ့ကလည်း အရက်နံ့ကြီး"

အားလုံး ပြုံးရွှင်တို့ပြက်လုံးကို သဘောကျနေကြသည်။ တစ်ဖက်ဆိုင်းဝိုင်းမှပင် ပြုံးရွှင်တို့ကိုငေး၍

"ဟဲ့ ချစ်ပို မင်းမဟုတ်တာမပြောနဲ့"

"ဘာကိုတုန်း"

"ငါ အရက်ဖြတ်ထားပြီ"

"ဘယ်မှာဖြတ်တာတုန်း"

"ရွာကဘုရားမှာ အပြီးလှူခဲ့တာလေ"

"ဟင် မဟုတ်တာမပြောနဲ့၊ ခင်ဗျားနဲ့ကျွန်တော် ဒီအလှူပွဲလာတုန်းကတောင် လမ်းမှာ အာရွှင်အောင်ဆိုပြီး ဝင်ကစ်လာသေး"

"ဟင် ဟင် အဲဒါ အဲဒါက"

ပြုံးရွှင်၏ပါရမီက အံ့ဩဖို့ပင်ကောင်းသေး၏။ ပြုံးရွှင် ရုပ်ခံလိုက်သည်နှင့် အားလုံးရယ်မောကြသည်။

"ဟဲ့ မောင်ချစ်ပို"

"ဘာတုန်းဗျ"

"အဲဒါကဒီလိုကွ"

"ဘယ်လိုတုန်း"

"ငါရွာကိုပြန်ရောက်တော့ ကြီးတော်များက ရွာဘုရားမှာ သုရာမေရိယလှူခိုင်းသကွ"





"အဲဒီတော့"

"အဲဒီတော့ ငါလည်း သူတို့ကျေနပ်အောင် လှူခဲ့ရတာပေါ့"

"ဆိုပါဦး"

"ကျွန်တော် မောင်ပြုံးရွှင်သည် သုရာမေရိယကို ရာသက်ပန်လှူတန်းပါသည်ဘုရားပေါ့"

"အေးလေ၊ ဒါဆိုပြီးပြီပေါ့"

"မပြီးဘူးဟ"

"ဘာလို့တုန်း"

"မြို့ပြန်ရောက်တော့ မြို့ကသူငယ်ချင်းတွေနဲ့တွေ့တော့ ပြန်သောက်ချင်ပြန်"

"ဖြစ်ရပြန်ပြီ ခင်ဗျားကတော့"

"လူကလည်း မနေနိုင်တော့ မြို့ဘုရားပြန်သွားရပြန်ရော"

"ဘာသွားလုပ်တာတုန်း"

"ဘုရားကိုဦးချ၊ လက်အုပ်ကလေးချီပြီး အရှင်ဘုရား၊ တပည့်တော် ရွာကဘုရားမှာတော့ သုရာမေရိယကို လှူခဲ့ပြီးပါပြီဘုရား"

"အင်းလေ၊ ပြီးပြီပေါ့"

"အဲဒီတော့ ယခုမှာ မနေနိုင်လို့ ပြန်သောက်ပါတော့မယ်ဘုရား"

"ဟဲ့ အဲဒီလိုလား"

"အဲဒါ လှူခဲ့တဲ့ရွာကဘုရားကို မြို့ကအရှင်ဘုရားပဲ ပြန်ပြောလိုက်ပါဘုရား"

"အလို"

"ဘုရားအချင်းချင်းပြောတော့ ပိုရင်းနှီးပါတယ်ဘုရား"

လူတွေ ဝါးခနဲပွဲကျသွား၏။

"ကိုပြုံးရွှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်းဟ"

"ခင်ဗျားလုပ်မှ ဘုရားတွေ အလုပ်ရှုပ်ကုန်ပြီ"

"ဒါလေးပြောပေးတာ ဘုရားလည်း အပန်းကြီးမယ်မထင်ပါဘူးကွာ"

လူတွေက သူ့ပြက်လုံးကို ပွဲကျနေသည်။

"ခင်ဗျားကတော့လေ ငရဲအိုး ဖောက်ထိုးကျမဲ့လူကြီး"

"အလကားပြောတာပါ ချစ်ပိုရ"

"ဒီလိုလား"

"ငါက ငါးပါးသီလကို ခါးပတ်ပုဆိုးလို"

"မြဲတယ်ဆိုချင်တာလား"

"မကြာခဏပြင်ဝတ်တယ်လို့ ပြောမလို့ပါ"

"ဟယ် ဒီလူကြီးတော့ ချိုးကပ်တော့မှာ"

လူတွေက ရယ်မောကြပြန်သည်။

"ချစ်ပိုလား"

"ကိုပြုံးရွှင်ရေ"

"တို့တွေနဲ့လည်း မပြီးပါဘူး"

"ပရိသတ်က ရွာစားကျော်စိန်လွင်ဆန်းရဲ့အလှည့်ကို မျှော်နေပြီလား"

"မျှော်ရလွန်းလို့ အလျှုရှင်များ လည်ပင်းညောင်ရေအိုး ဖြစ်တော့မကွယ့်"

"အလှည့်ပေးပါစို့ရဲ့"

"ခုနက အသုံးတော်ခံသွားတာ ဘာသီချင်းတုန်းဟဲ့"

"အလှူရွှေလက်လေ ကိုပြုံးရွှင်ရဲ့"

"ကဲ ခုတဖန် အသုံးတော်ခံမှာက အလှူပေးတဲ့ သူဌေးလေးတဲ့ဗျ"





"ကြားချင်ပြီဗျ"

"ကြားချင်သပဆို နားဆင်သမို့ ရွာစားစိန်လွင်ဆန်းရေ အလှူ့သူဌေးကလေးများ တစ်ချက်အပြုံးကို မြင်ရဖို့ ပတ်လုံးကို ဖြည်းဖြည်းလေးတို့"

ဆိုင်းသံတို့ဖြင့် ဝေစီညံနေပြန်သည်။

ပျော်စရာကောင်းသော ပွဲလေးပင်။

လူတိုင်းလူတိုင်း ဗိုက်ပြည့်အောင်လည်း စားရ။ ဆိုင်းသံကိုလည်း နားထောင်ရ။ ရယ်စရာစကားများလည်း ကြားရ၍ ငြီးငြင်တယ်ကိုမရှိ။

အားလုံး နိဗ္ဗာန်အတိဟု ဆိုရမလောက်ပင်။

သို့သော်...

×××××



www.burmeseclassic.com

www.burmeseclassic.com





ဈေးကားကွဲနေပြီ။

ဈေးထဲတွင် လူတစ်ဦးမှလွဲ၍ တစ်ယောက်မှမရှိတော့။

ထိုသူသည် ကြဲပျံ့နေသော လိမ္မော်သီးခြင်းများအလည် မလှုပ်မယှက် ငုတ်တုတ်ထိုင်နေလေသည်။

လိမ္မော်သီးတောင်းများကိုမူ နွားများ၊ ဆိတ်များ ဝင်ဆွဲနေလေ၏။

မြုံးရှင် အခြေအနေကို ရိပ်မိသွားပေပြီ။ ခုန အလှူအိမ်တွင် ပျော်ခဲ့သော အပျော်များပင် ပျောက်ဆုံးကုန်ပြီး ဇောချွေးများ စိမ့်ထွက်လာသည်။

ပွဲကချင်လွန်း၍ လိုက်သွားမိရာမှ လိမ္မော်သီးတောင်းကို





ပြန်လာသိမ်းဖို့ မေ့ခဲ့လေပြီ။

မြုံးရှင်မှာ သူ့ကြောင့် ပျက်စီးသွားသော အရာများဖြစ်သော်ငြား ထွက်လည်းမပြေးရဲ၊ ပြောလည်းမပြောရဲရှာပေ။ သို့သော် ရိုးသားသူ ဖြစ်သည့်အလျောက် လိမ္မော်သီးပိုင်ရှင်နား မနီးတရိုကပ်လိုက်သည်။ ဟိုက မကျေနပ်၍ ထိုးလျှင်လည်း ခံရပေတော့မည်။ ထို့ကြောင့် တိုးညှင်းသောလေသံဖြင့်

မြုံးရှင်မှာ
သူ့ကြောင့်
ပျက်စီးသွားသော
အရာများဖြစ်သော်ငြား
ထွက်လည်းမပြေးရဲ၊
ပြောလည်းမပြောရဲရှာပေ။
သို့သော် ရိုးသားသူ
ဖြစ်သည့်အလျောက်

"ကျွန်တော် ကျွန်တော် တောင်းပန်ပါတယ် ကိုအောင်မောင်းရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

လိမ္မော်သီးပိုင်ရှင် ဦးအောင်မောင်းက သက်ပြင်းချသည်။ မြုံးရှင်မှဆက်၍၊

"ကျွန်တော်ဗျာ ဆိုင်းဆရာ စိန်လွင်ဆန်းကိုလည်း အားနာ၊ ကျုပ်ကိုယ်တိုင်လည်း ဇာတ်ကချင်တာနဲ့ လိုက်သွားမိတာပါ"

ဦးအောင်မောင်း သက်ပြင်းထပ်ချသည်။ ပြီးနောက် တုန်ယင်ဆို့နင့်သော အသံဖြင့်၊

"ကျွန်တော်တို့ လက်လုပ်လက်စားတွေပါ ကိုမြုံးရှင်"

"ကျွန်တော် ကျွန်တော်သိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျာ၊ ကျွန်တော်သိပါတယ်"

"မရှိရှိတာလေး ပေါင်နှံရောင်းချပြီး ဒီအလုပ်ကလေးလုပ်တာပါဗျာ"

"ကျွန်တော်သိပါတယ်ဗျာ"

"ခြေနှစ်ချောင်းမကယ်ကောင်းဆိုတာ ဒါမျိုးပါပဲ ကိုပြုံးရွှင်၊ ခင်ဗျားကိုကယ်ခဲ့မိလို့ ကျွန်တော်ဒုက္ခရောက်တာပါ"

အသံတွေက တုန်ယင်နေကြသည်။ ဆုံးရှုံးမှုကိုယ်စီနှင့်ကို။

"ပြောပါတော့ ကိုအောင်မောင်းရယ်၊ ပြောပါတော့"

အသံတွေက တုန်နေသည်။

"ဒါလေးရင်းပြီး ဒါလေးနဲ့စားနေရတာဗျာ၊ အခု ရှိသမျှကုန်ပြီ"

"ကျွန်တော့်အပြစ်ပါ ကိုအောင်မောင်းရယ်၊ ကျွန်တော့်ကြောင့်ပါ"

ပြုံးရွှင်က သူ့အပြစ်ကို သူဝန်ခံသည်။

"အဲဒီတော့ ကိုပြုံးရွှင် ခင်ဗျားမှာမရှိမှန်းသိလျက်နဲ့ ကျွန်တော်အလျော်မတောင်းပါဘူး"

"ကျေးဇူးပါပဲ ကိုအောင်မောင်းရယ်"

မှန်ပေသည်။ ဒါကိုပင် ကျေးဇူးတင်ရပေမည်။

"ဒါပေမယ့်ဗျာ ခင်ဗျား ကျွန်တော့်ဆီ ဘယ်တော့မှမလာပါနဲ့တော့ဗျာ"

ပြုံးရွှင် ခေါင်းငိုက်စိုက်ကျသွားသည်။ မှန်ပေသည်။ ကိစ္စက လျော်နိုင်းလျှင်တောင် လျော်ရမည့်အမျိုး။ ဘာမှကို ပြောစရာမရှိတော့။ ထို့ကြောင့်၊

"ကျေးဇူး ကျေးဇူးတင်ပါတယ် ကိုအောင်မောင်းရယ်၊ ကျွန်တော့်ကို ကျေးဇူးရှိခဲ့ဖူးတဲ့၊ ကျွန်တော်ဒုက္ခရောက်နေချိန်မှာ ကူညီပေးခဲ့တဲ့





ကိုအောင်မောင်းကို ကျွန်တော် ကန်တော့ခဲ့ပါရစေဗျာ၊ ကန်တော့ခဲ့ပါရစေ"

ပြုံးရွှင် လက်အုပ်ချီ၍ ထိုင်ကန်တော့လိုက်သည်။ ဒါကလည်း သူ့အပေါ်တင်နေခဲ့သော ကျေးဇူးတရားကို လက်စုံမိုး၍ တတ်နိုင်သမျှ ကျေးဇူးဆပ်ခြင်းပင်။

×××××



www.burmeseclassic.com

www.burmeseclassic.com



အို မိတ်ဆွေ

စုတ်ချာချာဈေးကြီးအတွင်းမှာ လိမ္မော်သီးသည်ကို ထိုင်ကန်တော့နေသော လူရွှင်တော်ကို မြင်ယောင်ကြည့်ပါ။

သူသည် လူ၏တန်ဖိုးကို နားလည်ပါ၏။

သူသည် ဘဝ၏တန်ဖိုးကို နားလည်ပါ၏။

သူသည် ကျေးဇူးရှင်ကိုလည်း သိတတ်ပါ၏။ သူသည် သူ၏အလုပ်နှင့်ဘဝကို နှစ်သက်စွဲလမ်းလွန်း၍ သူ့အပေါ် အပြစ်များစုပြုံနေခြင်းဖြစ်၏။ သူသည် လူကောင်းမှန်သော်လည်း ဘဝမကောင်းသူသာဖြစ်၏။

သူသည် ရည်ရွယ်ချက်ကောင်းသော်ငြား အနာဂတ်မကောင်း





သူသာ ဖြစ်၏။

အို မိတ်ဆွေ

လောကကြီး၌ ဤကဲ့သို့သောလူများ အဘယ်မျှများနေပြီနည်း။

လောက၌ တစ်သက်လုံး ဆိုးရွားသူများလည်း ကောင်းမွန်စွာနေနိုင်သူတွေ ဒုနှင့်ဒေး။

လောက၌ တစ်သက်လုံး ကောင်းမွန်သူများလည်း ဒုက္ခပတ်ချာဝိုင်းနေသူများ ဒုနှင့်ဒေးပါပေ။

ကံတရားကို မည်သူက အစိုးရမည်ထင်သနည်း။

လူတိုင်း ကိုယ့်ဘဝနှင့်ကိုယ် ပျော်ရွှင်တတ်အောင်သာ ကြိုးစားကြရမည်သာ။

×××××



www.burmeseclassic.com



"ခင်မြရီရေ ငါပြန်လာပြီဟေ့၊ နင့်အတွက်လည်း အလှူအိမ်က ထမင်းကျန်ဟင်းကျန် ပါလာသကွဲ၊ အားရပါးရသာလွေးပေရော့"

ပြုံးရွှင် အိမ်ပေါက်ဝမှ အသံပေးရင်း ဝင်လာသည်။ ခါတိုင်းဆိုလျှင် သူ့အသံကြားလျှင် ဖင်တွန်းဖင်တွန်းနှင့် ဒရွတ်ဆွဲထွက်လာတတ်သော မိန်းမ၊ ယခုမတွေ့ရ။

"ခင်မြရီရေ ငါတို့ပြန်လာပြီဟ၊ ဩော် ဒီမိန်းမနှယ် အိပ်နေပြန်ပြီလားပ်ပါ"

ပြုံးရွှင် ကျိုးတိုးကျဲတဲ ကြမ်းပေါ်တက်လိုက်သည်။ မိန်းမဖြစ်သူကို ခွေခွေလေး တွေ့ရ၏။ ပြုံးရွှင်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး၊

"ခင်မြရီ ခင်မြရီ"





အားလုံးကလည်း
ဆင်းရဲသား
လက်လုပ်လက်စားများဖြစ်၍
တော်ရုံကျန်းမာရေး
မကောင်းလျှင်
ကွမ်းရွက်ပြုတ်လေး
လျက်ဆားလေးနှင့်သာ
ပြီးနေကျမို့

ပြုံးရွှင် ဇနီး၏ခန္ဓာကိုယ်ကို သူဖက်ဆွဲလှည့်လိုက်တော့

"ဟာ"

ဇနီးဖြစ်သူ၏ပါးစပ်ထဲ အမြှုပ်များတွေ့ရသည်။ နောက် မျက်သားများလည်း ဖြူနေပေပြီ။

ထိုတော့မှ ပြုံးရွှင် လန့်သွားပြီး၊

"ဟာ လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ဒီမှာ ခင်မြရီ ဘာဖြစ်မှန်းမသိဘူး၊ ကယ်ကြပါဦးဗျို့"

ပြုံးရွှင်၏အော်သံကြောင့် အိမ်နီးချင်းများ ပြေးလာ၏။

"ဟဲ့ ပြုံးရွှင် ဘာဖြစ်တာတုန်း"

"လုပ် လုပ်ကြပါဦးဗျာ၊ ခင်မြရီ ခင်မြရီ ဘာဖြစ်တယ်မသိဘူး"

အားလုံးက ခင်မြရီကိုကြည့်၍၊

"ဟဲ့ ဟဲ့ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ ဆေးခန်းလေး ဘာလေးပို့ကြဟဲ့"

"အေး ဟုတ်တယ်၊ ဆေးခန်းပို့ကြပါဟဲ့"

အားလုံး ခင်မြရီကို ဝိုင်းခိုကြ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းပို့ကြသည်။ ဆေးခန်းရောက်တော့ ဆရာဝန်က စမ်းသပ်ပြီး၊

"အခြေအနေတော့ မကောင်းဘူးဗျာ၊ ဆေးရုံတင်မှဖြစ်မှာ"

"ဗျာ"

ဆရာဝန်စကားကြောင့် အားလုံး မျက်လုံးပြူးကုန်ကြသည်။

"ဟယ် ဆေးရုံတင်ရမယ်တဲ့၊ ဘယ်လိုလုပ်ရမှာလဲ"

အားလုံးကလည်း ဆင်းရဲသား လက်လုပ်လက်စားများဖြစ်၍ တော်ရုံကျန်းမာရေးမကောင်းလျှင် ကွမ်းရွက်ပြုတ်လေး လျက်ဆားလေးနှင့်သာ ပြီးနေကျမို့ ဆေးရုံဆေးခန်း အတွေ့အကြုံ မရှိ ဆေးရုံတင်ရန် ဘာလိုအပ်မှန်းပင်မသိ။

"ဟဲ့ ဆေးရုံတင်ရင် ပိုက်ဆံတော့လိုမှာပဲ၊ ပြုံးရွှင် နင့်မှာ ငွေအားလေးရောရှိရဲ့လား"

တစ်ယောက်ကမေးသည်။ ပြုံးရွှင်က၊

"မနက်က ချိုကောက်လေးတစ်ပွဲရလို့ တစ်သောင်းမျှုံးတော့ ရှိပါရဲ့'

"ဟဲ့ သောင်းဂဏန်းလောက်နဲ့ လောက်မယ်မထင်ဘူးနော်၊ ဆေးစရိတ်က ထောင်ဦးမှာ"

အားလုံး ခေါင်းတွေပူးကပ်ကုန်၏။ ဘယ်ကဘယ်လို စလုပ်ရမှန်းမသိ။ နောက်မှ ပြုံးရွှင်က၊

"ကဲ ဒီလိုလုပ်၊ ဒေါ်အေးသာတို့ ကိုမြင့်မောင်တို့ပဲ ခင်မြရီကို တစ်သောင်းခင်းနဲ့ ဆေးရုံပို့လိုက်ဗျာ၊ ကျွန်တော် ရသလောက်ချေးငှားပြီး ဆေးရုံလိုက်ခဲ့မယ်"

"အေး အဲဒီအကြံကောင်းတယ်၊ လာ လာ အချိန်မနှောင်းခင် အမြီပြေးရအောင်"

အားလုံးကတော့ ယိုင်းပင်းကြပါရဲ့။ မယိုင်းပင်းသည်က





ငွေကြေး။

အလုပ်အကိုင်ပင် မယ်မယ်ရရမရှိသူအတွက် ငွေကြေးက မဖွယ်ရာနိုင်ပေ။

"ဟယ် ဘာပဲဖြစ်ဖြစ် ခင်မြရီ အသက်ရှင်ဖို့ ငွေရှာထွက်ရမှာပဲလေ"

ဆိုကာ ခြေဦးလှည့်လိုက်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းက လှမ်းသာလှမ်းနေရသော်လည်း ဘယ်ကို ဦးတည်နေမှန်းမသိ။ အိမ်နီးနားချင်းဆိုသည်မှာလည်း ဘဝတူများပင်မို့ မည်သူမှပင် ငွေပိုငွေလျှံရှိကြမည်မဟုတ်။ အကူအညီလိုက တောင်းရန်ကလည်း ဆွေရိပ်မျိုးရိပ်ပင် မရှိ။ နှစ်ဖက်စလုံးက ဗလာကျင်း။ ရှိသောဆွေမျိုးဆိုလို့ ရင်ခွင်ထဲပိုက်ထားသော ရင်သွေး ပြုံးရီ တစ်ယောက်သာ။

"ဘာပဲဖြစ်ဖြစ် ကိုအောင်မောင်းဆီပဲ ပြန်သွားပြီး တောင်းပန် ငွေချေးရင်ကောင်းမလား"

"ဟယ် မဖြစ်သေးပါဘူး၊ ခုနကပဲ လိမ္မော်သီးခြင်းပျက်လို့ ဒေါသထွက်နေတဲ့ကြား ဒီစကားသွားပြောလို့ ထိုးလွှတ်လိုက်မှဖြင့်"





လိမ္မော်သီးသည် ကိုအောင်မောင်းဆီလည်း ပြန်မသွားရဲ။ ခုနကပင် ပြဿနာဖြစ်ပြီး ဆုံးရှုံးခဲ့ပြီးမှ ယခုတစ်ဖန် ဒုက္ခသွားပြန်ပေးပါက အမှန်တကယ် ထိုးလွှတ်ပေမည်။ ထို့ကြောင့် ခြေဦးတည့်ရာသာ လျှောက်သွားနေမိသည်။ အတန်ကြာမှ သတိရပြီး၊

"ဟယ် ဟုတ်သား၊ ရွာစားကျော် စိန်လွင်ဆန်းရှိသားပဲ၊ သူ့ကို ကိုယ်ကူညီခဲ့တာ ကိုယ့်လည်း သူပြန်ကူညီကောင်းရဲ့"

ဟု စဉ်းစားမိပြီး ဇာတ်သမားများ စုဝေးရာ ရေစင်အောက်ဆီသို့ ခြေဦးလှည့်လိုက်သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com





"ဟာ ကိုပြုံးရွှင် ခင်ဗျားလာတာနဲ့ အတော်ပဲ၊ ကျွန်တော်က ခင်ဗျားကို သွားလိုက်ခေါ်ခိုင်းဦးတော့မလို့ဗျ"

ဇာတ်သမားတန်းထဲ ဝင်လိုက်သည်နှင့် နေ့ခင်းကတွေ့ခဲ့သော တစ်ဖက်ဆိုင်းဆရာ မော်သစ်ထူးကို တွေ့ရသည်။ ပြုံးရွှင်လည်း ဝမ်းသာသွားပြီး

"ဝိုင်းဆရာ ဝိုင်းဆရာ စိန်လွင်ဆန်းကို မတွေ့မိဘူးလား ဟင်၊ မတွေ့မိဘူးလား"

သူ့အမေးကြောင့် မော်သစ်ထူးမျက်နှာပျက်သွား၏။ ဆိုင်းဆရာအချင်းချင်းက သိပ်တည့်လှသည်မဟုတ်။

"စိန်လွင်ဆန်း ခုနကပဲ ပွဲကူးရမယ်ဆိုပြီး ထွက်သွားပြီဗျ၊





**မော်သစ်ထူးမှာလည်း**
**မနက်တုန်းက**
**ပြုံးရွှင်ကြောင့်**
**သူခံလိုက်ရသည်ကို**
**တေးမှတ်၍**
**ပြုံးရွှင်ကို**
**ကြားပြန်ညှပ်လိုက်ခြင်းပင်**
**ဖြစ်မည်။**

နောက်ထကိုလည်း ချစ်ပိုနဲ့ သူ့အဖေ ထူးပိုကြီး ခေါ်သွားရဲ့"

"ဟာ ပြဿနာပဲ"

ဒီတစ်ခါ မျက်နှာပျက်ရသူက ပြုံးရွှင်။ မော်သစ်ထူးက ပြုံးရွှင်ကို ကြည့်၍ရပ်ရင်း၊

"ဘာပြဿနာလဲဗျ"

ပြုံးရွှင်မျက်နှာ အပျက်ပျက် အယွင်းယွင်းနှင့် သက်ပြင်းချကာ၊

"ဘာဖြစ်ရမှာလဲဗျာ၊ ကျုပ်မိန်းမ ဆေးရုံတင်ရလို့ အသုံးလေးလိုလို့ အဲဒါ သူ့ဆီကဆွဲမလားလို့ပါဗျာ"

"ဪ ဒါလား"

မော်သစ်ထူး၏ရယ်သံ ကြားရ၏။ နောက်မှ၊

"ကျုပ်ပေးပါ့မယ်ဗျာ"

"တကယ်"

ပြုံးရွှင် ဝမ်းသာသွား၏။ မော်သစ်ထူးက ပြုံးပြီး၊

"တကယ်ပေါ့ဗျ၊ အဲ ဒီအတိုင်းတော့မရဘူး၊ ဒီည မြို့သစ်ပွဲ ခင်ဗျား ကျုပ်ဆီ ပြန်ဝင်ပေး"

"ဟင်"

ပြုံးရွှင် ရင်ပြန်လေးသွား၏။ အမှန်တွင် သူ့တွင်လည်း ဝါရင့် လူရွှင်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး ကျောက်ခဲနှင့် ပလာတူးရှိနေသည်ပဲ။ နောက်တစ်ယောက်ကို ဘာမှထပ်ခေါ်ရန်မလို။

လူရှင်တော်ဆိုသည်မှာလည်း ကိုယ့်အတွဲနှင့်ကိုယ်သာ ပြက်ချင်ကြ၏။

သူများအတွဲထဲ ဘယ်သူမှ ကြားညှပ်မခံချင်ကြ။ ထိုသို့ ကြားညှပ်သွားလျှင်လည်း ထိုကြားညှပ်ခံရသော လူရှင်တော် နလံမထူနိုင်အောင် ခံရပြီသာမှတ်။ ထို့ကြောင့် ထိုသို့ အတွဲထဲ ဘယ်သူကမှ မလိုက်ချင်။

မော်သစ်ထူးမှာလည်း မနက်တုန်းက ပြုံးရွှင်ကြောင့် သူခံလိုက်ရသည်ကို တေးမှတ်၍ ပြုံးရွှင်ကို ကြားပြန်ညှပ်လိုက်ခြင်းပင် ဖြစ်မည်။

သိသည်။ သို့သော်၊

"ဆိုင်းဆရာ ကောင်းသလိုသာ စီစဉ်ပါဗျ၊ ကျုပ်ကို ငွေသုံးလေးအရင်ထုတ်ပေးရင် ဖြစ်ပါတယ်"

မော်သစ်ထူး အိတ်ထဲမှငွေတချို့ကို ထုတ်လိုက်သည်။ ပြုံးရွှင် လက်ထဲထိုးထည့်ပေးလိုက်ပြီး၊

"ကဲ ရော့ ရွာသစ်က လမ်းလျှောက်သွားရမှာမို့ ခဏနေရင် သွားကြမယ်"

"ဗျာ ဩော် ဟုတ်ကဲ့၊ ကျွန်တော့်ကို အချိန်ခဏလေးပေးပါ ဆိုင်းဆရာ၊ ဒီပိုက်ဆံလေး ဆေးရုံကို လှူကြိုပေးချင်လို့"

ဆိုကာ ကမန်းကတမ်း လှူကြိုရှာရသည်။

အခန့်သင့်ပင် အိမ်နှင့်လေးအိမ်ကျော်မှ လက်သမားဆရာ ကိုအောင်ဘတွေ့၍ လက်ထဲမှ ငွေစငွေန တစ်ပြားမကျန်အပ်နှံရင်း၊

"ဆေးရုံကိုရောက်အောင်သာ ပို့ပေးပါ ကိုအောင်ဘရယ်၊





မနက်ကျ ကျွန်တော်ပြန်လာပါ့မယ်"

ဟု မှာတမ်းခြွေရင်း ကလေးငယ်ကို ရင်ခွင်ပိုက်၊ ခေါင်းငိုက်စိုက်ချရင်း ဆိုင်းဝိုင်းနောက် လိုက်ရပြန်လေသတည်း။

××××



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျောက်ခဲ"

"ကိုပြုံးရွှင်"

"ကိုပလာတူး"

"ကိုပြုံးရွှင်လားဗျ"

"သံတိသံလှိုင်း အောက်မေ့တိုင်းကို ထုံ့ပိုင်းရည်ထင်၊ အားထုတ်လျှင်လည်း သာရွှင်ချမ်းသာ၊ ပြီးတိုင်ရာ၏တဲ့"

"ကောင်းလိုက်တဲ့စကားပေပဲ ကိုပြုံးရွှင်ရေ"

"ကဲ ဆိုင်းဝိုင်းအကျော် မော်သစ်ထူးရဲ့ အားထုတ်မှုကို မြင်တွေ့ကြားသိရပါပြီ"

"မှန်ရဲ့"





ခင်ဗျားပဲ စဉ်းစား
ကြည့်လေ၊ ခင်ဗျားက
သုံးဆယ့်နှစ်နှစ်ကျမှ
အိမ်ထောင်ကျတာ၊
ခင်ဗျားမိန်းမက
နှစ်ဆယ့်ငါးနှစ်မှာကတည်းက
အိမ်ထောင်ကျတာဆိုတော့
ခင်ဗျားမိန်းမက

"နှလုံးပီတိ ဂွမ်းဆီထိသို့ သာရွှင်ချမ်းသာရပါပြီ"

"ဟုတ်ရဲ့ဗျာ"

"အမြင်၊ အကြား၊ ရနံ့၊ အသိ၊ လေးမျိုးသောအရသာကို မော်သစ်ထူးက ဖန်ဆင်းနေပါပြီ"

"မှန်ရဲ့"

"အဖထက် သားတစ်လကြီးချင်ဆိုရင်တောင် လွန်အံ့မထင်ပေါင်ဗျာ"

"ကိုပြုံးရွှင်"

"ခင်ဗျ ကိုကျောက်ခဲ"

"အဲဒါကတော့ ခင်ဗျားတို့လင်မယားနဲ့ပဲ နှိုင်းရမှာပဲ"

"ဘယ်လိုဗျ"

"ဒီလိုလေ၊ ခင်ဗျားနဲ့ ခင်ဗျားမိန်းမ အိမ်ထောင်ကျတော့ ခင်ဗျားအသက်က ဘယ်လောက်တုန်း"

"ကျုပ်က သုံးဆယ့်နှစ်နှစ်"

"ခင်ဗျားမိန်းမက"

"ကျုပ်မိန်းမက နှစ်ဆယ့်ငါး"

"ဒါဖြင့် ခင်ဗျားမိန်းမက ခင်ဗျားထက် ခုနစ်နှစ်စော အိမ်ထောင်ကျတာပေါ့"

"ဗျာ ဟင် ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင် ရုပ်ခံလိုက်သည်နှင့် ရွှေပွဲလာတို့ ဝါးခနဲပွဲကျသွား၏။

"ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ခင်ဗျားက သုံးဆယ့်နှစ်နှစ်ကျမှ အိမ်ထောင်ကျတာ၊ ခင်ဗျားမိန်းမက နှစ်ဆယ့်ငါးနှစ်မှာကတည်းက အိမ်ထောင်ကျတာဆိုတော့ ခင်ဗျားမိန်းမက အိမ်ထောင်သက် ခုနစ်နှစ်စောနေတာပေါ့"

ပြုံးရွှင် ခေါင်းကုတ်သည်။ အားလုံးက ပွဲကျနေ၏။

"ငါနဲ့အတူယူတာ ဒီမိန်းမက အိမ်ထောင်သက်က ဘာလို့ ခုနစ်နှစ်စောနေပါလိမ့်"

ပြုံးရွှင်၏ အူတူတူအမူအရာကို အားလုံးက ပွဲကျနေ၏။

"ကိုပြုံးရွှင်"

"ခင်ဗျ ခင်ဗျ ကိုကျောက်ခဲ"

"ခင်ဗျား ကလေးရတော့ ခင်ဗျားအသက် ဘယ်လောက်ရှိပြီတုန်း"

"သြော် ကျုပ်အသက်က သုံးဆယ့်လေးလေဗျာ၊ နှစ်နှစ်စောင့်ပြီး ဖျတ်ခနဲမွေးတာပဲ၊ အဟဲ"

"အေး ကလေးမွေးတော့ မိန်းမအသက်က ဘယ်လောက်တုန်း"

"ကျုပ်အသက် သုံးဆယ့်လေးဆိုတော့ သူ့အသက်က နှစ်ဆယ့်ခွန်ပေါ့ဗျ"

"ဒါဖြင့် ခင်ဗျားမိန်းမက ခင်ဗျားထက် ခုနစ်နှစ်စောပြီး ကလေးအရင်ရနှင့်တာပေါ့"

"ဟင် ဟင်"

ပြုံးရွှင်ကိုကြည့်၍ ပရိသတ်က ရယ်ကြပြန်သည်။ ပြုံးရွှင်က ရုပ်ခံနှင့် ခေါင်းကုတ်ပြီး၊

"ဒီမိန်းမနှယ် အတူတူယူပြီး သူက ဘာကြောင့် ကလေး အရင်





ရခဲ့ပါလိမ့်"

ပရိသတ်များ ပတ်တုတ်မရအောင် ရယ်ကြသည်။

"ဟဲ့ ကိုပြုံးရွှင်",

"ဗျာ ကိုကျောက်ခဲ"

"ခင်ဗျားမိန်းမက ခင်ဗျားထက် ခုနစ်နှစ်စောပြီး ကလေးရခဲ့တယ်ဆိုတော့ ဒီကလေး ခင်ဗျားကလေးမှ ဟုတ်ရဲ့လား"

ပြုံးရွှင် အမူအယာကို ပရိသတ်က ဝါးခနဲနေအောင် ပွဲကျ၏။

"ဒီကိစ္စမရှင်းဘူး၊ မိန်းမနဲ့တွေမှ ပြန်ရှင်းရမယ်၊ အတူတူယူပြီး သူက ကလေးစောမွေးတာဆိုတော့ အဓိပ္ပာယ်မရှိဘူး"

ပရိသတ်က ပြုံးရွှင်ကို သဘောကျကြ၏။

"ကိုပြုံးရွှင်"

"ခင်ဗျ ကိုပလာတူး"

"မင်းမင်္ဂလာဆောင်တော့ ဘယ်နှရက်ထားတုန်း"

"ဆွေမျိုးစုံအောင်တော့ ထားတာပေါ့ ကိုပလာတူး"

"အမျှဝေတော့ ဘယ်တော့ဝေလဲ"

"ရက်လည်ကျဝေတာပေါ့၊ ဟယ် မင်္ဂလာဆောင်နဲ့အသုဘရောကုန်ပြီ"

ပရိသတ်က ပြုံးရွှင်ခံရတိုင်း သဘောကျ၏။

"ကိုပြုံးရွှင်"

"ကိုကျောက်ခဲ"

"ကိုပလာတူး"

"ကိုကျောက်ခဲခင်ဗျ"

"ကျုပ်တို့ချည်းလည်း မပြီးသေးပါဘူး"

"ပျော်စရာလေးတွေပြောတော့ ပျော်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပရိသတ်က မော်သစ်ထူးရဲ့လက်သံ ကြားချင်ပြန်ပြီဗျ"

"မျှော်လင့်စောင့်စားနေပြန်ပြီလား"

"မျှော်ကြပြန်ပြီပေါ့၊ ဒါကြောင့် ကိုပြုံးရွှင်ရေ"

"နတ်ယာဉ်ပျံပေါ်က နတ်စောင်းသံလို လက်တော်စုံဖြင့် မွေးထုံလှိုင်ပြ ကြားချင်လှပြီတဲ့ ရွာစားမော်သစ်ထူးရေ မင်းရဲ့သဘာ ကိုပြ"

ဆိုင်းသံက ငြိမ့်ငြိမ့်ညောင်း။

အနည်းငယ် အားလပ်ချိန်ရသည်နှင့် ပြုံးရွှင်ဆိုင်းနောက်ဆောင်ကြောင့်ထိုင်ပြီး ဆိုင်းသံဗုံသံကြား အိပ်မောကျနေသော သမီးငယ်ပြုံးရီကို ခြင်ယင်များမောင်းပေးရသေးသည်။

အပူပင်ကင်းစွာ အိပ်စက်နေသော သမီးငယ်ကလေးကို ကြည့်ပြီး သူ့မှာ ပီတိတွေဝေနေရသေး၏။

ပွဲက ဘယ်အချိန်ပြီးမယ်မှန်းမသိ။ ပရိသတ်နှင့် ဆိုင်းဝိုင်းဆိုင်းဝိုင်းနှင့် ဆိုင်းနောက်ထ လမိုင်းကပ်လျှင် မိုးလင်းချင်လင်းရပေဦးတော့မည်။ လူကြီးအနေနှင့်က ကိစ္စမရှိ။ မနက်လင်းလျှင် အိပ်ရုံသာ။ ကလေးငယ်ကသာ မနက်လင်းအိပ်ရာထပြီး ယောင်လည်လည်နှင့် အနေရခက်ပေဦးတော့မည်။ မတတ်နိုင်။

အခြေအနေကြည့်၍ မီးစင်ကြည့်ကရမည်သာ။

ကလေးငယ်ကို တောင်ရှည်နှင့် ယပ်ခပ်ပေးနေချိန်။

"ပြုံးရွှင် ပြုံးရွှင်"

ခပ်တိုးတိုးအုပ်အုပ် ခေါ်သောအသံ။ ကြည့်လိုက်တော့ လက်သမားဆရာ ကိုအောင်ဘ။ ကိုအောင်ဘကိုမြင်တော့ ပြုံးရွှင် ဝမ်းသာသွားသည်။ သူ့မိန်းမဆီ ငွေအားလေး ပို့ခိုင်းလိုက်တာကိုး။

"ရှာလိုက်ရတာ ပြုံးရွှင်ရာ"

ကိုအောင်ဘ သူ့နားတိုးကပ်လာသည်။ ပြုံးရွှင်က ကလေးငယ်ကို ယပ်ခပ်ပေးရင်း အားရဝမ်းသာဖြင့်

"ကိုအောင်ဘ၊ အတော်ပဲဗျာ၊ ကျွန်တော် ခင်မြရီသတင်း ကြားချင်နေတာ၊ ဘယ့်နှယ်လဲ ကျွန်တော်ပို့ခိုင်းတဲ့ငွေ သူ့လက်ထဲ ရောက်ရဲ့နော်"

ကိုအောင်ဘ သက်ပြင်းချသည်။

"မလိုတော့ပါဘူးကွာ"

ပြုံးရွှင်ရင်ထဲ ထိတ်ခနဲ။

"ဘာ ဘာလို့"

"ခင်မြရီ ဆုံးရှာပြီ"

"ဘာ"

နားထဲတွင် ဆိုင်းသံများပင် တိတ်သွားသယောင်ထင်ရသည်။ ဘာဆို ဘာမှမကြားတော့။ ပရိသတ်ရှိနေသေးလား။ သူ့ကို ကြည့်နေသေးလား သူမသိ။ သူဘယ်နေရာမှာ ရှိနေမှန်းလည်း သူမသိ။

> နားထဲတွင်
> ဆိုင်းသံများပင်
> တိတ်သွားသယောင်
> ထင်ရသည်။
> ဘာဆိုဘာမှမကြားတော့၊
> ပရိသတ်ရှိနေသေးလား။
> သူ့ကို ကြည့်နေသေးလား
> သူမသိ။

ပါးပြင်မှ ပူနွေးလာသည်။ မယုံနိုင်စွာ ပါးပြင်ကို ပြန်စမ်းမိသည်။ မျက်ရည်များ။

သူ့ပခုံးကို တစ်ယောက်က လာပုတ်သည်။ မော့ကြည့်လိုက်တော့ ကိုကျော်ခဲ။







www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ပြုံးရွှင်၊ ထ ထ ဆိုင်းကရပ်နေပြီ၊ ထထ"

သူယောင်ပြီး ထရပ်မိသည်။

သူ့ရှေ့မှာ ဆိုင်းဝိုင်းကြီး။ နောက် သူ့ကို ငေးကြည့်နေကြသော ပရိသတ်။ သူတို့ကတော့ ရယ်ရန်အသင့်။ ဘာလို့ သူဒီနေရာရောက်နေမှန်း ရုတ်တရက် စဉ်းစား။ ထိုစဉ် ကြားလိုက်ရသောအသံက

"ပျော်ရဲ့လား ပြုံးရွှင်ရဲ့"

"ပျော်တာပေါ့ဗျာ၊ ပျော်တာပေါ့"

နှုတ်က အလေ့အကျင့်အရ သဘာအရ အလိုလိုထွက်သွားသည်။ တကယ်ရောပျော်နေလား၊ မပျော်နေလား သူမသိ။ ဉာဏ်ရည်နည်းစွာ သူမဝေခွဲနိုင်။

ဩော် တစ်သက်လုံးပေါင်းဖက်ခဲ့သည့် ချစ်မယား သေဆုံးချိန်မှာပင် ပရိသတ် ရယ်ပွဲဖွဲ့နိုင်အောင် ပြက်လုံးထုတ်နေရသော လူရွှင်တော် အဘယ်မှာပျော်နိုင်မည်နည်း။

သို့သော်

နှလုံးသားနှင့် ဦးနှောက်ကို တစ်ကန့်စီ အသုံးချနေရသော လူရွှင်တော်မှာ ပါးပြင်မှ မျက်ရည်ကျနေတာတောင် ရယ်စရာစကားဆိုနိုင်တုန်း။

"ကိုကျောက်ခဲ"

"ဘာတုန်း ပြုံးရွှင်ရ"

"ကျုပ်သာ ခွေးရူးဆို ဒီပရိသတ်ကို အရင်ကိုက်တယ်"

ရင်ထဲကခံစားချက် မည်မျှကြီးမားနေပါစေ၊ အသိဉာဏ်နှင့်ဆုံးဖြတ်ရသော ပြက်လုံးများကို အစီစဉ်ကျနေတုန်း။

မည်သူက ထိုအစွမ်းအစမျိုး ရှိနိုင်မည်နည်း။

အာဏာရှင်လား။





ငွေရှင်ကြေးရှင်လား။

လူယုတ်မာလား။

မဟုတ်။

လောကဓံတရားကို ခံနိုင်သော လူရွှင်တော်သာ။

သို့သော်

လောကဓံတရားတွင် မည်သူမှ သဘာမရင့်ပါ။

ချစ်ခြင်းတရား၌လည်း မည်သူမှ သဘာမရင့်ပါ။

သဘာရင့်ဟုဆိုသောသူသည် မိမိကိုယ်မိမိ လိမ်ညာနိုင်သောသူများသာ။

ဝါရင့်လူရွှင်တော်များ သေတ္တာကို ထို့ကြောင့် မှောက်ထားခြင်းသာဖြစ်မည်။

××××



www.burmeseclassic.com

www.burmeseclassic.com





“ခင်မြရီရေ နင်တော့ ဝင်္ကျွတ်ပဟာ၊ အင်း ကောင်းပေလေ့ ကွယ်၊ တစ်ခြမ်းသေရာကနေ နှစ်ခြမ်းလုံးသေသွားတော့လည်း ပြီး သွားတာပဲ”

“ငါ့မိန်းမနှယ် အစကတည်းက ဦးနှောက်နည်းလို့ ယိမ်းသမ ဖြစ်နေပါတယ်ဆိုမှ ဦးနှောက်သွေးကြောက ပြတ်ရသေးလား”

မိန်းမအုတ်ဂူရှေ့ ပြုံးရွှင် ဒူးတုပ်ထိုင်ရင်း ဆိုနေခြင်းဖြစ် သည်။

“အေးလေ၊ နင်သေတော့ နင်လည်းအေး၊ ငါလည်းအေးတာ ပေ့ါ၊ နင်မရှိတော့ ငါချစ်တဲ့ဇာတ်၊ ငါပြန်ကရတော့မဟုတ်၊ နင်မရှိတော့ ဇာတ်ခုံပေါ် ငါပြန်တက်ရတော့မဟုတ်၊ သိလား ခင်မြရီ”





“နင့်သမီးပြုံးရီ အတွက်တော့ မပူနဲ့ဟေ့၊ ဇာတ်ကကျွေးတဲ့ ကန်စွန်းရွက်ရေလုံပြုတ် နဲ့လည်း သူ့အသက်ရှင်မှာပဲ၊ နင့်လိုပဲပေ့ါဟာ နင့်လိုပဲပေ့ါ”

လူရွှင်တော်က သေဆုံးသူ ယိမ်းသမအုတ်ဂူအား တိုင်တည်၍ ပြောနေခြင်းသာ။

“နင့်သမီး ပြုံးရီအတွက်တော့ မပူနဲ့ဟေ့၊ ဇာတ်ကကျွေးတဲ့ ကန်စွန်း ရွက်ရေလုံပြုတ်နဲ့လည်း သူ့အသက်ရှင် မှာပဲ၊ နင့်လိုပဲပေ့ါဟာ နင့်လိုပဲပေ့ါ”

ဇာတ်ထဲ တစ်သက်လုံး အတူ နေလာသော ဇနီးကို သတိရသေး၏။

“ငါတို့တွေရတဲ့ ညကြေး နှစ် ပဲတစ်ပြားနဲ့ ပီတိစား အားဖြစ်နေကြ တာပါပဲလေ၊ သေတော့သေနိုင်မယ် ထင်ပါဘူးလေကွယ်”

ပြုံးရွှင် မတ်တတ်ရပ်လိုက် သည်။

“ခက်တာက ခင်မြရီရယ်၊ နင့် သမီးလေးပြုံးရီက သူ့ကိုမွေးပြီးကတည်း က နင်ကလေးဖြတ်၊ ငါ့ရင်ခွင်ထဲ ကြီး လာတော့ ငါ့ကို ခင်တွယ်လွန်းတယ် ခင်မြရီရယ်၊ ငါ့လက်ထဲမှာတော့ ငြိမ် လို့၊ တခြားလူလက်ထဲရောက်လို့က တက်မတတ်ချက်မတတ်ကို ငိုတာပဲ ခင်မြရီရယ်”

ပြုံးရွှင် သက်ပြင်းချသည်။

“ငါ့မှာ ဇာတ်တောင် မြေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့် ကရုပ်မလားပဲ၊ အေးလေ သူလည်း ကြာရင် နင့်အတိုင်းပဲ ဖြစ်လာမှာပေါ့၊ ကြာရင် ဇာတ်ထဲမှာကြီး၊ ဇာတ်ထဲမှာယိမ်းသမပြန်လုပ်၊ အရွယ်ရောက်တော့ ဇာတ်ထဲက လူရွှင်တော်နဲ့ အိမ်ထောင်ပြန်ကျ၊ ဒီသံသရာမှာပဲ လည်ရဦးမှာပေါ့၊ တို့ရဲ့သံသရာက ဒါပါပဲလေ၊ ဒါပါပဲ"

လူရွှင်တော်က သူ့သမီးငယ်၏အနာဂတ်ကို နိမိတ်ဖတ်သည်။

"ငါသွားပြီ ခင်မြရီရေ၊ ငါသွားပြီ၊ နောက်လည်း ငါလာနိုင်မယ်မထင်တော့ဘူး၊ ဇာတ်အဖွဲ့နဲ့ ဆယ့်နှစ်ပွဲဈေးလှည့်နေရမှာဆိုတော့ ငါ ငါလာနိုင်တော့မယ် မထင်ပါဘူး"

ပြုံးရွှင်၏အသံက ဇနီးသည် ဆုံးရှုံးမှုကြောင့် တုန်ယင်နေသည်။

"ငါ့ကိုတွေ့ချင်ရင်တော့ ဇာတ်ပွဲလိုက်ကြည့်ဟဲ့၊ ငါကတော့ စင်ပေါ်မှာပဲ ရှိနေဦးမှာပဲ"

"နင်လိုက်ချင်လည်းလိုက်ခဲ့၊ မလိုက်ချင်လည်း နေခဲ့တော့ ခင်မြရီရယ်၊ နင့်ဘဝလေးပဲ အေးပါတယ်ဟယ်"

ပြုံးရွှင်၏ ခြေလှမ်းများ ပြန်လှည့်လာသည်။

"နေခဲ့ပါ ခင်မြရီရယ်၊ ဇာတ်စင်မီးကပူသလို တို့ဇာတ်သမားဘဝကလည်း ပူလောင်လွန်းပါတယ်၊ နင်နေခဲ့တာပဲ ကောင်းပါတယ် ခင်မြရီရယ်၊ နောင်ဘဝမှာလည်း ဇာတ်သမားမယား ဇာတ်သမမဖြစ်အောင် ငါဆုတောင်းပေးပါ့မယ်၊ နေခဲ့ပါတော့ကွယ်၊ နေခဲ့ပါတော့"

သူသည် တစ်သက်လုံး မတွေ့ရနိုင်တော့သော ဇနီးမယားကို သံယောဇဉ်ဖြတ်ခဲ့လေပြီ။

သူသံယောဇဉ်မပြတ်နိုင်သော ဇာတ်သဘင်နှင့် ပြန်လည်





ပေါင်းဖက်ရန် သူ့မှာ တာဝန်ရှိသည်ဟု သူထင်နေသည်။

သူ၏ဆုံးဖြတ်ချက်မှာ သူ့စင်ပေါ်မှာ သရုပ်ဆောင်ရသလို အကြောင်းကြောင်းဖြစ်မနေ။ မဖြစ်နိုင်သည်များကို မေ့ပစ်နိုင်ရန် သူ ပြတ်သားပါသည်။ သို့သော်. . .

×××××



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ

ဒဏ်ရာပေါင်းမြောက်မြားစွာနှင့် ကလေးငယ်ကို ပွေ့ချီ၊ တောင်ရှည်တစ်ထည်သာ ထည့်ထားသော လွယ်အိတ်အညစ်ကြီး တစ်ခုကို လွယ်ထားသော လူတစ်ယောက်ကို မြင်ကြည့်ပါ။

ထိုသူသည် ဦးခေါင်းကို ငိုက်စိုက်ချထားပါ၏။ သူသည် ဇာတ်ဆရာစေစားရာ ဇာတ်စင်ပေါ်၌သာ ခေါင်းကိုမော်ဖူး၍ ဇာတ်စင်အောက် လောကဇာတ်ခုံတွင် ဘယ်တုန်းကမှ ခေါင်းမော်ဖူးသည် မရှိ။ သူ့ကို စာနာနားလည်သူပင် နတ္ထိ။

လူတိုင်းက သူ၏အပေါ်ယံကိုကြည့်၍ ရယ်စရာ အတုံးအခဲကြီးတစ်ခုအဖြစ်သာ မြင်တတ်ကြ၏။ ရယ်ကြ၏။





သူ၏ခံစားချက်ကို ဘယ်သူကမှ ဖွင့်မကြည့်။ သူကိုယ်တိုင်လည်း ဘယ်တုန်းကမှ လူရှေ့သူရှေ့ ထုတ်မပြ။ ထို့ကြောင့် သူ၏ခန္ဓာကိုယ်မှာ အစိုင်အခဲများဖြင့် လေးလံပါ၏။

သူသည် လူပြောများသည့် လူပေါ်ကြီးတစ်ယောက်ပင်။ (ကျော်ထူးစကား)

သူသည် လူပြောများသည့် လူပေါ်ကြီးတစ်ယောက်ပင်။

သူသည် သူ့အတွက်မဟုတ် လောကအတွက် အသုံးဝင်သော လူပေါ်ကြီးတစ်ယောက်ပင်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com





အပိုင်း (၂)

"ပြုံးရွှင် ပြန်လာပြီဟေ့"

"ပြုံးရွှင်ပြန်လာပြီတဲ့"

"လူရွှင်တော်ကြီး ပြည်တော်ပြန်ဝင်ပဟ"

ဇာတ်ရုံထဲ ထိုအသံများ စီညံသွားသည်။

"ဟ ဆိုင်းနောက်က ကြွက်စုတ်က စင်ပေါ် ခြသေ့ပြန်လုပ်မတဲ့ကွ"

လုပ်ဖော်ကိုင်ဖက်ကြီး တိုင်းကျော်အသံ။

"တိုင်းကျော်"

"ဟေလကွာ"





"ငါချောတာ
ပတ်ဝန်းကျင်ကို
အနှောင့်အယှက်
ဖြစ်သွားလားဟင်၊
မင်းတို့တွေကချော
ငါ့ချောလို့
နေရထိုင်ရခက်နေတာလားဟင်"

"ဘယ်သူကြွက်စုတ်ဖြစ်မလဲ စင်ပေါ်မှာကြည့်ပေါ့ကွ"

"ဟင့်အင်း၊ ငါက အောက်သာ ဖြကြည့်ချင်တာ"

"အောက် အောက်ကို"

ပြုံးရွှင်ရောက်လာသည်နှင့် ဇာတ်သူဇာတ်သားများပင် ရယ်ကြရ၏။

"အောက်ကို ဖြမကြည့်နဲ့ တိုင်းကျော်ရ"

"ဘာလို့တုန်း"

"မင်းရှုံးမှာ တိုင်းကျော်ရ"

"ဘာလို့တုန်း"

"ငါက တုတ်ထောက်ခုန်ချန်ပီယံ"

အားလုံး ဝါးခနဲပွဲကျသွား၏။

"ဒီကောင့်နှယ် သားပိုက်ကောင် လိုခုန်ချင်တာ မှတ်တယ်"

အတိုင်အဖောက်ညီသော လူရွှင်တော်များမို့ အခံအအုပ်ကကွက်တိကျသည်။

"မင်း ဇာတ်ပြန်ကတော့မယ်ဆိုတော့ ဝမ်းသာတယ်ပြုံးရွှင်ရာ၊ မှန်းဒါလေးက ပြုံးရီလေးလား"

ဘဝတူဇာတ်သမားများက



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲမှ ကလေးငယ်ကို လာ ကြည့်ကြသည်။

"ဟယ် ကလေးက ပြုံးရွှင်နဲ့ တခြားစီ၊ ချောလိုက်တာ မှုံ့လို့"

"ဟုတ်ပဟယ်၊ ရွှေချထားတဲ့အတိုင်း ဝင်းလို့ဖန့်လို့ပါလား"

"ကြည့်စမ်းပါဦး နှုတ်ခမ်းလေးကျပုံက ဆောက်ခုံးနဲ့ ထွင်းထားသလားပဲ"

"နှာတံလေးကလည်းဟယ် ပေတံလေးနဲ့တိုင်းပြီး ဆွဲထားသလားပဲ စင်းတန်းနေတာ"

မှန်ပေသည်။ ကလေးငယ်က ပြုံးရွှင်နဲ့လည်းမတူ၊ ခင်မြရီလိုလည်း မဟုတ်။ ထူးခြားစွာ လှပပါသည်။

"ဟယ် အဆစ်အပေါက်ကလေးကလည်း ကောင်းတော့"

"အဲဒါ ငါချောလို့၊ ငါချောလို့"

ပြုံးရွှင်က ဝင်ပဏာယူသည်။ ဒါကို ယခုမှရောက်လာသော သီဟိုက၊

"အောင်မာ သူနဲ့ပဲတူရသတဲ့၊ ပြုံးရွှင်ရဲ့ ခန္ဓာကိုယ်က သေရင်ငါးရှဥ့်ကြိုက်မဲ့ခန္ဓာ၊ ဆူလို့ဖြိုးလို့"

သူ့စကားကို ပေါက်လုံးကလည်း၊

"အို ပြုံးရွှင်များ သေမှလားကွာ၊ မသေခင်ကတည်းက ယင်ကောင်တစ်မျိုးပဲ သူ့ကိုချစ်တာ၊ ကြည့်ပါလား ယင်တလောင်းလောင်းနဲ့"

ဒါကို ပြုံးရွှင်ကလည်း မျက်နှာရှုံ့ကြီးနဲ့၊

"ငါချောတာ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်သွားလားဟင်၊ မင်းတို့တွေကရော ငါချောလို့ နေရထိုင်ရခက်နေတာလားဟင်"

သူ့စကားကို ဇာတ်အဖွဲ့သားများ ဝါးခနဲ ပွဲကျသွားသည်။ မှန်ပေသည်။ ပြုံးရွှင်လာလျှင် ရယ်မောစရာပါလာသည်ချည်း။





ပြီးနောက် လုပ်ဖော်ကိုင်ဖက်အားလုံးက ပြုံးရွှင်နား ဝိုင်းလာပြီး ပြုံးရွှင်အား နှုတ်၏စောင်မခြင်းဖြင့် ကြိုဆိုလိုက်ကြသည်။

ပျော်စရာအတိပင်။

လူ့ဘဝဆိုသည်မှာ အဘယ်မျှ ဒုက္ခများပါစေ ပျော်စရာရှိပျော်လိုက်တာက အကောင်းဆုံးပင်မဟုတ်ပါလား။

×××××



www.burmeseclassic.com

www.burmeseclassic.com



“အင်း ဒါတော့
ဘယ်တတ်နိုင်မှာလဲဗျာ၊
ဇာတ်ကချိန်ဆိုရင်တော့
တော်ရာလူလက်ထဲ
ခဏအပ်ရမှာပဲ”

“အေးဗျာ၊ ခင်ဗျား ဇာတ်ပြန်ကမယ်ဆိုတော့ ဝမ်းသာပါတယ်”

ဇာတ်မန်နေဂျာက ထုံးစံအတိုင်း ယပ်တောင်လေးတဖျတ်ဖျတ်ခပ်ရင်း ပြောသည်။

“ခင်ဗျားမရှိတော့ တိုင်းကျော်တို့ သီဟိုတို့ ပေါက်လုံးတို့လည်း ‘အ’နေကြတာ၊ လူသစ်ခေါ်တော့လည်း မလိုက်နိုင်၊ တချို့က နင်းလွန်းတော့ အဆင်မပြေဘူး”

ပြုံးရွှင် ဘာမှမပြော။ လူရွှင်တော်များသဘောကို သိနေ၍ဖြစ်သည်။

လူရွှင်တော်အတွဲထဲ တခြားသူဝင်လျှင် အတွဲမညီ မလိုက်





နိုင်ဖြစ်တတ်သည်။ တချို့ စန်းကောင်းသော လူရွှင်တော်ငယ်များ ဝင်လျှင်လည်း အတွဲတူလူရွှင်တော်များနောက် မလိုက်။ သူ့အကြိုက်သာ ပြက်လုံးထုတ်ပြီး ကျန်သူများကို နင်းထားတတ်သည်။ ထိုအခါ အရင်လူရွှင်တော်များက ‘အ’နေတတ်ပြန်သည်။ လူရွှင်တော်မညီလျှင် ဇာတ်က အလုပ်မဖြစ်။

“ဒါနဲ့ပြုံးရွှင် ဒီကလေးက”

ပြုံးရွှင်က ကလေးငယ်ကို ပြန်ငုံ့ကြည့်ပြီး၊

“ဒါလေးက ကျုပ်နဲ့ခင်မြရီတို့ရဲ့ တစ်ဦးတည်းသမီးပါ၊ ပြုံးရီတဲ့”

ဇာတ်ဆရာက ခေါင်းခါပြီး၊

“အဲဒါမေးတာမဟုတ်ဘူး၊ ခင်ဗျားဇာတ်ကတော့ ကလေးကို ဘယ်လိုထားမှာလဲလို့”

ဇာတ်ဆရာက သူလိုရာသာ ပြော၏။ ဒါကို ပြုံးရွှင်က သက်ပြင်းချပြီး၊

“အင်း ဒါတော့ ဘယ်တတ်နိုင်မှာလဲဗျာ၊ ဇာတ်ကချိန်ဆိုရင်တော့ တော်ရာလူလက်ထဲ ခဏအပ်ရမှာပဲ”

ဇာတ်မန်နေဂျာ ယပ်တောင် အခပ်ရပ်သွားသည်။ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ခင်ဗျားအဆင်ပြေရင် ပြီးတာပဲ၊ ကျုပ်ကတော့ ကလေးတစ်ယောက်အတွက်နဲ့ ဇာတ်ကို အနှောင့်အယှက် မဖြစ်စေ ချင်ဘူး"

"စိတ်ချပါဗျာ၊ ကျွန်တော့်ကလေးက အနှောင့်အယှက်ပေး မယ့်အရွယ် မဟုတ်သေးပါဘူး"

ဇာတ်ဆရာ ခေါင်းညိတ်သည်။ ပြီးမှ

"ဒါဖြင့် ဇာတ်တိုက်ဖို့ပြင်ဗျာ၊ ခင်ဗျားဝင်ရမယ့်အခန်းတွေ ပြဇာတ်ဒါရိုက်တာ ကိုမိုးကြီးကိုမေး၊ ကဲ သွားတော့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြုံးရွှင် ဝမ်းသာအားရ ထရပ်လိုက်သည်။ သူ ဇာတ်ပြန်က ရပေတော့မည်။ ပြုံးရွှင် ဇာတ်ပြန်ကရပေတော့မည်။

×××××







"ပြုံးရွှင် ဘယ်မှာလဲ ပြုံးရွှင်"

"ခင်ဗျ လာပြီခင်ဗျ"

ဇာတ်သာကရမည်ဆို အများထက် ရိုကျိုးသောလူရွှင်တော် ပင်။

"ဟော့ကောင် မြန်မြန်လာလေ"

သူဝင်ရမည့်အခန်း ရောက်နေပေပြီ။ ရင်ခွင်ထဲက ကလေး ကို ဘယ်နားထားရမှန်းမသိသေး။ နောက်ဆုံး ကြံရာမရတော့ဘဲ နောက်ပိုင်းမင်းသမီး ဒေါ်အုန်းလက်ထဲ ထိုးထည့်ရင်း၊

"ဒေါ်အုန်း ပြုံးရီကလေးကို ခဏကြည့်ပေးဗျာ၊ ကျုပ် ဇာတ် တိုက်သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ဇာတ်တိုက်ရာ ပြေးသွားလိုက်သည်။

"ဟုတ်ပြီ၊ ပြုံးရွှင်က သူကြီး၊ တိုင်းကျော်က မင်းသမီးအဖေ၊ အစကတည်းက မတည့်တော့ အကန့်တွေပြောရမယ်၊ သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့ဆရာ"

"ကဲ ဒါဖြင့်စကြည့်မယ်"

နှစ်ယောက်မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ဒီမှာပြုံးရွှင်"

စကားက စရုံရှိသေးသည်။

ထိုစဉ်မှာပင်

"ဝါး"

ကလေးငိုသံ။

"ဝါး"

ကျယ်လောင်သော ကလေးငိုသံ။ လှည့်ကြည့်လိုက်တော့ ပြုံးရွှင်သမီး ပြုံးရီလေး။

ပြုံးရွှင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"ဒီမှာပြုံးရွှင် မင်းက ဒီရွာကသူကြီးဆိုပြီး"

"ဝါး"

ကလေး၏ အာခေါင်ခြစ်အော်သံ။ ပြုံးရွှင် ဇာတ်ထဲ စိတ်မပါတော့။

"တိုင်းကျော် ခဏကွာ၊ ခဏ"

ဆိုကာ ဒေါ်အုံးလက်ထဲမှ ပြုံးရီကို ပြေးချီလိုက်ရသည်။

"ဝါး"

ကလေးက အငိုမတိတ်သေး။

ပြုံးရွှင် ဇာတ်ကို ဆက်မတိုက်နိုင်တော့။ ကလေးနို့ဗူး ပြေးယူပြီး ပြုံးရီလေးပါးစပ် တပ်ပေးလိုက်ရသည်။





"သမီးရယ် တိတ် တိတ်တော့နော်၊ ဖေကြီးရှိတယ်၊ ဘာမှ မကြောက်နဲ့၊ ဘာမှမကြောက်နဲ့၊ အို ကျွတ် ကျွတ်"

ဇာတ်တစ်ဖွဲ့လုံး ပြုံးရွှင်ကို ကြောင်ကြည့်နေကြသည်။ ကလေးအငိုတိတ်မှ ပြုံးရွှင် သတိရပြီး ဇာတ်တိုက်ရာ ပြန်ပြေးလာကာ

"ကျွန်တော်တောင်းပန်ပါတယ် ဇာတ်ဆရာရယ်၊ ငါတောင်းပန်ပါတယ် တိုင်းကျော်ရာ ပြန်စရအောင်"

တိုင်းကျော် မျက်မှောင်ကြုတ်၍၊

"ဟကောင်ရ ပြန်စမယ်ဆို ဒီကလေးက"

"ငါပွေ့ထားပါ့မယ်ကွာ၊ ငါ့လက်ထဲဆို မငိုပါဘူး"

"ဟ အဲလိုလုပ်လို့"

"ဇာတ်တိုက်နေတာပဲ တိုင်းကျော်ရာ၊ စင်ပေါ်မှာမှ မဟုတ်သေးတာ"

"ဇာတ်တိုက်တာတော့ ဟုတ်ပါရဲ့၊ စင်ပေါ်မှာဆို"

ပြုံးရွှင်က တိုင်းကျော်ပခုံးကို ကိုင်ပြီး၊

"ငါကြည့်စီစဉ်ပါ့မယ် တိုင်းကျော်ရာ၊ ဇာတ်ဆရာမငြိုငြင်ခင် ဇာတ်ကိုပြန်တိုက်ရအောင်"

တိုင်းကျော် သက်ပြင်းချသည်။ လုပ်ဖော်ကိုင်ဖက်ကိုလည်း အားနာပုံရသည်။ ထို့ကြောင့်၊

"ဒီမှာပြုံးရွှင် မင်းက ဒီရွာကသူကြီးဆိုပြီး"

××××



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ကစုံနေပြီ။ လူတွေက လူရွှင်တော်များကို ရယ်ဖို့ အဆင်သင့်။ လူရွှင်တော်တွေကလည်း သူတို့အကြိုက် ဒိတ်ဒိတ်ကျဲ ပြုံးရွှင်နှင့် တိုင်းကျော်။ သူတို့ထွက်လာတိုင်း ရယ်ရဖို့ ပြင်ထားပြီး သား။

ယခုတော့ ဒီနှစ်ယောက် ထိပ်တိုက်တွေ့ပြီ။ နှစ်ယောက်လုံး စင်ပေါ်တွင် ခါးထောက်ရင်း စောင်နေကြသည်။

"ဒီမှာပြုံးရွှင် မင်းက ဒီရွာကသူကြီးဆိုပြီး ထင်ရာလုပ်လို့ မရဘူးကွ၊ ကဲ အခု ငါ့သမီးကိစ္စ မင်းဘယ်လိုရှင်းပေးမလဲပြော"

"ငါဘာရှင်းပေးစရာလိုလဲကွ တိုင်းကျော်ရ၊ မင်းသမီးနဲ့ ငါ့ရွာသား လူငယ်ချင်းဖြစ်ကြတာလေ၊ သူတို့ဘာသာ သူတို့ရှင်းပေါ့





ကွ"

"ဪ မင်းကဒီလိုလား၊ ဒါဖြင့် ငါ့သမီး လင်နောက်လိုက်တဲ့ ကိစ္စကို ငါကရေဆေးပြီး အိမ်ပြန်ခေါ်သွားရမှာပေါ့"

"အေး ငါ့ရွာသားကိုလည်း ငါ လုံချည်နဲ့သုတ်ပြီး ပြန်ခေါ် သွားရင်ကို ကိစ္စပြတ်တယ်"

"ဟော့ကောင် ငါက ငါ့သမီးရဲ့ ပျက်နေတဲ့မျက်နှာကို ရေဆေး မှာ ပြောတာ"

"ငါကလည်း ငါ့ရွာသားရဲ့ ပျက်နေတဲ့မျက်နှာကိုပဲ ပြောနေ တာကွ၊ ယောကျ်ားပဲကွ၊ လုံချည်နဲ့သုတ်ရုံနဲ့ ပြောင်ပါတယ်"

လူတွေက သူတို့ကိုကြည့်၍ ရယ်ကြသည်။ ဟာသကို ထပ်ဆင့် မြင့်ရန်လိုပြီ။

"ဟင် ဟော့ကောင် မင်းက ငါ့သမီးကို ဒီလိုပြော"

တိုင်းကျော်စကား မဆုံးလိုက်။ ဝါးခြမ်း ကလေးငယ်၏ အာခေါင်ခြစ်အော်သံ။ လိုက်ကာကြားက ကြားလိုက်ရသည်။

ကလေးငယ်ငိုသံကြားတော့ တိုင်းကျော် အပြောရပ်သွား သည်။ ပြုံးရွှင်မှာ တုန်ပင်တုန်တက်သွား၏။

ပြုံးရီ၏ငိုသံ။

"ဖေကြီးရေ ဝါး"

စကားတတ်စ၊ လမ်းလျှောက်တတ်စ ကလေးက နောက်ပိုင်း မင်းသမီးကြီး ဒေါ်အုန်းလက်က ရုန်းကန်၍ ဖခင်ရှိရာ ဇာတ်စင်ပေါ် သို့ ပြေးတက်လာ၏။

ပြုံးရွှင်က မျက်နှာအပျက်ပျက်အယွင်းယွင်းနှင့်၊

"တိုင်း တိုင်းကျော် ဆက် ဆက်လေကွာ ဆက်ပြောပါကွ"

တိုင်းကျော်ထံမှ အသံထွက်မလာ။ ကြားနေရသည်က

"ဖေကြီးရေ"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်း တိုင်းကျော် သူငယ်ချင်း ဆက် ဆက်ပြောပါကွာ၊ ငါတောင်းပန်ပါတယ်"

ဘယ်လိုမှ ဆက်ပြော၍မရတော့။ ပြုံးရီက ပြုံးရွှင်ခြေရင်းကို ရောက်၍ လုံချည်ကိုဆွဲ၍ ငိုနေပေပြီ။

တိုင်းကျော်က စိတ်ညစ်ဟန်နှင့် ခေါင်းကုတ်ပြီး၊

"ပြုံးရွှင် မင်းတော့ကွာ တောက်"

ဟု မကျေမနပ်ဆိုရင်း စင်ပေါ်မှ ဆင်းသွားတော့၏။

ဇာတ်ကမဆုံးသေးပါဘဲ စင်ပေါ်မှ လူရွှင်တော်တစ်ယောက် ဆင်းသွား၍ ပရိသတ်များက ကြောင်လျက်။ စင်ပေါ်မှာက ဇာတ်နှင့်မဆိုင်သော လူရွှင်တော်တစ်ယောက်။ ကလေးတစ်ယောက်။

နောက်မှ ပရိသတ်များ သတိရပြီး၊

"ဟ ဇာတ်က ဘာဖြစ်တာလဲကွ"

"အေးလေ၊ တစ်စွန်းတစ်စနဲ့ အပြီးလည်းမကဘူး"

"ဟေ့ မကချင်လည်း အစကတည်းက လာမကပါနဲ့လား"

"ပရိသတ်ကို စော်ကားတဲ့ဇာတ်၊ ချကွာ ချ"

အခြေအနေက ပိုဆိုးကုန်၏။ နဂိုသွေးဆူလွယ်သော ပရိသတ်များထံမှ ပြောင်းဖူးရိုးများ၊ ခဲများ တက်လာလေတော့၏။

"ဟေ့ ဟေ့ လိုက်ကာချ လိုက်ကာချ"

"မီးတွေမှိတ်ပါဟ၊ မီးတွေမှိတ်ပါ"

အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်၏။

xxxxx







နံနက်ဝေလီဝေလင်းပင် ဖြစ်သည်။

ကလေးငယ်ကို ကျောပိုးချီ၍ လူရွှင်တော်ပြုံးရွှင် တစ်ယောက် ဇာတ်ရုံကြီးကို သံယောဇဉ်မကုန်စွာ လည်ပြန်ငေးကြည့်နေသည်။

ယခုတစ်ကြိမ်လည်း သူအင်မတန်ချစ်မြတ်နိုးသော ဇာတ်ပွဲမှ ကန်အထုတ်ခံရပြန်ပေပြီ။

ဇာတ်သဘင်လောကကို သူမချစ်၍မဟုတ်။ လွန်စွာချစ်ပါသည်။

သို့သော် ရင်သွေးငယ်၏ ဘဝမဆိုထားနှင့် ရင်သွေးငယ်၏ ငိုသံနှင့်ပင် သူမလဲနိုင်။ မလဲရဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် အရည်အချင်းမရှိ၍မဟုတ်။
သူ စာရိတ္တမကောင်း၍မဟုတ်။
ဇာတ်သူဇာတ်သားများနှင့် မတည့်၍မဟုတ်။
ပညာဂုဏ်မောက်လွန်း၍လည်း မဟုတ်။
သူ့တွင် ကောင်းမှုများသာရှိပါ၏။
မကောင်းမှုများ သူ့တွင်မရှိ။
သို့သော်

ကောင်းသောအရာနှင့် ကောင်းသောစိတ်ထားက သူ့ကို ဝန်ထုပ်ဝန်ပိုး ဖြစ်ရပေပြီ။

သားသမီးအပေါ် သံယောဇဉ်ထားမိ၍ အပြစ်ဖြစ်သည်ဆိုလျှင်၊

ဤကမ္ဘာလောကတွင် ခြေချစရာနေရာပင်မရှိတော့။

ကမ္ဘာမီးလောင် သားကောင်ချနင်းဟူသော စကားသည် အတည်ပင်ဖြစ်လာပေတော့မည်။

အို မိတ်ဆွေ
တရားသည် ကိုယ်ထဲ၌ပင်ရှိ၏။
ကုသိုလ်သည် ပတ်ဝန်းကျင်၌ရှိ၏။
အကုသိုလ်ဆိုသည်မှာ

ပတ်ဝန်းကျင်မှ ကိုယ်ထဲသို့ ပျံ့နှံ့ဝင်တတ်ပါကြောင်း သတိပြုပါလေ

သင့်ပတ်ဝန်းကျင်နှင့် သင့်ထံတွင် အကုသိုလ်အမြောက်အမြား ပေါက်ဖွားနေပါပြီ။ စိတ်ကောင်းထား၍ ဖြေရှင်းပါ။

×××××





"ဆိုင်းဆရာရယ်၊ ကျွန်တော့်ကို ချီကောက်လေးဖြစ်ဖြစ် ခေါ်ကစမ်းပါဗျာ၊ ဆိုင်းဆရာ စိတ်မပျက်စေရပါဘူး"

ဆိုင်းဆရာ စိန်လွင်ဆန်း စီးကရက်မီးခိုးကို ဖြည်းညှင်းစွာ မှုတ်ထုတ်လိုက်သည်။

"ကျွန်တော်ကြားပြီးပြီ ကိုပြုံးရွှင်၊ ခင်ဗျားသမီးလေးက ခင်ဗျားနဲ့ လုံးဝခွဲလို့မရဘူးဆိုတာ"

"အဲ အဲဒါက ဇာတ်ပွဲပေါ်မှာပါဗျာ၊ ဆိုင်းပွဲမှာဆိုတော့"

"ဆိုင်းပွဲမှာ အဲဒီလိုမျိုးဖြစ်ရင် ဘယ်လိုလုပ်မလဲ ကိုပြုံးရွှင်၊ ဆိုင်းပွဲဆိုတာ နေရာစုံကွက်တိ၊ လူပိုရှိတာမဟုတ်ဘူး၊ နောက်ထဆိုလည်း နှစ်ယောက်တည်းဗျ၊ အကယ်၍ တစ်ဝက်တစ်ပျက်နဲ့ ပြဿနာဖြစ်ရင် ကျုပ်တို့ဆိုင်းပွဲက ခင်ဗျားကြောင့် ရပ်ပစ်ရမှာလား ပြော"

ပြုံးရွှင် ရှာစား၏ခြေသလုံးကို လှမ်းကိုင်လိုက်သည်။

"စိတ်ချပါ ဇာတ်ဆရာရယ်၊ ကျွန်တော့်သမီးလေးက ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအနောက်၊ ကျွန်တော့်နားသာချထား၊ ဘာသံမှကိုမထွက်စေရပါဘူးဗျာ၊ သူဂျိုကျတယ်ဆိုတာကလည်း ကျုပ် ဇာတ်စင်ပေါ်တက်တုန်း သူနဲ့ဝေးနေမှ ဂျိုကျတာပါဗျာ၊ ဟို ဒါကလည်း ဇာတ်ပွဲနဲ့ သူ အသား မကျခင် ကျုပ်ကို အလုပ်ထုတ်လိုက်လို့ ဒါမျိုးဖြစ်တာပါဗျာ၊ တကယ်ပါ တစ်ပွဲနှစ်ပွဲသာ စမ်းသုံးကြည့်ပါ၊ ရှာစား စိတ်မပျက်စေရပါဘူး၊ တကယ်ပါဗျာ"

ပြုံးရွှင် ရှည်လျားစွာရှင်းပြသည်။ သူ့မှာလည်း ဤဆိုင်းပွဲလေးမှ မကာရလျှင် သားအဖနှစ်ယောက် ငတ်သေဖွယ်ရှိ၏။

ရှာစားစိန်လွင်ဆန်း သက်ပြင်းချသည်။

"အေးလေ၊ ဒါဆိုလည်း ခင်ဗျားကို တစ်ပွဲနှစ်ပွဲတော့ စမ်းကြည့်တာပေါ့"

"ဝမ်းသာလိုက်တာဗျာ၊ တကယ်ပြောတာပါ၊ ဝမ်းသာလိုက်တာ"

ပြုံးရွှင်အသံတွေပါ ပြောင်းသည်အထိ ဝမ်းသာသွားသည်။ ပြီးနောက် အကြောင်းမဲ့ ရှာစား၏ခြေကို ဆုပ်နယ်ပေးနေမိသည်။ ရှာစားက အပိုးကျိုးလွန်းသော သူ့ကိုငေးကြည့်ပြီး၊

"အေး ဟုတ်ရင်ဟုတ်ပေါ့ဗျာ၊ ဆိုင်းပွဲမှာ ပြဿနာဖြစ်လို့ကတော့"

"ကျုပ်ကို ထိုးလွှတ်စမ်းပါဗျာ၊ ကျုပ်စိတ်မဆိုးပါဘူး၊ ဒါမှမကျေနပ်ရင် ကန်လွှတ်ဗျာ၊ ကျုပ် ဘာမှမပြောဘူး"

ဆိုင်းဆရာက တကယ်လုပ်မည့်ဟန်နှင့် ခေါင်းညိတ်သည်။ သိသည်။ သို့သော် ဤအလုပ်တစ်ခုကိုသာ တန်ဖိုးထားတတ်သူအတွက် ဤမျှပြစ်ဒဏ်မှာ ပန်းနှင့်ပေါက်သလောက်သာ ခံယူပါ၏။

ဤသို့ဖြင့်. . .

×××××







"ကိုပြုံးရွှင်"

"ချစ်ပိုလား"

"ဒီပွဲက ဘာပွဲတုန်းဗျ"

"အလျှုရေစက်လက်နဲ့မကွာ လျှုနိုင်တန်းနိုင်သူရဲ့ အလျှုပွဲလေကွယ့်"

အလျှုပွဲလိုက်ရသော ဆိုင်းနောက်ထဘဝ အသားကျနေပေပြီ။

"တစ်ရွာလုံး မီးခိုးတိတ်လျှုနေတန်းနေတာ ကျက်သရေမရှိပေဘူးလား"

"စာစကားနဲ့တောင် မနှိုင်းတတ်အောင်ပဲလား မောင်ချစ်ပို



www.burmeseclassic.com

www.burmeseclassic.com



ရဲ့"

"ဒီထက်ပိုကျက်သရေရှိတာ မြင်သေးသဗျ"

"ဘာတုန်း မောင်ချစ်ပိုရ"

ဆိုင်းနောက်ထ ချစ်ပိုနှင့်သူပဲ အတွဲညီသလိုဖြစ်နေပြီ။ တစ်ယောက်အကျအန တစ်ယောက်ကောက်တတ်နေပြီ။

"အဟဲ ဒီရွာက ကွမ်းတောင်ကိုင်မလေးတွေလေဗျာ"

"မင်းကတော့ ဘူးပြီ"

"ဘူး အဲ ထူးပြီလို့ပြောပါဗျ၊ ကြည့်စမ်းပါဦး ကိုပြုံးရွှင်ရာ ကွမ်းတောင်ကိုင်လေးများ ခါးသေးရင်ချီနဲ့ တကယ့်ရွှေမှုံစားတဲ့ ရွှေမင်းသမီးတွေအတိုင်း"

"မောင်ချစ်ပို"

"ဗျ ဗျ"

"ခါးသေးရင်ချီတိုင်း မင်းသမီးဖြစ်ရင် ခါချဉ်တွေ မင်းသမီးဖြစ်ကုန်မှာပေါ့ဟ"

ရယ်သံများကြားရ၏။

"ဒါလည်းဟုတ်ပေသား၊ ဒါပေမယ့် ကိုပြုံးရွှင်ရဲ့"

"ဆိုစမ်းပါဦး"

"ခါးသေးရင်ချီရင်ဖြင့် အိမ်ထောင်တော့ ကျသဗျ"

"ဘယ်သူတုန်းဟဲ့"

"ကျုပ်တို့အိမ်နားက ဒေါ်ဆီဆုံကြီးလေ"

"ဒေါ်ဆီဆုံကြီးလား ဘယ်သူနဲ့အိမ်ထောင်ကျတုန်း"

"ဘယ်သူရှိရမှာလဲ သူ့ကိုလာလာပိုးနေတဲ့ ဦးကျည်ပွေ့ပေါ့"

"ဟယ် ကျည်ပွေ့နှယ် လူပုံက ပိန်ပိန်ကိုင်းကိုင်းနဲ့ ဒေါ်ဆီဆုံကို နိုင်မယ်မထင်ပါဘူး"

"မနိုင်ဘူးသာထင်ရတာ ဦးကျည်ပွေ့ အပြစ်ရှာထောင်းနေ





တာ သားတစ်ယောက်နဲ့ သမီးတစ်ယောက်တောင် ရပေါ့"

"ဘယ်သူတွေများတုန်း"

"မောင်ဆီနဲ့ မနှမ်းဖတ်လေ"

"ဩော် မောင်ဆီတို့ မောင်နှမလား"

"အခုတော့ မောင်ဆီတောင် အိမ်ထောင်ကျပြီခင်ဗျ"

ဆိုင်းနောက်ထ၏ လေသန္တေက လွန်စွာအရေးကြီးသည်။ လေးလေးခန့်ခန့်နှင့် မှန်မှန်ပြောမှ ပရိသတ်က ပွဲကျသည်။

ဆိုင်းနောက်ထ၏
လေသန္တေက လွန်စွာ
အရေးကြီးသည်၊
လေးလေးခန့်ခန့်နှင့်
မှန်မှန်ပြောမှ
ပရိသတ်က
ပွဲကျသည်၊

"ဟဲ့ မြန်လိုက်တာ၊ ဘယ်သူနဲ့တုန်း"

"ဟိုဖက်နားက မပုလင်းနဲ့လေ"

"မောင်ချစ်ပို"

"ခင်ဗျာ ကိုပြုံးရွှင်"

"မောင်ဆီယူလိုက်တဲ့ မပုလင်းမှာ လင်ကြီးရှိတာမသိဘူးလား"

"လင်ကြီးရှိတာလား၊ ဘယ်သူတုန်း"

"ကိုကတော့လေကွယ် သူတို့က အမြဲစွပ်လျှက်ကြီး"

ဇာတ်ပွဲအရပ်ပွဲ၊ အငြိမ့်ပွဲလို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်နှင့်လုပ်ပြမရ၍ အသံနှင့်သာ အောင်နေအောင် ထိန်းရသည်။

"ဟယ် မောင်ဆီတော့ ဒုက္ခပါပဲ"

"ဒါတင်လားဟဲ့၊ မပုလင်းက နေရာတကာဝင်ဆန့်တယ် ဆိုပြီး မျက်နှာလည်းများပ့ါ။ တစ်ခါတလေ အရက်နံ့များတောင် တသင်းသင်းနဲ့"

"အဲဒါကတော့ အဲဒီနေ့က မပုလင်းကို ခင်ဗျား ခါးထိုးသွားလို့နေမှာပေါ့"

"တစ်ခါတည်းပါကွာ၊ အာ မင်းကလည်း ယောင်ကုန်ပြီ၊ ကိုကတော့နဲ့တုန်းက မပုလင်းက အဆင်မပြေဘူးလေ၊ မောင်ဆီနဲ့ကျမှ"

"ဘာကွာလို့တုန်း"

"အိုကွာ ကိုကတော့က ဘာရတာမှတ်လို့၊ မောင်ဆီက တစ်ပိဿာရှစ်ဆောင်ကိုး"

အားလုံးသဘောပေါက်ပြီး ရယ်ကြသည်။

"တန်ဖိုးကွာတာပေါ့"

"မောင်ဆီနဲ့ပေါင်းမှ မပုလင်းမှာ ရွှေဝါရောင်တဝင်းဝင်းနဲ့"

"ဒါပေါ့၊ အလုပ်အကိုင်ကောင်းတာကိုး"

"အခုတော့ မောင်ဆီနဲ့ မပုလင်းလည်း ကွဲရှာပြီ"

"ဘာလို့တုန်း"

"ကိုကတော့က တရားစွဲလို့လေ၊ မပုလင်းခမျာ ထရံတိုင်မှာ အချုပ်ခံနေရရှာပြီ"

"ဒါဖြင့် မောင်ဆီကရော"

"မောင်ဆီက မဒယ်အိုးနဲ့ ထပ်ပေါင်းပြီး ပြောင်းရှာပြီဟဲ့"

"ဘယ်ပြောင်းတာတုံး"

"ဟောဒီအလှူကို ပြောင်းလာတာလေ"





"ဟယ် ဒါကြောင့် အလှူဟင်းအိုး ဆီပျံမျိုးချည်း စားနေရတာ"

"မောင်ချစ်ပို စားလို့ရောကောင်းရဲ့လား"

"ကောင်းပေါ့ ကိုပြုံးရွှင်ရဲ့"

"အေး အလှူရှင်က အကောင်းလေးတွေ ကျွေးပြန်တော့ တို့တွေလည်း အကောင်းလေးတွေ ပြန်ပေးရမှာပေါ့"

"မှန်ရဲ့ဗျာ"

"ရှာစားက ဘယ့်သူတုန်း"

"ပြည်ချစ်စိန်လွင်ဆန်းလေ အစ်ကိုရဲ့"

"ဒါကြောင့် မေတ္တာချမ်းမြ ဆက်စေရ၏၊ မွေးမြူလိုင်ကျော် ဒီတေးတော်ကို ပရိသတ်များ မင်းခစားမကျန် ရွှေနားတော်ပန်နိုင်ဖို့ ရှာစားရေ မင်းတေးကိုပို့"

ဆိုင်းသံက ငြိမ့်ငြိမ့်ညောင်း။ ပြုံးရွှင် ဆောင့်ကြောင့်ထိုင်ရင်း သမီးငယ် ပြုံးရီကို ချော့မြူရသေး၏။

"သမီး ဗိုက်ဆာပြီလား"

"အင်း"

အသိဉာဏ်ရှိနေပြီဖြစ်သော သမီးက ခေါင်းညိတ်သည်။

"အေး အေး အဖေယူပေးမယ်"

ပြုံးရွှင် ဘေးဘီဝေ့ကြည့်ပြီး၊

"ဒီမှာခင်ဗျ ဒီမှာ၊ ကလေးဗိုက်ဆာလို့ ထမင်းလေးနည်းနည်း ယူပေးပါလား"

"ဩော် ကိုပြုံးရွှင်ကြီးပဲ ယူပေးရမှာပေါ့၊ ယူပေးရမှာပေါ့"

"အေး အေး ထမင်းရလာရင်ဖြင့် ချပေးနှင့်ဗျာ၊ သူ့ဘာသာ သူနှိုက်စားလိမ့်မယ်"

အချိန်များ ဘယ်လိုမှမအား။ ဆိုင်းပွဲဆိုတာ ဆိုင်းဝိုင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းနောက်ထသာရှိတာကိုး။

"ဟော့လူ ကိုပြုံးရွှင် ထဗျ၊ ဆိုင်းထောက်ကပြီးပြီ"

"ဟယ် ဆိုင်းသီချင်းနှယ်၊ တိုလိုက်တာ"

ပြုံးရွှင် ကမန်းကတန်း ပြန်ထရသည်။ အခန့်သင့်ပင်၊

"ကိုပြုံးရွှင်ရေ"

"မောင်ချစ်ပိုလား"

ဤသို့ဖြင့်. . .

×××××





"ကိုပြုံးရွှင်ရေ"

××××

"ကိုပြုံးရွှင်ရေ"

××××

"ကိုပြုံးရွှင်ရေ"

××××



www.burmeseclassic.com

www.burmeseclassic.com





"ရာသီပန်းလည်း ကြည်ညိုသာပျော် အပ်တော်မူသည်။
ခရီးမှာကား ဆက်၍သွားသော် ရှည်လျားယူဇနာ"

ရှည်လျားသော နှစ်ကာလများကို ဖြတ်သန်းလာရ၍ ဆိုင်းနောက်ထကြီး၊ ဆိုင်းလူပြက်၊ ဆိုင်းလူရွှင်တော်ပြုံးရွှင် ကျန်းမာရေး ပင် ချို့ယွင်းချင်လာသည်။

ဆိုင်းပွဲရှိလျှင်လိုက်၊ ဆိုင်းပွဲမရှိလျှင်တော်နှင့်မို့ အဖေတစ်ခု သမီးတစ်ခုဘဝ မနည်းရပ်တည်နေရသည်။

ဆိုင်းပွဲဆိုသည်မှာ ဇာတ်ပွဲများ အငြိမ့်ပွဲများလိုမဟုတ်။ ကိုယ့်ဘာသာကိုယ် ရုံသွင်းကရသည်မျိုးမဟုတ်။ အလှူပွဲနားမှ လိုက်တီးရတာမျိုးသာ။



ထို့ကြောင့် ပွဲချိကာ အမြဲတမ်းမရှိတတ်။ ဆိုင်းဝိုင်းကို အသေအချာကြိုက်သော အလှူ့ရှင်မျိုးရှိမှသာ ဆိုင်းသမားဘဝ အူစိုတတ်ပါသည်။

သို့သော် ယခုခေတ်၌ ဆိုင်းဝိုင်းကို စျေးကြီးကြီးပေးငှားမည့်အစား လော်စပီကာနှင့် ခါတ်စက်ငှားရုံနှင့် အလှူကိုပြီးတတ်ပါသည်။

ဆိုင်းပွဲအငှားရှိလျှင် လူရွှင်တော်နှင့် သမီးငယ်အူစိုအောင် လွေးရတတ်သော်လည်း ဆိုင်းပွဲမရှိသော အခါများတွင် ခြစ်ချုပ်စုထားသမျှလေး ထုတ်၍ ဖြစ်သလိုသာ နေရတတ်သည်။

သမီးငယ်ပြုံးရီမှာ အစားကောင်း မစားရ၍ ပူဆာသည်မရှိ။ ဖခင်မရှိသော အခါများ၌သာ သည်းထန်စွာ ငိုကျွေးတတ်ပါ၏။

သူ့ခမျာလည်း မွေးကတည်းက မိခင်နှင့် ကောင်းစွာမနေခဲ့ရ။ ဒီဖခင်နှင့်သာ တစ်သက်လုံး တတွဲတွဲ နေနေရ၍ ကျန်သူများကို အယုံအကြည်မရှိ။ သူနေရသော အသိုင်းအဝိုင်းကလည်း အားလုံး သူ့ဟာနဲ့သူ ရှုပ်နေကြသည်မို့ သူ့ကိုလည်း ဂရုမစိုက်အား

ဖခင်ကိုသာ
အားကိုးရာအစစ်ဟု
ထင်မြင်ခဲ့ပြီး ဖခင်သွားရာ
နောက် ဖခင်၏လုံချည်
အနွမ်းကိုဆွဲ၍ တကောက်
ကောက်လိုက်နေတတ်လေ
သည်။ သူ ထိုသို့ တွယ်ကပ်
လွန်း၍ ပြုံးသနာဖြစ်ရသည်
မှာလည်း မနည်း။

www.burmeseclassic.com

www.burmeseclassic.com



အကောင်းလည်းမမြင်ကြ၍ မည်သူကမှ သူ့အပေါ် မကောင်းနိုင်ကြပေ။

ထို့ကြောင့် ပြုံးရီလေးဘဝမှာလည်း ဖခင်မှလွဲ၍ မည်သူ့ကိုမှ အားကိုးရသည်ဟု မမြင်ခဲ့ပေ။ ဖခင်ကိုသာ အားကိုးရာအစစ်ဟု ထင်မြင်ခဲ့ပြီး ဖခင်သွားရာနောက် ဖခင်၏လုံချည်အနွမ်းကို ဆွဲ၍ တကောက်ကောက်လိုက်နေတတ်လေသည်။ သူထိုသို့ တွယ်ကပ်လွန်း၍ ပြဿနာဖြစ်ရသည်မှာလည်း မနည်း။ အငြိမ့်ပွဲများလက်ခံပြီးမှ ပြုံးရီကလေး အော်ဟစ်ငိုယိုနေ၍လည်းကောင်း၊ ငိုယိုပြီး စင်ပေါ်ပြေးတက်လာ၍လည်းကောင်း ပွဲပျက်ရပေါင်းများပြီ။ ထို့ကြောင့် ဇာတ်ပွဲမဆိုထားနှင့် အငြိမ့်ပွဲများပင် သူ့ကိုမခေါ်။

"ပြုံးရွှင်ပါရင် ပွဲပျက်တယ်ဟေ့"

ဟူသောစကားမှာ ဇာတ်သမားကြား လူပြောများသည်။ ပြုံးရီကလေးကြောင့်ပင် သူ့အလုပ်မရ။

အလုပ်မရှိသည့်နေ့များတွင် ခြေတိုအောင်လျှောက်၍ အလုပ်ရှာ။ အလုပ်ရှိသော နေ့များတွင်လည်း အလုပ်ရှိရာ ခြေတိုအောင်သွားရနှင့် နားရသည်ဟူ၍ပင်မရှိ။

ဩော် လူ့ဘဝကြီးကို ပင်ပင်ပန်းပန်း ဖြတ်သန်းရသော ငြား လောကဓံတရားကို ခါးလိမ်ထားနိုင်တဲ့ သားအဖ သူတို့ရဲ့ဒုက္ခတွေ ဘယ်အချိန်မှ အားရပြီး ဖယ်ခွာမှာပါလိမ့်။

ယခုလည်း ဆိုင်းပွဲနားတုန်း အခြားအလုပ်ကလေးများ ရလိုရငြား ခြေတိုအောင်သွားနေမိစဉ်၊

"ကိုပြုံးရွှင် ကိုပြုံးရွှင်"

ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ ဆိုင်းကန်ထရိုက်တာ မောင်ပေါနှင့် သူမသိသော သူတစ်ယောက်။

"ရှာလိုက်ရတာဗျာ"





ပြုံးရွှင် ထခုန်မတတ်
ဝမ်းသာသွားသည်။
သူတို့လို လူ့ရွှင်တော်မျိုး
ရုပ်ရှင်ထဲပါရဖို့
ဝေးလို့ကိုး။
ဝမ်းသာလွန်း၍
ဘာပြောရမှန်းတောင်မသိ။

မောင်ပေါက အနားကပ်လာသည်။ ပြုံးရွှင်က ဝမ်းသာအားရပင်

"ဟဲ့ မောင်ပေါ ဆိုင်းပွဲရှိလို့လာခေါ်တာလား၊ အတော်ပဲဟေ့ အလုပ်ကမရှိတာနဲ့"

မောင်ပေါက သူ့မျက်နှာမှ ချွေးများကို ခပ်ကြွမ်းကြွမ်းသုတ်ပြီး၊

"ဟယ် အခုဟာက ဆိုင်းပွဲမဟုတ်ဘူးဗျ၊ ခင်ဗျားတော့ ပွဲပေါက်တိုးပြီ"

"ဟေ ဘာလို့တုန်း"

"ဟောဒီက ရုပ်ရှင်ဒါရိုက်တာကြီး ကိုမင်းစိန်တဲ့"

"ဟယ်"

ရုပ်ရှင်ဒါရိုက်တာ အသံကြားသည်နှင့် ပြုံးရွှင် ခြေလက်တို့ တုန်ယင်သွားသည်။ သူတို့လိုသာမညောင်ညဆိုင်းနောက်ထက ရုပ်ရှင်ဒါရိုက်တာတစ်ယောက်အား စကားပြောရဖို့ဝေးစွ အနားတောင်သီဝံ့တာပင်မဟုတ်။

"အဲဒီဒါရိုက်တာကြီးက ခင်ဗျားဆိုင်းပွဲကတာ ကြိုက်လို့တဲ့၊ အဲဒါ ရုပ်ရှင်ထဲ တစ်ခန်းစနှစ်ခန်းစ သုံးချင်လို့တဲ့ဗျ"

"ဟယ် ငါ့ကို ငါ့ကို ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မှာသုံးမယ် ဟုတ်လား"

ပြုံးရွှင် ထခုန်မတတ် ဝမ်းသာသွားသည်။ သူတို့လို လူရွှင်တော်မျိုး ရုပ်ရှင်ထဲပါရဖို့ဝေးလို့ကိုး။ ဝမ်းသာလွန်း၍ ဘာပြောရမှန်းတောင်မသိ။ ဒါကို ဒါရိုက်တာက၊

"ဟုတ်တယ်ဗျ၊ ဇာတ်ထဲမှာ ခင်ဗျားရဲ့သဘာကို ကြိုက်တာဗျ၊ နောက် ပွဲထိန်းနိုင်ပုံပေါ့ဗျာ၊ ဒါကြောင့် ကျုပ်အခုရိုက်မယ့် ရုပ်ရှင်ဇာတ်ကားမှာ ခင်ဗျားကို မင်းသားအဖေ သူဌေးကြီးနေရာက သုံးချင်လို့ဗျ၊ ခင်ဗျားနဲ့လိုက်မှာပါ"

"သူဌေးကြီးဟုတ်လား၊ ကျုပ်က ရုပ်ရှင်ထဲက သူဌေးကြီးဟုတ်လား၊ ဟား ရတာပေါ့ဗျာ၊ ကျုပ်က အခံရောအအုပ်ရော ပိုင်ပါတယ်ဗျ၊ ဒါရိုက်တာကြီး ကြိုက်တာခိုင်းပါဗျာ၊ ကျုပ် အဲ ကျွန်တော် ကျွန်တော် စိတ်တိုင်းကျအောင် လုပ်မှာပါ"

ဒါရိုက်တာက ပြုံးသည်။

"ယုံပါတယ်ဗျာ၊ ကိုပြုံးရွှင်ရဲ့ ပညာကိုယုံလို့ ကျုပ်ကိုယ်တိုင်လိုက်ခေါ်တာပေါ့။ ကဲ အဝတ်အစားဖိုးနဲ့ သရုပ်ဆောင်ကြေးကိုတော့ ရှူတင်မနက်နေ့ကျာလွှတ်ပြီး ရှင်းခိုင်းလိုက်မယ်ဗျာ၊ ရိုက်ကွင်းက သန်ဘက်ခါစမယ်၊ ရှူတင်မှာပဲ ဆုံကြတာပေါ့"

ပြုံးရွှင် ထိုင်ကန်တော့မတတ် ဖြစ်သွား၏။ နှုတ်မှလည်း

"ကျေး ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော် ကျွန်တော် တကယ်ကြိုးစားပါ့မယ်၊ တကယ်ပြောတာပါ"

"ကြိုးစားပါ့မယ်ဆိုတာ ပါးစပ်က ကတိလွယ်လွယ်မပေးနဲ့ ခင်ဗျားက ပညာတော့ကောင်းပါရဲ့၊ ပြုံးရွှင်ပါရင် ပွဲပျက်တတ်တယ်ဆိုတဲ့ စကားလည်း အမြဲကြားနေရတယ်နော်"

ပြုံးရွှင် ပျာပျာသလဲနှင့်

"ဟာ မဟုတ်ရပါဘူးဗျာ၊ အဲဒါက ဒီသမီးလေးကြောင့် ပြော





တာပါ၊ အဲဒါမျိုး လုံးဝမဖြစ်စေရပါဘူး၊ ကျွန်တော့်ကို ကြိုးစားခွင့်ပေးပါ၊ ကျွန်တော် ကြိုးစားပါ့မယ်ဗျာ၊ တကယ်ပြောတာ၊ တကယ်ပြောတာပါဗျ"

အလုပ်ပျက်မည်စိုး၍ အသံတွေပါ တုန်နေ၏။ ဒါရိုက်တာက စိတ်ချဟန်နှင့် သက်ပြင်းချပြီး

"ဒါဆိုလည်း ပြီးရောလေ၊ သန်ဘက်ခါ ဆုံကြတာပေါ့"

"စိတ်ချပါဗျာ၊ ကျွန်တော် တကယ်ကြိုးစားပါ့မယ်၊ ကြိုးစားပါ့မယ်ဗျာ"

လက်အုပ်ချီပြီး ကရားရေလွှတ် တတွတ်တွတ်ပြောနေမိသည်။ သူလက်အုပ်ချီတာမြင်တော့ ပြုံးရီကလေးကလည်း ဘုမသိဘမသိနှင့် လက်အုပ်ချီသည်။

ဒါရိုက်တာနှင့် ကိုပေါ်မှာ ဘယ်ရောက်သွားမှန်းပင် မသိ။ သူက ဝမ်းသာအားရ တတွတ်တွတ်ရွတ်နေတုန်း။

အတန်ကြာမှ၊

"ဟော့ ပြုံးရွှင် ရုပ်ရှင်မင်းသားဖြစ်ပြီဟေ့၊ ပြုံးရွှင် ရုပ်ရှင်မင်းသားဖြစ်ပြီ၊ ထင်ပေါ်လို့ စင်တော်ကကောက်ပဟေ့၊ မင်းတို့ငါ့မျက်ခွက်ကို ပိတ်ကားထောင်ပေါ်မှာ ကြည့်ဖို့ပြင်ထားဟေ့၊ ပြုံးရွှင် ရုပ်ရှင်မင်းသားဖြစ်ပြီ"

သူ့အော်သံကြောင့် "ဒီကောင်ဘာဖြစ်တာလဲ"ဟူသော အကြည့်နှင့် ကြည့်ကြသည်။

ပြုံးရွှင်ကတော့ အပျော်သန်နေတုန်း။

××××



www.burmeseclassic.com

www.burmeseclassic.com



"ကဲ အဆင်သင့်ဖြစ်ရင် ရိုက်ကွင်းစမယ်"

ဒါရိုက်တာ၏အသံ။

"ကိုပြုံးရွှင် အသင့်ဖြစ်ပြီလား"

"အသင့်ပါပဲဗျာ"

ပြုံးရွှင်က သူဌေးအဝတ်အစားများနှင့် သန့်ပြန့်နေသည်။

"ဖေကြီး"

သမီးက လူအများကြီးကြား သူ့လုံချည်ကို တင်းတင်းဆွဲထား၏။

"ပြုံးရီ သမီး ဒီမှာခဏလေးနေ၊ ဖေပြုံး အလုပ်လုပ်လိုက်ဦးမယ်နော်၊ ဒီနားက ဘယ်မှမသွားနဲ့၊ ဖေပြုံးဆီလည်း မလာနဲ့နော်"





"

ကလေးငယ်က ငိုမဲ့မဲ့နှင့်၊

"သမီးကြောက်တယ် ဖေဖေ"

ပြုံးရွှင်က သမီးငယ်၏ ပခုံးကို ကိုင်နှစ်သိမ့်ပြီး၊

"ဘာကြောက်စရာရှိလဲသမီးရယ်၊ ဖေပြုံးက ဟိုနားမှာရှိနေမှာပဲနော်"

"ပြုံးရွှင်"

"လာပြီ ဆရာ"

ပြုံးရွှင် သံကုန်ပြန်ထူးရင်း ပြုံးရွှင် သူ့လုံချည်ကို ကျစ်ကျစ်ပါအောင် ဆွဲထားသော ပြုံးရီလေး၏လက်ကို အတင်းဆွဲဖြုတ်လိုက်သည်။

"ဖေကြီး ဟီး"

ပြုံးရီ၏ငိုသံ။

"ပြုံးရီ ဖေကြီး ခဏနေပြန်လာမယ်၊ အဲဒီကပဲစောင့်"

"ဖေကြီး ဟီး ဟီး"

ပြုံးရီက ငိုနေဆဲ။ ပြုံးရွှင် သံယောဇဉ်ခဏဖြတ်၍ ရိုက်ကွင်းထဲဝင်လိုက်သည်။ ရိုက်ကွင်းရောက်သည်နှင့် ဒါရိုက်တာက၊

"ကဲ သူဌေးကိုပြုံးရွှင်က ကားပေါ်ကဆင်းလာမယ်၊ ပြီးရင် အိမ်စေကိုဝင်းကိုခေါ်ပြီး ပစ္စည်းတွေချခိုင်းမယ်၊ ဒီလောက်ပဲ ရမလား ကိုပြုံးရွှင်"

ပြုံးရွှင်က ရယ်ပြီး၊

"ရပါတယ်ဆရာရဲ့၊ လွယ်လွယ်ကလေးဟာကို ဇာတ်မှာတောင် ဒီထက်ခက်သေး၊ ဟင်း ဟင်း"

ဒါရိုက်တာက ပြုံးရွှင်ကို ပြန်ကြည့်သည်။ ပြီးမှ၊

"ဟုတ်တယ်၊ လွယ်လွယ်ကလေးကတင် စထားတာ၊ ဒါပေမယ့် အဲဒီလွယ်လွယ်ကလေးကို မှားလို့မရဘူးနော်၊ မှားတာနဲ့ ဆုံးရှုံးမှုက



www.burmeseclassic.com

www.burmeseclassic.com



နည်းတာမဟုတ်ဘူး၊ ဒါက ဇာတ်ကတာ မဟုတ်ဘူး၊ ရုပ်ရှင်၊ အားလုံး အမှားအယွင်းမရှိမှဖြစ်မှာ”

ပြုံးရွှင်၏ စိတ်ထဲတွင်တော့

“ဩော် ဒီဒါရိုက်တာနှယ် ခက်တော့နေပြီ၊ ဇာတ်ပွဲမှာတောင် ပရိသတ်ရှေ့ နှစ်နာရီသုံးနာရီစာ လက်တမ်းပြက်ခဲ့တာ၊ ဒီကားပေါ်က ဆင်းတာလေး ဘာခက်လို့၊ နေနှင့်ဦး၊ ငါ့ဇာတ်သဘာနဲ့ သူတို့မထင်မှတ်ဘဲ သူတို့ထက်ကောင်းအောင် လုပ်ပြလိုက်ဦးမယ်”

စိတ်ထဲ တေးမှတ်လိုက်သည်။

သူ စန်းတောက်ချိန်ရောက်ပြီကိုး။

“ကဲ အဆင်ပြေရင်စမယ်၊ မီးစုံကင်မရာ”

“ရပြီဆရာ”

“ရပြီဆို ကိုပြုံးရွှင် ကားပေါ်တက်”

“ဟုတ်ကဲ့ဆရာ”

“ကဲ အားလုံးအဆင်သင့် ဆင်း(န်)ဝမ်း၊ ကဒ်ဝမ်း၊ ဖိုက်ဖိုး သရီးတူးဝမ်း အက်ရှင်”

“ဝါး ဖေကြီးရေ ဖေကြီးရေ ဝါး”

“ကျွန်တော့်သမီးလေးပါဗျာ၊ တောင်းပန်ပါတယ်၊ သူက ကျွန်တော်ကားနဲ့ ပါသွားပြီး သူ့ကိုထားခဲ့ပြီထင်လို့ ငိုလိုက်တာပါဗျာ၊ တောင်းပန်ပါတယ်”





ကျယ်လောင်လှသောအော်သံ။ ရိုက်ကွင်းထဲ ပြေးဝင်လာသော ကလေးငယ်။ အားလုံး ကြောင်သွားကြသည်။

“ကဒ် ကဒ် ကဒ်”

ဒါရိုက်တာအော်သံ။

“ဟေ့ ဘယ်က,ကလေးက ပြေးဝင်လာတာလဲကွ၊ တောက် သွားပါပြီကွာ၊ ဟေ့ကောင်တွေ ဘယ်က,ကလေးလဲ မထိန်းကြဘူးလား”

ဒါရိုက်တာက အကူလူများကို လှည့်မဲသည်။

“ကြည့်နေတာပဲဆရာ၊ သူကငိုပြီး ဖွတ်ပြေးဝင်သွားတော့ ဖမ်းမမိလိုက်ဘူး”

ဒါရိုက်တာ ပိုစိတ်ဆိုးသွားသည်။

“ဟေ့ ဒါ ဘယ်မိမဆုံးမ ဖမဆုံးမ ကလေးလဲကွ၊ ဟေ”

ပြုံးရွှင် ကားပေါ်မှ ပြန်ပြေးဆင်းလာသည်။ ပြီးတော့ ပြုံးရီကိုပွေ့ချီပြီး၊

“ကျွန်တော့်သမီးလေးပါဗျာ၊ တောင်းပန်ပါတယ်၊ သူက ကျွန်တော်ကားနဲ့ပါသွားပြီး သူ့ကိုထားခဲ့ပြီထင်လို့ ငိုလိုက်တာပါဗျာ၊ တောင်းပန်ပါတယ်”

“တောက်”

ဒါရိုက်တာ၏ တောက်ခတ်သံ။

“သွားပြီဖလင်တွေ၊ ကိုပြုံးရွှင် ဖလင်ဆိုတာ အမှားအယွင်း မခံဘူးနော်၊ ငါးမိနစ်စာကို ငွေနှစ်သိန်းကျတယ်”

ပြုံးရွှင်က မျက်နှာငယ်လေးနှင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီး၊

“တောင်းပန်ပါတယ်ဗျာ၊ နောက်တစ်ခါ မဖြစ်စေရပါဘူး၊ စိတ်ချပါ”



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ဒေါင့်တစ်ဒေါင့်သို့ ပြုံးရီကိုချီသွားပြီး၊

"သမီးပြုံးရီ၊ အဖေပြောတာကိုနားထောင်၊ အဖေဘယ်မှ မသွားဘူးသိလား"

"ကိုပြုံးရွှင် ပြန်စမယ်"

"ဟော့ နေပွင့်တုန်းလုပ်ရမှာဟ မြန်မြန်လာ"

"လာပြီဆရာ"

ပြုံးရွှင် သမီးကိုပင် စကားအပြည့် မှာတမ်းမခြွေရ။ သူ့ကို မငြိုငြင်လေအောင် ရိုက်ကွင်းရှိရာ ပြန်ပြေးရသည်။ ထို့နည်းတူစွာ

"ဖေကြီးရေ ဟီး"

ငိုသံနှင့်လိုက်လာသော ပြုံးရီ။ ပြုံးရွှင် ကလေးကို ခုနနေရာ ပြန်ချီသွားပြီး

"ခဏလေးနေပါဆို သမီးရယ်၊ ဖေကြီး ခုပြန်လာမှာပါ၊ ပြီးရင် ထမင်းစားမယ်လေ"

"ပြုံးရွှင်"

"လာပြီဆရာ"

ပြုံးရွှင် ရိုက်ကွင်းရှိရာ ပြေးသွားလိုက်သည်။

"ဖေကြီးရေ"

ကလေးငယ်၏ငိုသံက နားစည်ထဲ။

"ကဲ ကိုပြုံးရွှင် ကားပေါ်ပြန်တက်ပြန်စမယ်၊ ကားပေါ်က ဆင်းတာနဲ့ မောင်ဝင်းကိုခေါ် ပစ္စည်းတွေချခိုင်း၊ ဒါပဲ"

"ဖေကြီးရေ ဝါး"

"ဟော့ အဲဒီကလေးကို တစ်ယောက်ယောက် ခပ်ဝေးဝေးခေါ် သွားစမ်း"

"ဟုတ်ကဲ့ဆရာ"

"ဖေကြီးရေ"





ပြုံးရွှင် ဥပေက္ခာ ခဏပြုထားလိုက်သည်။ ကလေးကို ရှူတင်ထဲက တစ်ယောက်က မချီသွားသည်။ ပြုံးရီက ယက်ကန်ကန်။ စိတ်ထဲတွင်တော့ မကောင်း။

"ကဲစမယ်၊ ဖိုက်ဖိုးသရီးတူး ဝမ်း အက်ရှင်"

ကားက ပြန်ကွေ့ဝင်လာသည်။ ပြုံးရွှင် သူ၏ဇာတ်သဘာကို ပြချိန်ရောက်ပြီမို့ ကားပေါ်မှ ဟန်ပါပါ ဆင်းလိုက်သည်။ ပြီးနောက် ကင်မရာ ဖက်လှည့်၍၊

"ကျုပ်က သူဌေးကိုးဗျ"

"ဟာ"

ရိုက်ကွင်းတစ်ခုလုံး ကြောင်သွား၏။ ဒါကို ပြုံးရွှင်ကဆက်ပြီး

"သူဌေးဆိုတော့ ဟောဒီလို ကားအကောင်းစားလည်း စီးရတာပေါ့"

အားလုံး ပြုံးရွှင်ကို ငေးနေသည်။ ဇာတ်ညွှန်းရေးဆရာက လည်ပင်းကိုဖြတ်၍ ရပ်ရန် အသံတိတ် အသိပေးသည်။ ဒါကို ပြုံးရွှင်က မရပ်။

"ဟောဒီဟာက ကျုပ်အိမ်ပေါ့ဗျာ၊ မြေပေါ်ကုဋေလေးဆယ် မြေအောက်ကုဋေလေးဆယ်"

ပြုံးရွှင် ဥပေက္ခာ
ခဏပြုထားလိုက်သည်။
ကလေးကို
ရှူတင်ထဲက
တစ်ယောက်က
မချီသွားသည်။
ပြုံးရီက
ယက်ကန်ကန်။



www.burmeseclassic.com

www.burmeseclassic.com



"ကဒ် ကဒ် ကဒ်"

ဒါရိုက်တာက ထအော်သည်။ ပြီးနောက် ဒေါသတကြီး ပြေးဝင်လာပြီး၊

"ဟေ့လူ ခင်ဗျားဘာတွေလုပ်နေတာလဲဗျ"

ပြုံးရွှင်က ခပ်တည်တည်နှင့်

"ဇာတ်တည်နေတာလေ ဒါရိုက်တာရဲ့"

ဒါရိုက်တာ သူ့ဦးထုပ်ကို မြေပြင်ပေါ် ဒေါသတကြီးပစ်ပေါက်ချလိုက်ပြီး၊

"ဒါ ဇာတ်ကနေတာမဟုတ်ဘူးဗျ၊ ရုပ်ရှင်ရိုက်နေတာ၊ ခင်ဗျားကိုယ်ပိုင်ကားနဲ့ တိုက်အိမ်ကြီးရှေ့ရပ်တာနဲ့ ခင်ဗျားကို သူဌေးမှန်းသိပြီ၊ ဘာမှအာချောင်နေစရာ မလိုဘူး၊ သွားပါပြီကွာ ဖလင်တွေ"

ထိုတော့မှ ပြုံးရွှင် သတိထားမိသည်။ ဟုတ်သား သူဌေးအဆောင်အယောင်တွေပါမှ သူဌေးမှန်းသိပြီပေါ့။ ဇာတ်စင်ပေါ်မှာက ဘာမှမရှိဘဲ သူဌေးစာပြောမှ သူဌေးဖြစ်တာကိုး။ ဇာတ်သဘင်နှင့် ရုပ်ရှင်မတူကြောင်း သတိထားမိသည်။

"ကဲ ကဲ အချိန်ရှိတုန်း ဒီတစ်ကဒ်ပြန်ယူမယ်၊ အသေအချာလုပ်ကြ၊ ဖလင်မဖြုန်းကြနဲ့၊ ကဲ စမယ်"

"မီးစုံ"

"စုံပြီဆရာ"

"အက်ရှင်"

ကားလေးကွေ့ဝင်လာသည်။ ပြုံးရွှင် ကားပေါ်မှ ဣန္ဒြေရရဆင်းလိုက်သည်။ ပြောရမည့်စကားကိုပြောသည်။

"မောင်ဝင်းရေ"

"ဖေကြီးရေ ဟီး"





"ဟာ"

ရိုက်ကွင်းထဲပြေးဝင်လာသော ပြုံးရီ။

"ဖေကြီးရေ ဟီး ဟီး"

"ဟင် ဟင် ဒါက ဒါက"

"ဟာ သွားပါပြီ"

အားလုံး စိတ်ပျက်သွားကြသည်။ ပြုံးရီက ပြုံးရွှင်၏လုံချည်ကို ကျစ်ကျစ်ပါအောင် ဆွဲ၍ အားရအောင်ငိုနေသည်။ သူတို့အားလုံး ကင်မရာတည့်တည့်။

"ကဒ် ကဒ် ကဒ်"

"ဒီသေချင်းဆိုးကြီးကတော့"

ဒါရိုက်တာ၏ ဒေါသတကြီးအော်သံ။ ပြီးနောက် ပြုံးရွှင်ထံ ပြေးဝင်လာပြီး ဒေါသတကြီးနှင့်၊

"ဒီမှာ ခင်ဗျားလုပ်တာ ကျုပ်ဘယ်လောက်ဆုံးရှုံးသွားလဲ သိလား၊ ဖလင်တစ်ဗူးကို တစ်သိန်းခွဲ၊ အဲဒါ ငါးမိနစ်စာ၊ အခု ခင်ဗျားဖြုန်းပစ်လိုက်တာ ဖလင်နှစ်ဗူးရှိပြီ သိရဲ့လား"

ပြုံးရွှင်မှာ တုန်ယင်စွာနှင့် လက်အုပ်ချီရင်း၊

"ကျွန်တော် ကျွန်တော်တောင်းပန်ပါတယ်ဗျာ၊ တောင်းပန်ပါတယ်၊ သမီးကလေးက မသိလို့ပါဗျာ"

"တော် တော်တော့ ကိုပြုံးရွှင်၊ ကျုပ်ဒေါသတွေ ခင်ဗျားမျက်နှာပေါ် မရောက်ခင် ထွက်သွားစမ်း"

"ဖေကြီးရေ ဟီး"

ကလေးငယ်ငိုသံ။ ဒါရိုက်တာ ဒေါသတကြီးနှင့် ပြုံးရီတင်ပါးဆီသို့

"ဟာ ဒီကလေးတော့ကွာ"

"ဖြန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝါး"

ပြုံးရီ၏ လန့်ငိုသံ။ ပြုံးရွှင်မှာ ကြောက်လွန်း၍ တုန်ယင်နေသည်။ သူတစ်ခါမှ မျက်စောင်းပင်ထိုးမကြည့်ဘူးသော သမီးငယ်။ သူ့ရင်ခွင်ထဲရှိနေချိန်၌ပင် တစ်ပါးသူ၏ ရိုက်နှက်ခြင်းကို ခံလိုက်ရ၍ ဘာပြောရမှန်းမသိ။ တစ်သက်မှ တစ်ခါရသော အခွင့်အရေးကိုလည်း လက်မလွှတ်ချင်။ ထို့ကြောင့် ဆို့နင့်စွာဖြင့်၊

"ရိုက်ပါဗျာ၊ ရိုက်ပါ၊ ဒီကလေးကိုက မလိမ္မာတာပါဗျာ၊ ကျွန်တော် မရိုက်ရက်လို့ ခင်ဗျားတို့ပဲ ရိုက်နှက်ဆုံးမပေးကြပါဗျာ၊ ဟီး"

ပြုံးရွှင် တစ်သက်တာအတွက် ပထမဆုံးအကြိမ် ငိုချလိုက်လေသည်။ ထမင်းငတ်စဉ်ကလည်း မငို။ အလုပ်မရှိတုန်းကလည်း မငို။ ဘယ်လောက်ဒုက္ခရောက်ရောက် မငိုခဲ့ဘဲ ပြုံးရွှင်နေတတ်သော ပြုံးရွှင်။ ယုတ်စွအဆုံး ဇနီးမယားသေဆုံးခြင်းကိုပင် အကောင်းမြင်ခဲ့သော လူရွှင်တော်။ ယခု သူ့ရင်ခွင်ထဲက သမီးငယ်အရိုက်ခံရမှ ငိုကြွေးခြင်းကို စတင်မိပေပြီ။

"ဟီး သမီးလေးရယ်"

ပြုံးရွှင် ငိုသံကြားတော့ ပြုံးရီ အငိုတိတ်ကာ ဖခင်ကိုကြည့်သည်။ သူလည်း ဝေခွဲရပုံမပေါ်။

"သမီးလေးရယ် အဖြစ်ဆိုးလိုက်တာ၊ ဟီး ဟီး"

သည်းထန်စွာ ငိုကျွေးခြင်း။

ဒါကို ဒါရိုက်တာက

"ကဲ ကိုပြုံးရွှင်၊ ခင်ဗျားငိုနေလို့လည်း အပိုပဲ၊ သွားတော့ဗျာ သွားတော့၊ ဒီအလုပ်က ခင်ဗျားနဲ့မလိုက်ဘူး၊ သူများပြောတာ မှန်နေပြီ၊ ပြုံးရွှင်ကိုခေါ်ရင် ပွဲပျက်တယ်လို့ဆိုတာ၊ ဒါပဲဗျာ သွားတော့"





မကြာခဏ မောင်းထုတ်ခံနေရသော ပြုံးရွှင်ဘဝက သိပ်မထူးခြားတော့။

"ဟုတ်ကဲ့ သွားဆိုသွားပါ့မယ်ဗျာ၊ ကျွန်တော့်သမီးလေးကို ထပ်မရိုက်ရင် တော်ပါပြီဗျာ၊ ဟီး"

မိတ်ဆွေ မှန်စုံမီးစုံအလည် ကင်မရာရှေ့တွင် လူရွှင်တော်က ချစ်လှစွာသောသမီးကို ရင်ခွင်ပိုက်၍ သည်းထန်စွာငိုကျွေးနေပါသည်။

သို့သော်၊

သူ့ကိုသနားမည့်သူမရှိ။ သူ၏ဒုက္ခများကို နားလည်နိုင်သူမရှိ။ သူ၏ခံစားမှုများကို မည်သူကမှမသိချင်။ ထို့ကြောင့် သူ၏မျက်ရည်ပင် မျက်နှာပေါ် ဖြတ်စီးရခြင်းအပေါ် သိမ်ငယ်နေပေလိမ့်မည်။

သူသည် လူကောင်းပါလျက် လောကကြီးအတွက် မှသင့်တော်သူသာ။

xxxxx



www.burmeseclassic.com

www.burmeseclassic.com





မိတ်ဆွေ၊

ဤမြင်ကွင်းအား မြင်ရခြင်းအပေါ် ရိုးအီနေပါလိမ့်မည်။

တောင်ရှည်ထည့်ထားသော လွယ်အိတ်ညစ်ညစ်တစ်ခုကို လွယ်ပိုးထားသော လူရှင်တော်။

သူ၏လုံချည်ညစ်ညစ်ကိုမှ မလွှတ်တမ်းဆွဲထားသော သမီးငယ်။

နာမည်များက ပြုံးရွှင်နှင့် ပြုံးရီ။

ပြုံးရွှင်ရသည်မရှိ။ ပြုံးရယ်ရသည်လည်းမရှိ။ အမြဲတမ်းခေါင်းငိုက်စိုက်ပင်။

ခေါင်းမော်ရသည်လည်းမရှိ။ ဘယ်လိုမှ မတတ်နိုင်သော





အမှားများ ရင်ဝယ်ပိုက်၍ ခေါင်းငိုက်စိုက်ချထားသူတွေ။

ဒါကို သူတို့ကိုကြည့်၍ တစ်ပါးသူများ ရယ်မောရပါ၏။

သူတို့ဘဝမှာတော့ ရယ်မောခြင်းဆိုသည်မှာ ရှားပါးပစ္စည်းပင်။

သံယောဇဉ်တင်းတင်းရှိသော်ငြား ပျော်ရွှင်စရာကောင်းသော မိသားစုဘဝဆိုသည်မှာ. . .

ရှားပါးပစ္စည်းပင်ဖြစ်တော့သည်။

အို. . . မိတ်ဆွေ

သင်တို့တွင်လည်း၊ မိသားစုဘဝတစ်ခု ရှိကြပေမည်။

သင်တို့၏ မိသားစုဘဝမှာလည်း သာယာချင်မှ သာယာပေလိမ့်မည်။

သံယောဇဉ်စိတ်ဖြင့် မိသားစုအပေါ် နာကြည်းစိတ်များ ဖြေလျှော့လိုက်ပါ။ ခွင့်လွှတ်လိုက်ပါ။

တစ်သက်တာမဟုတ်လျှင်တောင် ခဏတာတော့ သင့်စိတ်ခံစားမှုများ သက်သာသွားပေလိမ့်မည်။

လောကတွင် တစ်ဖက်စောင်းနင်းအနိုင်ဆုံး အမှန်တရားသည် မိဘမှ သားသမီးကို ချစ်စိတ်သာဖြစ်ပေလိမ့်မည်။

××××



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပါပဲတိုင်းကျော်ရာ၊ ငါလည်း အလုပ်ပြုတ်၊ ပြုံးရီက လေးကလည်း ငါ့ကိုအနည်းငယ်စိမ်းသွားတော့တာ"

တိုင်းကျော်က သက်ပြင်းချသည်။

"မင်းကွာ၊ အဲဒီဒါရိုက်တာကို ပြန်ထိုးပေါ့ကွာ၊ ငါဆိုပြန်ထိုး တယ်"

ပြုံးရှင် ခေါင်းခါသည်။

"မင်းသိပါတယ် တိုင်းကျော်ရာ၊ ငါ့တစ်သက်မှာ သူများကို ပြန်ထိုးဖို့မပြောနဲ့ ကိုယ့်ကြောင့် မတော်တဆ ထိခိုက်မိလို့ အနာတရ ဖြစ်အောင်တောင် မလုပ်ခဲ့ဘူးတာ၊ ငါကြောက်တတ်တယ် တိုင်းကျော် ငါ့ကိုထိုးရင်တောင် ငါငိုရုံပဲရှိမှာ၊ ငါ့မှာ ပြန်ထိုးရဲတဲ့သတ္တိ မရှိဘူး





ကွ"

တိုင်းကျော် သက်ပြင်းချပြန် သည်။

"အေးလေ တို့ဘဝက လူရှေ့ သူရှေ့ စင်ပေါ်မှာသာ သတ္တိကောင်း ကြတာ၊ ကျန်အချိန်များက လူကြောက် တွေပဲ၊ ဟိုလူ ငေါက်လည်း ခံရ၊ ဒီလူဆဲ လည်း ခေါင်းငုံ့နေရ မကောင်းပါဘူး ကွာ"

အေးလေ တို့ဘဝက
လူရှေ့သူရှေ့ စင်ပေါ်မှာသာ
သတ္တိကောင်းကြတာ၊
ကျန်အချိန်များက
လူကြောက်တွေပဲ၊
ဟိုလူငေါက်လည်း
ခံရ ဒီလူဆဲလည်း
ခေါင်းငုံ့နေရ

တိုင်းကျော်တို့ ပွဲနားချိန် လာလည်ရင်း စကားလက်ဆုံ ကျနေ ခြင်း သာ။

"အဲဒါ ငါလည်းဘယ်လိုလုပ် ရမှန်းမသိဘူး တိုင်းကျော်ရာ၊ ရုပ်ရှင် မှာကလည်း အဆင်မပြေ၊ ဆိုင်းပွဲဆို တာကလည်း မှန်းလို့မရ၊ အငြိမ့် ကလေး၊ ဇာတ်ကလေးကချင်ပါနဲ့ ပြုံးရီ ကလေးကိုလည်း စိတ်မချနဲ့ ဒီကြားထဲ ပြုံးရီကလေးက ငါ့ကိုစိမ်းသွားပြီ"

"အေးကွာ"

နှစ်ယောက်သား စကားစ ပြတ်သွားသည်။ မှိုင်းရိပ်မှိုင်းငွေ့သဲ့သဲ့ တွေ့ နေရသည်။ ဤရာသီက ဇာတ်သမား များ ကြောက်သောရာသီ၊ ဇာတ်နွမ်း သောရာသီလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား ပြုံးရွှင်ရ"

"ဘယ်လိုတုန်း"

တိုင်းကျော် မျက်မှောင်ကြုတ်ရင်း၊

"မင်း ဘုန်းကြီးဝတ်လိုက်ပါလား"

"ဟေ ဘုန်းကြီးဝတ်ရမယ်"

ပြုံးရွှင်၊ တိုင်းကျော်၏ မဆီမဆိုင်စကားကြားတော့ မျက်လုံးပြူးသွားသည်။ နောက် ခေါင်းကို ခပ်သွက်သွက်ခါပြီး၊

"ဟာ မဖြစ်ပါဘူးကွာ၊ ငါ ငါက ဘုန်းကြီးဝတ်တော့ ပြုံးရီကလေးက"

တိုင်းကျော်မှ အားတက်သရောနှင့်၊

"ဒီလိုကွ ပြုံးရွှင်ရ၊ ငါတို့ရပ်ကွက်နားက တောစိရာမဆိုတဲ့ ဘုန်းကြီးကျောင်းရှိတယ်"

"အင်း"

"အဲဒီရဲ့ မလှမ်းမကမ်းမှာတင် သီလရှင်ကျောင်းလည်း ရှိတာကွ"

"သူ့ဘာသာသူရှိတော့ ဘာဖြစ်တုန်း"

"ဟကောင်ရ မင်းဘုန်းကြီးဝတ်တုန်း မင်းသမီးလေးပြုံးရီကိုလည်း သီလရှင်ဝတ်ပေးထားနှင့်ပေါ့ကွ"

"ဟာကွာ သူ သူက နေပါ့မလား"

တိုင်းကျော်က ပြုံးရွှင်၏ပေါင်ကိုပုတ်ပြီး၊

"ပြုံးရွှင်ရာ သူလည်းသက်န်းနိုင်တဲ့အရွယ် ဖြစ်နေပါပြီ၊ နောက်ပြီး ကျောင်းချင်းက အနီးလေးဟာကို သူမနေနိုင်တော့လည်း မင်းဆီလာတွေ့လို့ရတာပဲ၊ နောက်ပြီး သာသနာ့ဘောင်ဆိုတာ တို့ဇာတ်သမားများလိုမဟုတ်ဘူးလေ၊ ကိုယ်ချင်းစာစိတ်နဲ့ တရားအမြဲတမ်းရှိတာပဲ၊ ကြာရင် သူ့ဘာသာသူ တရားနဲ့ဖြေတတ်သွားမှာပါကွာ"





ပြုံးရွှင် စဉ်းစားလိုက်သည်။

"အဲဒီနည်းက အကောင်းဆုံးပဲပြုံးရွှင်၊ သူလည်း သူ့ဘာသာသူနေတတ်သွားရင် မင်းအလုပ်လုပ်တဲ့အခါလည်း အဆင်ပြေသွားတာပေါ့၊ ဟုတ်ဘူးလား၊ ဇာတ်ကချင်က၊ ရုပ်ရှင်ရိုက်ချင်လည်းရိုက်"

ပြုံးရွှင် မရိုးမရွဖြစ်သွားသည်။ သူက ဇာတ်အလွန်ကချင်သူကိုး။ ထို့ကြောင့် ပြုံးရွှင် ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာတော့ မဆိုးဘူးထင်တယ်ကွ၊ ဒါပေမဲ့"

ပြုံးရွှင် စကားပင်မဆုံးလိုက် တိုင်းကျော်က၊

"ဘာမှမပူနဲ့ ပရိက္ခရာရှစ်ပါး ငါတို့တာဝန်ယူမယ်"

ဤသို့ဖြင့်. . .

xxxx



www.burmeseclassic.com

www.burmeseclassic.com





တရားသံများ ဝေစီနေသော ကျောင်းတော်တွင် ဖခင်ရော သမီးပါ ဆံချနေလေသည်။ ကြွရောက်ကြသည့် ပရိသတ်က များများ မရှိ။ ဇာတ်အဖွဲ့သားပင် စုံအောင်မတက်နိုင်ရှာ။ လော်စပီကာသံ လည်း မကြားရ။ အလှူပွဲလည်း မရှိခဲ့ပေ။

ကျလာသော ဆံနွယ်စများကို တိုင်းကျော်နှင့် သီဟိုက တဘက်တစ်ဖက်စီဖြင့် ခံပေးပါသည်။ အခိုင်အမာဒကာဆိုလို့ ထိုနှစ် ဦးသာ။

ပြုံးမွှင်၏မျက်ဝန်းထဲ အလိုလိုမျက်ရည်များ ဝေ့သီလာ သည်။ ဇနီးဖြစ်သူ ခင်မြရီကိုလည်း လွန်စွာတမ်းတမိတော့သည်။ ခင်မြရီသာရှိလျှင် ဝမ်းသာလိုက်မည့်ဖြစ်ခြင်း။ ခင်မြရီက သူတို့ဇာတ်





“အို သမီးငယ်လေး ဦးခေါင်းက လှလိုက်တာ၊ ပညာရှိတို့ဦးခေါင်း၊ ပညာတတ်တို့၏ ဦးခေါင်းပါပေ”

ပွဲနားတိုင်း သူ့ကို ဘုန်းကြီးဝတ်ရန် တိုက်တွန်းတတ်ပါသည်။ သို့သော် အခွင့်အခါက မသင့်။ ကိုယ်တိုင်က လည်း သာသနာ့ဘောင်ထဲ နေနိုင် မည်မထင်၍ မဝတ်ဖြစ်ခဲ့ခြင်းသာ။

ယခုတော့၊

“ကဲ ခေါင်းဆေးလို့ရပါပြီ”

ခေါင်းရိတ်ပေးသော ဦးပဥ္စင်း စကား။

“ပြုံးရွှင်ရဲ့ မင်းက ခေါင်းတုံး နဲ့ပိုလိုက်သကွ”

သီဟိုကဆိုသည်။ အားလုံးက ပျော်ပျော်ရွှင်ရွှင်။

“လာ သမီး သမီးကို ဖေကြီး ပဲ ခေါင်းဆေးပေးမယ်”

သမီးငယ်ကို လက်ဆွဲ၍ သမီးငယ်၏ ပြောင်နေသောခေါင်း ကို ရေဆေးပေးလိုက်သည်။

“အို သမီးငယ်လေး ဦးခေါင်း က လှလိုက်တာ၊ ပညာရှိတို့ ဦးခေါင်း၊ ပညာတတ်တို့၏ ဦးခေါင်းပါပေ”

ပြုံးရွှင် သမီးငယ်ကို ခေါင်းတုံး လေးနှင့် မြင်လိုက်ရ၍ ကြည်နူးနေမိ သည်။

“ကဲ ခေါင်းဆေးပြီးရင် ဆက်နှီး



www.burmeseclassic.com

www.burmeseclassic.com



တောင်းရအောင်”

ထိုမှစ၍ ပြုံးရွှင်နှင့်ပြုံးရီ၏ အဖေနှင့်သမီး လမ်းစခွဲရလေပြီ။

ပြုံးရွှင်က ပြုံးရီကိုကြည့်သည်။ ပြုံးရီက ပြုံးရွှင်ကို လုံးဝ လှည့်မကြည့်တော့။

“သမီး သမီးလေးရယ်”

ထိုစကားမှာ နောက်ဆုံးရေရွတ်မိသော စကားဟု မထင်ခဲ့။

××××





“နုနုနယ်နယ် ပန်းဝတ်နွယ်သို့
ဘုန်းဝါတောက်လည် နန်းပွင့်ရည်မှ
မြိုင်စည်သာမော သာဦးတောသို့
လွန်မြောက်သော်လည်း မပျော်များစွာ
ရှိလှပါသည်။ တွယ်တာခြင်းသာ ဆောင်ရာတည်း။

××××



www.burmeseclassic.com

www.burmeseclassic.com





ဦးဇင်းပြုံးရွှင်(ဦးပဏ္ဍိတ) သမီးဖြစ်သူ ပြုံးရီ (ဆရာလေး ပုညမိရာ)ကို သိပ်မမြင်တွေ့ရတော့။

ရဟန်းပြုစဉ် အစပိုင်း တစ်ရက်နှစ်ရက်သာ ဆရာလေးမှာ လာရောက်ဖူးမျှော်သေးသည်။ နောက်ပိုင်းရက်များတွင်တော့ ဦးဇင်းဆီ ရောက်ပေါက်ခြင်းပင် မရှိတော့။

ဦးဇင်းမှာ ဆရာလေးအတွက် သံယောဇဉ်ဖြတ်နိုင်ခြင်းကို ဝမ်းသာရပါသည်။ သို့သော် ပုထုဇဉ်စိတ်မကုန်သော ဦးဇင်းအဖို့သာ။

ကြာတော့လည်း သန့်စင်သော သင်္ကန်းပင် ယားယံသလို ခံစားလာရသည်။ သူ၏စိတ်များ တရားထဲမှာမှ မနှစ်နိုင်သေးတာကို။

ထို့ကြောင့်. . .

××××





ဦးဇင်းလူထွက်မို့ ဦးခေါင်းကို လူမမြင်အောင် တဘက်ကြီး တစ်ခုပေါင်းထား၍ ဆရာလေးတို့ကျောင်းရှေ့ ဆောင့်ကြောင့်ထိုင် စောင့်နေမိသည်။

ကျောင်းထဲကလည်း တစ်ယောက်မှ ထွက်မလာသေး။

ကျောင်းပေါ်ကလည်း မဖိတ်ခေါ်ဘဲ မတက်ရဲမို့ ကျောင်းခြေရင်းအုတ်ခုံမှာပင် ဆောင့်ကြောင့်ထိုင်စောင့်နေမိသည်။

သူကတော့ လူထွက်ပြီးပြီ။ သမီးငယ်ကို လူထွက်ခိုင်း၍ သူချစ်သော ဇာတ်ပွဲများဆီသို့ ပြန်ခေါ်သွားရန်သာ။

ဤမျှလောက် ခွဲနေနိုင်လျှင် သူလည်း လွတ်လွတ်လပ်လပ် ဇာတ်က၍ရမည်။ သမီးငယ်ကိုလည်း စိတ်ချလက်ချ ဇာတ်ထဲထား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေပြီပဲ။ ဘာလိုအပ်တော့မည်နည်း။ ထမင်းတစ်နပ်အတွက် ဘယ်တော့မှ ငတ်တော့မည်မဟုတ်။

ကံကောင်းလျှင် ရုပ်ရှင်ပင် ပြန်ရိုက်ရ၍ အိုးပိုင်အိမ်ပိုင်ပင် နေရပေဦးတော့မည်။

ပြုံးရွှင် ကိုယ့်အတွေးနှင့်ကိုယ် ပျော်နေမိသည်။

“ငါ့သမီးရုပ်နဲ့ဆို အနည်းဆုံး ဇာတ်ထဲမှာ ပြဇာတ်မင်းသမီးတော့ရမှာပဲ၊ သမီး ပြဇာတ်မင်းသမီး၊ အဖေ လူရွှင်တော်ဆို စားတောင် ကုန်နိုင်မယ် မထင်ဘူး၊ ကျောက်ခဲတို့လို မောင်ဗမာ စက်ဘီးတောင် ဝယ်စီးနိုင်မှာ”

ပြုံးရွှင် သူ့အတွေးနှင့်သူ ကြည်နူးနေမိသည်။ သူ့မျှော်လင့်ချက်က ကြီးမားပါသည်။ နပ်မှန်အောင် ထမင်းစားနိုင်ရန်သာ အဓိက။ ငွေပိုငွေလျှံရှိမှ ကျန်သည့်အရာ။

“ဒကာကြီး ဘယ်သူ့ကိုစောင့်နေတာပါလိမ့်”

အသံကြား၍ လန့်သွားမိသေးသည်။ ကြည့်လိုက်တော့ သူ မသိသော ဆရာလေးတစ်ပါး။ နောက်မှ သတိရပြီး၊

“ဟို ဟိုလေ
ဆရာလေးလည်း
လူထွက်ပြီး
ဒကာကြီးနဲ့အတူ
ဇာတ်ပွဲထဲ
ပြန်သွားကြမယ်လေ၊
ဇာတ်ပြန်ကကြမယ်”





“ဟုတ်ကဲ့၊ ဟိုလေ သမီးလေးပြုံးရီ၊ ဪ ဆရာလေး ပုညမီရာကို စောင့်နေတာပါခင်ဗျ”

ဆရာလေးက ပြုံးရွှင်ကိုကြည့်ပြီး

“ဪ ဒါဖြင့် ခဏစောင့်ပါ။ တရားထိုင်ချိန်မို့ပါ။ ပြီးရင် လွှတ်လိုက်ပါ့မယ်”

“ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ သူ့အဖေစောင့်နေတာလို့ ပြောပေးပါ”

ဆရာလေးက ဘာမှပြန်အဖြေမပေးဘဲ ကျောင်းထဲပြန်ဝင်သွားသည်။

ဟိုကြည့်ဒီကြည့်နှင့် ဘယ်မှသွားချင်စိတ်မရှိ၍ ကျောင်းရှေ့သာ ဆောင့်ကြောင့်ပြန်ထိုင်နေသည်။

သူ့ကိုသိသော ဖြတ်သွားဖြတ် လာလူများက

“ကိုပြုံးရွှင်ကြီး သီလရှင်ကျောင်းရှေ့ ငုတ်တုတ်ထိုင်ပြီး ပြက်လုံး ထုတ်နေတာလား”

“ဟယ် ဟုတ်ရပေါင်ကွယ်၊ သမီးလေးစောင့်ရင်း ညောင်းလို့ ငုတ်တုတ်ထိုင်တာ၊ ပြက်လုံးထုတ်သလိုများ ဖြစ်နေလို့လား”

“ဒါနဲ့ ကိုပြုံးရွှင်ကြီး ဘယ်တော့ ဇာတ်ပြန်ကမှာလဲ၊ ကျွန်မတို့ ရယ်ချင်လို့”

ပြုံးရွှင် အားတက်သွားသည်။ သူ့ကို ကြည့်ချင်သော ပရိသတ်များ ရှိသေးနှင့်သည်ကိုး။

“ပြန်လာမှာပေါ့ဟဲ့၊ အခုတင် သမီးလေးကိုလက်ဆွဲပြီး ဇာတ်ရုံပြေးမှာ”

“ဒါဖြင့် ကျွန်မတို့ ရယ်ရချည်သေးရဲ့”

ပြုံးရွှင် ဝမ်းသာနေသည်။ သူ ချစ်သောသမီး သူချစ်သော ဇာတ်သဘင်နှင့် မခွဲမခွာပြန်နေရတော့မှာကိုး။ ထို့ကြောင့် နေမထိထိုင်မသာပင် ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး"

"ဗျာ အဲ ခင်ဗျ"

ခေါ်သံကြား၍ မော့ကြည့်လိုက်တော့ သီလရှင်ဝတ်ကလေးနှင့် လှေကားပေါ်တွင် သူ့ကိုမိုးကြည့်နေသော သမီးငယ်။

"သ သမီး အဲ ဆရာလေး"

အို ကျက်သရေရှိလိုက်တာ။ ဦးပြည်းပြောင်ပြောင်၊ ပန်းရောင် သီလရှင်ဝတ်စုံကလေးနှင့် သမီးကလေးမှာ ရှုမငြီး။ မျက်နှာကလေးက အေးမြတည်ငြိမ်လို့။

"ဘယ်တုန်းက လူထွက်လိုက်တာလဲ ဒကာကြီး"

"ခု ခုမနက်တင်ပါ ဆရာလေး"

လူထွက်လိုက်ခြင်းအပေါ် ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်မိသေးသည်။ နောက်မှ အားတင်းပြီး၊

"အဲ အဲဒါ ဆရာလေးကိုလည်း လာခေါ်တာပါ"

"ဘာကိစ္စများလဲ ဒကာကြီး"

"ဟို ဟိုလေ ဆရာလေးလည်း လူထွက်ပြီး ဒကာကြီးနဲ့ အတူ ဇာတ်ပွဲထဲပြန်သွားကြမယ်လေ၊ ဇာတ်



ဖခင်၏ရင်ခွင်ထဲ၌ပင်
တစ်ပါးသူရိုက်နှက်ခြင်း
ခံခဲ့ရသော သမီးငယ်။
ဖခင်၏ရင်ခွင်ထဲ၌ပင်
မတူမတန်စကားများနှင့်
အကြိမ်ပေါင်းများစွာ
မောင်းထုတ်ခံရခြင်းကို



ပြန်ကကြမယ်"

ဆရာလေး မျက်လွှာချသည်။ နောက်မှ အသံတိုးတိုးနှင့်

"မလိုက်တော့ပါဘူး ဒကာကြီးရယ်"

"ဗျာ ဗျာ ဘယ်လို"

ပြုံးရွှင်၏ မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားသည်။ သူ့ကို တစ်သက်လုံးမခွဲနိုင်ခဲ့သော သမီးငယ်။ သူ့မျက်စိအောက်မှ ဖခင်ကြီးပျောက်သည်နှင့် တက်မတတ်ငိုတတ်သော သမီးငယ်။ သူ့လက်ပေါ်မှာတင် အသက်အရွယ်ရခဲ့သော သူ့ဇာတ်သဘင်ထက် အနုပညာထက် ပိုချစ်ရပါသော သမီးငယ်။

ယခုတော့ သူ့အားငြင်းဆန်ပေပြီ။

" ဘုရားရဲ့တရားတော်ကသာ ဆရာလေးကို ကာကွယ်ပေးနိုင်မှာပါ"

"ဆရာလေး ဆရာလေးရယ်"

ပြုံးရွှင် ခေါင်းငိုက်စိုက်ကျသွား၏။

ဖခင်၏ရင်ခွင်ထဲ၌ပင် တစ်ပါးသူရိုက်နှက်ခြင်း ခံခဲ့ရသော သမီးငယ်။ ဖခင်၏ရင်ခွင်ထဲ၌ပင် မတူမတန်စကားများနှင့် အကြိမ်ပေါင်းများစွာ မောင်းထုတ်ခံရခြင်းကို ကြိမ်ဖန်များစွာ နားရည်ဝခဲ့သော သမီးငယ်။

လူမှန်း မသိကတည်းက လောကဓံတရားကို အရွယ်နှင့်မမျှ ခံစားခဲ့ရသော သမီးငယ်။ ငတ်မွတ်ခြင်းများစွာကို မျက်နှာငယ်နှင့် ခံစားရသောသမီးငယ်။

ယခုတော့ သူတတ်သမျှ စကားဖြင့် ချေပပေပြီ။

"သမီးလေးရယ်"

ပြုံးရွှင် ဒူးတို့ ညွတ်ခွေကျသွားသည်။ အကြီးမားဆုံး ဆုံးရှုံးမှုက သူ့ရင်ဖွင့်အောင် ကန်လွှတ်ပေပြီ။ အလိုလိုနေရင်း ပါးပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များ စီးကျလာ၏။

"သွားတော့ ဒကာကြီး၊ တစ်ယောက်တည်း သံသရာခရီးကို လျှောက်လှမ်းပါတော့၊ ဆရာလေးအတွက် စိတ်ချပါ၊ တရားတော်က ဆရာလေးကို ကာကွယ်မှာပါ"

"သမီးလေး သမီးလေးရယ်"

ပြုံးရွှင်မျက်လုံးထဲ မျက်ရည်များနှင့်မို့ သဲကွဲစွာမမြင်ရ။ သို့သော် ဆရာလေး သူ့ကို တည်ငြိမ်စွာကျောခိုင်းသွားသည်ကိုတော့ မြင်လိုက်ရသည်။

ကျောင်းရှေ့မှာ မျက်ရည်များနှင့် တစ်ယောက်တည်း။

ဘယ်သူ့မှလည်း ဖေးကူမည့်သူမရှိ။

မျက်ရည်များကလည်း သူ့ကို အထောက်အကူမပြုနိုင်။ သို့သော် အချိန်ကြာမြင့်စွာ သည်းထန်စွာငိုကျွေးနေမိသည်။

လောကတွင် ကောင်းတာများသာလုပ်ပါလျက်နှင့် ဆုံးရှုံးမှုများသာ သူ့ဆီပုံကျခဲ့လေပြီ။

မည်သူ့ကို အပြစ်တင်ရမည်မသိ။

ကိုယ့်ကိုယ်ကိုလည်း အပြစ်ရှာမရ။

အတန်ကြာမှ သူ မတ်တပ်ထရပ်လိုက်သည်။

သမီးငယ်ရှိရာ ကျောင်းတော်ကို နောက်ဆုံးအနေနှင့် လှည့်ပြန်ငဲ့ကြည့်လိုက်သည်။

မိတ်ဆွေ၊

ဤမြင်ကွင်းအား ရိုးအီသွားပေပြီလား။

လောက၌ ဤသို့မြင်ကွင်းမျိုး မြောက်မြားစွာရှိပါသည်။

မိမိ၏ချစ်သူခင်သူကို ဆုံးရှုံးရချိန်သည် မည်သည့်နေရာ ဒေသတွင်မဆို တစ်ဦးနှင့်တစ်ဦး ခံစားမှုအတူတူပင်။

ထိုသူအား လှည့်ပြန်ကြည့်ပါ။





အသည်းနှလုံး ပြုတ်ကျတော့မတတ် လေးလံနေသည်ကို ခံစားရပါမည်။ လည်ချောင်းထဲ၌လည်း တစ်ဆို့ဆို့ကြီး ဖြစ်နေခြင်းကိုလည်း ခံစားရပေမည်။

အဆိုးဆုံးက၊

အမှန်ကိုပြုပါလျက် မိမိချစ်သူခင်သူက အမှားပါဟု ဝန်ခံစေခြင်းပင်။

လူသည် မိမိအလုပ်ပေါ် သစ္စာရှိခြင်း သတ္တိရှိခြင်းက တန်ဖိုးရှိပါသလား။ ဒါမှမဟုတ်။

လူမိုက်နည်းဖြင့် မိုက်ရူးရဲဆန်ခြင်းက တန်ဖိုးရှိပါသလား။

ယခုအချိန်ထိ ခွဲခြားနိုင်သူ ရှားပါးနေသေးသည်ဟု ထင်မိပါသည်။

အို မိတ်ဆွေ

လူရွှင်တော်၏ အပြန်လမ်းဖြစ်ပါသည်။

သူ့တွင် လွယ်အိတ်တစ်လုံး ပါရှိပါသည်။

ထိုလွယ်အိတ်ထဲတွင် သူချစ်ခင်ကိုးကွယ်သော တောင်ရှည်ပုဆိုးတစ်ထည် ပါရှိပါသည်။

ယောင်ယောင်ကမ်းကမ်းနှင့် ဘေးနားစမ်းသေး၏။

ယခင် သူ့လက်ထဲပါလာနေကျ လက်သေးသေးလေးတစ်ခု ပါမလာတော့။

လူရွှင်တော် အသက်ပြင်းပြင်းရှူလိုက်သည်။

ပြီးနောက် ခွန်းထောက်တစ်ပုဒ်ကို ပီသကြည်မြစွာ ဟစ်ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစစအဆင်ပြေကြပါစေရဲ့တဲ့
ဘဝ ဘဝပေါင်းအသချေ်တို့မှာ
ဘဝင်ပြေအောင်တေးပဏာ ကျွန်တော်သလိုက်ပါရဲ့
အလှကန့်လန့်ကာ ဘဝကန့်လန့်ကာကို
ဒီမှာဖွင့်ကြပါစို့ရဲ့လေး. . .
အလှကန့်လန့်ကာ၊ ဘဝကန့်လန့်ကာကို
ဖွင့်ကြပါစို့ရဲ့လေး. . . လေး. . .

လေးစားစွာကြိုးစားလျက်
အကြည်တော်

စာဖတ်သူများခင်ဗျား. . .
လူရှင်တော်တစ်ယောက်ရဲ့ဘဝ ဒီမှာမပြီးဆုံးသေးပါဘူး။
ကျွန်တော် ဆက်ရေးချင်ပါသေးတယ်။
ဒါပေမယ့်
စာအုပ်ကြီးထူပြီး ရင်ဘတ်ပေါ်တင်ထားရင်တောင် ရင်လေးနေရတဲ့ဘဝမျိုး ဖြစ်မှာစိုး၍ ဒီမှာတစ်ခန်းရပ်ပါတယ်။
အကယ်၍ ဒုတိယပိုင်းကို ဆက်ဖတ်ချင်တယ်ဆိုရင်ဖြင့်
ကျွန်တော့်ဆီ အကြောင်းကြားပေးကြပါ။
ကျွန်တော် ကြိုးစားပါ့မယ်။
ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။



www.burmeseclassic.com